# တစ်ပွင့်ကျန်



myanmar tea shop
www.mmteashop.com

# တစ်ပွင့်ကျန်

လင်္ကာရည်ကျော်

Scan & PDF
ရေဘဲ

# စာရေးသူ၏ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ပါမောက္ခရဲမြင့်ကျော် ဖြစ်သည်။ ၁၉၆၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မ တဲကြီးကုန်းကျေးရွာတွင် ဖွားမြင်ပြီး အဘဦးတင်ညွှန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသား ဖြစ်သည်။ အ·ထ·က – ၁ လမ်းမတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်–၂ ဒေသ ကောလိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဆေးတက္ကသိုလ် ၁ ရန်ကုန်တို့တွင် ပညာ ဆည်းပူးခဲ့သည်။ စစ်မှု သုံးနှစ်ထမ်းဆောင်ဖူးပြီး ယူကေနိုင်ငံတွင် နှစ်နှစ် ပညာတော်သင် နေထိုင်ခဲ့ဖူးသည်။ ပုံနှိပ်ထုတ်ဝေ ရေးအတတ်ပညာ ဒီပလိုမာ ရရှိခဲ့ဖူးပြီး ဆေးပညာဆိုင်ရာဘွဲ့နှင့် ဒီပလိုမာ ရှစ်ခု ရရှိဖူးသည်။

# ဂျူး၏မုဒိတာစကား

**'တစ်ပွင့်ကျန်'** တဲ့။

ခေါင်းစီးကို မြင်လိုက်ရုံနှင့် အလွမ်းနောက်ခံ ဝတ္ထုဖြစ်လေမလားဟု တွေးကြည့်မိသည်။ နာမည်လေးက လွမ်းစရာ။ တကယ်ဖတ်ကြည့်တော့လည်း လွမ်းစရာပါ။ **'လက်ကျန်တစ်ပွင့်'** ဆိုသည့် ဆရာတင်မိုး၏ ကဗျာတစ်ပုဒ်ကို ကျွန်မလည်း နှစ်သက် စွဲလမ်းခဲ့ပါသည်။ **မခူးအား၍ ဆူးကြား ကျန်ရစ်ခဲ့သလားတဲ့**။ ဆရာတင်မိုး၏ ကျန်ရစ်သည့်တစ်ပွင့်က ခူးသူက ချန်ရစ်လို့ အပင်မှာ ကျန်ခဲ့သည့် ပန်းပွင့်လေး ဖြစ်သည်။ ဆရာလက်ာရည်ကျော်၏ပန်းပွင့်လေးက စမ်းရေထဲမှာ စီးဆင်းမျောပါနေသည့် ပန်းပွင့်လေးများထဲမှ ဆယ်ယူသူ မမြင်ခဲ့လိုက်လို့ ကျန်ရစ်ခဲ့သည့် ပန်းလေးဖြစ်သည်။

ပန်းကလေးတွေ စမ်းချောင်းရေစီးထဲမှာ မျောပါနေသည့် မြင်ကွင်းကို ကျွန်မ မြင်ဖူးပါသည်။ ထိုမြင်ကွင်းမျိုးကို ကျွန်မတို့

http://mmteashop.com
May 24, 2013



မိန်းကလေးတွေက ယောကျ်ားလေးတွေထက် ပိုပြီးမြင်တတ်မည်ဟု ထင်သည်။ ရေစီးထဲမှာ တလိမ့်လိမ့် ဝေ့ကာဝဲကာ မျောပါနေသည့် ပွင့်ကြွေလေးတွေကို ရေထဲကနေ ဆယ်ယူဖို့ဆိုတာ မိန်းကလေးတိုင်းမှာ တောင် အတွေးပေါ်ဖို့ ခဲယဉ်းမည်။ သူတို့ ယောကျ်ားလေးတွေဆို ပိုလို့တောင်ဝေးဦးမည်ဟု ထင်ပါသည်။ သို့သော် အခုဝတ္ထုထဲတွင် အဓိက ဇာတ်ကောင် သိုက်ထွေးက ဆယ်ကျော်သက် လူငယ်လေးဘဝမှာ ပန်းကလေးတွေကို ချောင်းရေထဲကနေ ဆယ်ယူပြီး မိခင်ကို သွားပေး တတ်သည်။ မိခင်က တစ်ခါတစ်ရံ သိပ်စိတ်ဝင်စားဟန်မပြဘဲ 'အေး အေး ထားခဲ့'ဟု မထူးခြားသလို ပြောသည့်အခါမျိုးတွင် ပန်းကလေးတွေ ကို ချောင်းရေထဲ ပြန်မျှောပေးလိုက်သည်။ တော်တော်သိမ်မွေ့ပြီး ခံစားတတ်သည့် ကောင်ကလေးပါလား။ ပန်းပွင့်ကြွေများအပေါ် ကောင်လေး တစ်ယောက်က အလေးအနက်ထားသည့်အဖြစ်မျိုးမို့ ကျွန်မ အံ့သြရပါသည်။

စမ်းရေစီးထဲ တလိမ့်လိမ့် မျောပါနေသည့်ပန်းလေးတွေကို ကျွန်မရော ဘယ်အချိန်ကစပြီး အလေးအနက်ထား ချစ်မိသွားခဲ့ပါလိမ့်။ ပြန်တွေးကြည့်တော့ မရေမရာ။ တော်တော်တော့ ငယ်သေးသည့်အရွယ် ပဲဟု မှတ်မိသည်။ တက္ကသိုလ်ဘုန်းနိုင်၏ **'နွေကန္တာဦး'** ဝတ္ထုထဲက နုနုငယ်က ကျွန်မကို ပိုပြီး စိတ်ကူးယဉ်စေသလားမသိ။ စိတ်ရောဂါသည် မလေး နုနုငယ်က နှင်းငွေကို မချစ်ရဲ။ ချစ်ရမှာ ကြောက်သည်။ နှင်းငွေ ကို ချစ်ရသည့် ဒုက္ခဆင်းရဲကို မခံစားချင်။ နှင်းငွေကိုလည်း မိမိအား မချစ်စေချင်။ မတွယ်တာစေချင်။ မိမိကြောင့် ဒုက္ခဆင်းရဲကို မခံစား စေချင်။ ထို့ကြောင့် နှင်းငွေကို မိမိဘဝထဲ မဝင်လာစေချင်စိတ်ဖြင့်

စံပယ်ပန်းကလေးတွေကို ရေထဲမှာ မျှောလွှတ်သည်။ နှင်းငွေက နုငယ် ဘာဖြစ်လို့ ပန်းတွေကို ရေမှာမျှောတာလဲဟု မေးသည့်အခါ အဲဒါ စံပယ်ပန်းတွေကို မျှောတာမဟုတ်ဘူး။ 'ကိုယ့်'ကို မျှောပစ်နေတာ ဟု ဖြေလေသည်။ နုငယ်က နှင်းငွေကို နှင်းငွေ၏သူ့ကိုယ်သူ အသုံး အနှုန်းအတိုင်း 'ကိုယ်' ဟုသာ ခေါ်လေသည်။

**'မဆင်သာသည် ယင်းမာ၊ ခေါင်ရန်း၊ ဇလပ်ဖြူငယ် တောင်သူ ပန်းကို နွမ်းလို့ ပစ်ရချေတော့မယ်'** ထိုအိုင်ချင်းလေးကို တိုးတိုးဖွဖွ ရွတ်ဆိုလျက် 'ကိုယ့်'ကိုယ်စား ပန်းပွင့်လေးတွေကို ရေထဲသို့ ရက်ရက် ရောရော မျှောလွှတ်ပေးနေရသည့် ခံစားမှုကို ထိုအချိန်ကတည်းက ကျွန်မ နားလည်နိုင်သလိုလိုပါပဲ။ နုငယ် ရေမှာ မျှောလိုက်သော လက်ပံပွင့် နီနီများနှင့် စပယ်ဖြူဖြူများနှင့် အတူပင် **'ရေပန်းမြစ်ဆိပ် ပွင့်မျှောရိပ်'** ဆိုသည့် နတ်သျှင်နောင်၏ စကားလုံးတွေကိုလည်း ဆရာ့ကျေးဇူးကြောင့် သိရှိခံစားပြီး စွဲလမ်းနေတော့သည်။

ပန်းပွင့်လေးတွေ ပွင့်ချပ်လေးတွေ မျောပါလာသည့် စမ်းချောင်း သည် ဟိုဘက် သည်ဘက် တောတန်းသစ်ပင်အုပ်လေးတွေကြားမှာမို့ သစ်ရွက်သစ်ခက် အရိပ်တို့အောက်မှာ အေးချမ်းတိတ်ဆိတ်နေခဲ့မည်။ ပန်းလေးက မွှေးပျံ့သည့် ပန်းအမျိုးအစား ဖြစ်လျှင် ပွင့်မျောရိပ်သည် ရေရနံ့နှင့် ပန်းရနံ့ရောလျက် မွှေးမြမြ အေးချမ်းနေလိမ့်မည်။

ဆရာလင်္ကာရည်ကျော်သည်လည်း တက္ကသိုလ်ဘုန်းနိုင်ကို ငယ်စဉ်ကတည်းက အသဲစွဲ နှစ်သက်ခဲ့သူဟု သိရဖူးသည်။ ဆယ်ကျော် သက်အရွယ်တွင် ပန်းကလေးတွေကို ရေထဲကနေ ဆယ်ယူသည့် စိတ်ထား နူးညံ့သည့် ဇာတ်ကောင်လေးတစ်ယောက်ကို မွေးဖွားပေးလိုက်ချင်အောင်

http://mmteashop.com
May 24, 2013



နှင်းငွေနှင့်နုနုငယ်က သူ့နှလုံးသားထဲသို့ ဘယ်လောက်တောင် စိမ့်ဝင်နေခဲ့မလဲ မသိနိုင်ပါ။

**'တစ်ပွင့်ကျန်'** ၏ ဇာတ်ကောင်တို့သည် တည်ကြည်လေးနက်သည်။ ကိုယ်ကျင့်သီလကို ထိန်းသိမ်းသည်။ လူဆိုးဗီလိန်ဟူ၍ မပါ။ ချစ်သူချင်း ဝေးကြရသည်ဆိုလျှင် ကြားထဲက လူဆိုးက ဖျက်လို့မဟုတ်ဘဲ ဝေးသင့်သည်ထင်လို့ ခွဲကြရတာမျိုး သို့မဟုတ် ကံကြမ္မာကြောင့် လွဲကြရတာမျိုး ဖြစ်သည်။

အခုဝတ္ထု၏ စိတ်ဝင်စားဖွယ်ကောင်းသည့် အချက်မှာ ကျန်ရစ်ခဲ့သော ပန်းပွင့်လေးအကြောင်း ဖွဲ့နွဲ့ရေးသားတာ ဖြစ်သော်လည်း ပန်းပွင့်လေးနေရာမှာ နေပြီး ခံစားသည့်ဝတ္ထု မဟုတ်ဘဲ ပန်းပွင့်လေးကို မဆွတ်ယူလိုက်မိသည့် လူ၏နေရာမှ ခံစားပြီး သရုပ်ဖော်ရေးဖွဲ့ထားခြင်းကြောင့် ဖြစ်သည်။ ဇာတ်ကြောင်းပြောသူ အဓိကဇာတ်ကောင်သိုက်ထွေးကို 'သူ'ဟု တတိယပုဂ္ဂိုလ် (Third Person) အဖြစ် သုံးနှုန်း ရေးသားပေမဲ့ သူ့ဘက်မှ အမြင်ကိုသာ တစ်သမတ်တည်း ဖော်ပြသဖြင့် ပထမပုဂ္ဂိုလ် (First Person) အရေးအဖွဲ့မျိုး ဖြစ်သည်။ သူမှတစ်ဆင့်သာ တခြားဇာတ်ကောင်တွေ၊ အဖြစ်အပျက်တွေကို စာဖတ်သူက သိခွင့်ရသည်။ သူမှတစ်ဆင့် အဓိကဇာတ်ကောင်မိန်းကလေး ခရေခက်ကို သိခွင့်ရသည်။ သူ့မျက်လုံးထဲမှ တစ်ဆင့် ကျွန်မတို့ မြင်ခွင့်ရသည့် ခရေခက်သည် ချစ်စဖွယ်၊ ထို့ပြင် လေးစားထိုက်ဖွယ် ကျောင်းဆရာမလေး ဖြစ်သည်။ ခရေခက်၏အချစ်သည် ကျွန်မတို့ ကြားဖူး၊ ဖတ်ဖူးနေကျ သမားရိုးကျအချစ်မျိုးမဟုတ်။ သူ့အချစ်အမျိုးအစားကို တံဆိပ်ကပ်နိုင်ဖို့ ခက်ခဲပါလိမ့်မည်။ ထို့ပြင် 'ခရေခက်'ကို ကျွန်မတို့ နားလည်ချင်သလောက်

http://mmteashop.com
May 24, 2013



နားလည်ခွင့်မရ။ အကြောင်းမှာ ဆရာလက်ာရည်ကျော်၏ 'တစ်ပွင့်ကျန်' သည် ဆေးရည်ကျဲကျဲ၊ စုတ်ချက်ပါးပါးနှင့် ခပ်သွက်သွက်လေးသာ တို့ထိထားသော ရေဆေးပန်းချီကားတစ်ချပ်နှင့် ပမာတူသည်။ အသေးစိတ်တွေကို မဖော်ပြ။ စာတ်ကွက်တစ်ခုချင်း၏ စီးဆင်းမှုက တော်တော်မြန်နေသည်။ ဒါကြောင့် ကျွန်မတို့ မမြင်နိုင်။ မှန်းဆပြီးသာ ကြည့်ရပါသည်။

သို့သော် အတိတ်နှင့် ပစ္စုပ္ပန်ကို တစ်လှည့်စီ ရောယှက်ရေးဖွဲ့ထားသည့် ထိုဝတ္ထုတွင် ခေတ်ပေါ်ဆေးပညာကို တစ်စိတ်တစ်ပိုင်းမြင်ခွင့်ရသည်။ မေတ္တာ၊ ကရုဏာကို တွေ့ရသည်။ လူသားချင်း စာနာထောက်ထားမှုနှင့် ကောင်းမှုကုသိုလ်ကို တွေ့ရ သည်။ တပည့်အပေါ် စေတနာထားသောဆရာနှင့် ဆရာကို လေးစားကိုးကွယ်သော တပည့်တို့၏ အပြန်အလှန် ချစ်ခြင်းကို အရိပ်အမြွက်မျှ တွေ့ရသည်။ ထို့ထက်ပိုသည်က ဤလောကတွင် ရှိလိမ့်မည်ဟု ကျွန်မ ယုံကြည်ခဲ့ဖူးသော ယောကျ်ားလေးနှင့် မိန်းကလေးကြားက လေးနက်သည့် နှောင်ဖွဲ့မှုတစ်မျိုးကို တွေ့ရခြင်းပင် ဖြစ်ပါသည်။ အမျိုးအမည် သတ်မှတ်ရခက်တဲ့ ဆက်နွယ်မှုတစ်ခု (a kind of relationship difficult to be identified) ဟု ဆရာလက်ာရည်ကျော်က သိုက်ထွေး၏စကားအဖြစ် ဖော်ပြသည်။ ထိုစကားနှင့် ထိုခံစားချက်ကြောင့် စာဖတ်သူတစ်ယောက်အနေနှင့် ကိုယ့်အတွေးကို မျှဝေခံစားထားသော စာရေးဆရာကို တွေ့လိုက်ရသလို လှိုက်လှဲသည့် ကျေနပ်မှု ခံစားရသည်။

ထို့ကြောင့်ပင် လွမ်းမောဖွယ်ဝတ္ထု ဖြစ်သော်လည်း ဖတ်ပြီးသည့်အခါ ရင်ထဲမှာ လှိုက်ဟာသွားရမည့်အစား ရောင့်ရဲကျေနပ်သွားခဲ့၏။

Scan & Pdf - ရေဘဝဲ

ဘာနှင့်တူသလဲဆိုတော့ ကိုယ် နှစ်သက်သည့် သီချင်းလေးတစ်ပုဒ်ကို မကြားရတာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးခါမှ မမျှော်လင့်ဘဲ ပြန်ကြားလိုက်ရလို့ လွမ်းလည်းလွမ်း၊ အလွမ်းလည်း ပြေသွားသည့် ခံစားချက်နှင့် တူပါသည်။

ဂျူး
(၂၅၊ ၆၊၂၀၁၂)

# နိဒါန်း

ယယ်အိပ်မက်တို့ လှပဖို့က 'သိုက်ထွေး' အတွက် သိပ်လွယ်ကူသင့်သည့် အကြောင်းရင်း ရှိသည်။ အဲသည့်အကြောင်းရင်းကလည်း တကယ့်ကို ရိုးရိုးကလေး ဖြစ်သည်။

သိုက်ထွေး ယယ်ယယ်တုန်းက နေခဲ့ရသည့် နေရာကလေးက သိပ်လှနေခဲ့သည်လေ။

သိုက်ထွေး မိဘတွေက မချမ်းသာပါ။

အဖေက ဆရာဝန်၊ အမေက သူနာပြုဆရာမ။

အဖေက ဆရာဝန် ဆိုသော်လည်း တပ်မတော်အရာရှိ ဆရာဝန် တစ်ဦး ဖြစ်သည်။ သိုက်ထွေးတို့ ယယ်ယယ်က တပ်မတော်အရာရှိ ဆရာဝန် များ ကိုယ်ပိုင်အချိန်တွင် ပြင်ပဆေးခန်း မထိုင်ကြသဖြင့် လခအပြင် အပိုဝင်ငွေ မရှိကြ။

ဖေဖေ တာဝန်ကျရာ ဆေးတပ်ဝင်းအတွင်းမှာတော့ ပျဉ်ထောင် အိမ်ကလေးတစ်လုံးမှာ မိသားစု နေခွင့်ရသည်။ အဲသည် ပျဉ်ထောင်အိမ် အဟောင်းကလေးက မလှပါ။ သို့သော် အဲသည် အိမ်နောက်ဘက်တွင် တောင်များဘက်သို့ ဝင်သွားသော တောလမ်းကလေး ရှိသည်။ အဲသည် တောလမ်းကလေးအတိုင်း ဝင်သွားလိုက်လျှင် သစ်ရိပ် ဝါးရိပ် ထူထပ်စွာ ပိတ်ဆီးနေသော လမ်းကလေးကို ကျော်ပြီး ချောင်းကလေး တစ်ချောင်း ၏ အစပ်သို့ ရောက်သွားလိမ့်မည်။

တောင်ကျချောင်းရေက စီးဆင်းလာသောချောင်း ဖြစ်၍ ချောင်း က ရေစီးသန်သည်။ ရေက ကြည်လင်သည်။

အိမ်မှာ ရေမလာသည့် အခါမျိုးတွေမှာ မေမေနှင့် အကူ မိန်းကလေးတို့သည် ချောင်းမှာပဲ အဝတ်လာလျှော်တတ်သည်။ ဆပ်ပြာ ရေတွေနှင့် ဘယ်လောက်ပဲ ဆေးချချ၊ ရေစီးသန်သည့် ချောင်းက လျင်မြန်စွာ ကြည်လင်သွားတတ်သည်ကို ဘေးက ငေးကြည့်ရင်း သိုက်ထွေး ကလေးဘဝကတည်းကပင် သည်ချောင်းကလေးကို ချစ်နေတတ်သည်။

ရေစီးသန်သော်လည်း ရေက ဒူးလောက်ထက် ဘယ်တော့မှ ပိုမနက်သည့်အတွက် မိုးတွင်းကလွဲလျှင် သိုက်ထွေးတို့ ညီအစ်ကို သုံးယောက် အဲသည်ချောင်းမှာ ရေသွားကူးတာ မေမေ တားလေ့မရှိ။

နွေဦးဆိုလျှင်တော့ ရေစီးက တော်တော်နည်းသွားသဖြင့် အဲသည် ချောင်းမှာ မေမေလည်း အဝတ်သွားမလျှော်။ ကိုကြီးနှင့် ညီငယ်တို့ လည်း ရေသွားမကူး။ သိုက်ထွေးကတော့ တစ်ခါ တစ်ခါ သွားထိုင်သည်။

ဆရာဝန်တစ်ပိုင်း၊ တပ်မတော်အရာရှိတစ်ပိုင်းပေမယ့် အားလပ် ချိန်များတွင် စောင်းကောက်ကြီး တီး၍ နားနေတတ်သော ဖေဖေ့ကို

သွားတူ၍လားတော့ မသိ။ သိုက်ထွေးက အနုပညာ ဝါသနာပါသည်။ အဲ… စိတ်ကူး နည်းနည်းယဉ်တတ်သည် ဆိုပါစို့။

နွေဦးကျတော့ ချောင်းနံဘေး ဝဲ ယာမှာ ပိတ်နေအောင် ပေါက်နေသော သစ်ပင် ပန်းပင်များက ပန်းကလေးတွေ ပွင့်ကြသည်။ ပြီးတော့ ကြွေကြသည်။ အဲသည် ကြွေလာသော ပန်းကလေးတွေက ချောင်းရေထဲကို ကျ၍ မျောကြသည်။ ချောင်းရေကလည်း တိမ်၍ ညင်သာစွာ စီးသဖြင့် ပန်းကလေးတွေ ရေထဲမှာ မျောလာတာကို ချောင်းရေစီးသံ နောက်ခံကလေးဖြင့် ကြည့်နေရသည်မှာ တော်တော် ကြည်နူးဖို့ကောင်းသည်။

သိုက်ထွေးက ကြည့်ရုံတင် ကြည့်နေတာတော့ မဟုတ်။

ချောင်းအပေါ်မှာ ဖြတ်လှဲထားသော သစ်ပင်ကိုင်းကြီးပေါ်မှာ ထိုင်၍ ချောင်းရေထဲကို လက်နှိုက်ပြီး ပန်းပွင့်ကလေးတွေကို ဆယ်သည်။

တစ်ပွင့်…

နှစ်ပွင့်…

သုံးပွင့်…

ပန်းပွင့်ကလေးတွေကလည်း ဖြည်းညင်းစွာ တစ်ပွင့်စီ လာသည်မို့ သိုက်ထွေး အမြဲတမ်း အကုန်လုံး ဆယ်မိတတ်သည်။

ပန်းကလေးတွေက အရောင်စုံ၊ အမျိုးစုံ၊ ရနံ့စုံ။

တစ်ခါတလေလည်း သိုက်ထွေး အိမ်ယူသွားပြီး မေမေ့ကို ဘုရားပန်းကပ်ဖို့ ပေးတတ်သည်။ သည်လောက်မျိုးစုံ မညီမညာ ဖြစ်နေသော ပန်းကလေးတွေကို မေမေက စိတ်ဝင်စားဟန် သိပ်ပြလေ့မရှိ။ အေး အေး ထားခဲ့… ဟုသာ ပြောတတ်သည်။ တစ်ခါတလေလည်း

http://mmteashop.com
May 24, 2013



မေမေ မတက်ကြွတာကို သိသော သိုက်ထွေး ပန်းကလေးတွေကို ချောင်းအဖျားဘက်မှာ ပြန်သွားမျှောတတ်သည်။ အစကတည်းက လိုချင်၍ ဆယ်ခဲ့တာမှ မဟုတ်တာ။ ဆယ်နေရသည့် အရသာကလေးကို နှစ်သက်၍ လုပ်နေခဲ့တာပဲ။

အဲသလို ချောင်းဖျားမှာ သွားသွားမျှောရင်းက ထူးခြားတာကလေးတစ်ခု သိုက်ထွေး ကြုံဖူးသည်။

သူ သွားမျှောမည့် ရေထဲမှာ သိပ်လှသော အဖြူရောင် ပန်းကလေးတစ်ပွင့် မျောလာတာကိုပါ။ ဆယ်နေတုန်းက အဲသည်တစ်ပွင့် ကျန်နေတာကို သတိမထားမိလိုက်ခဲ့ပါ။

နောက်ပိုင်း အချိန်တွေမှာတော့ သိုက်ထွေး အဲသည် ပန်းကလေးအကြောင်းကို ခဏခဏ အိပ်မက်ထဲ ထည့်မက်တတ်ပါသည်။

❒

Scan & Pdf - ရေဘဝဲ

- ၁ -

ဝိတိုရိယတောင်ထိပ်ကို လျှပ်စစ်ကားနှင့် တက်၍ရသည်ဟု ပြောလျှင်တော့ တော်တော်ကို လူရယ်ချင်စရာ ကောင်းနေပေလိမ့်မည်။

သို့သော် သိုက်ထွေး အခု ရောက်နေသည့် ဝိတိုရိယတောင်ထိပ်က တောထဲက ဝိတိုရိယတောင်ကြီး၏ထိပ် မဟုတ်ဘဲ ဟောင်ကောင်မြို့ပြင်အစွန်နားရှိ Victoria Peak ခေါ် ဝိတိုရိယတောင်ထိပ်ငယ်သာ ဖြစ်သည်။ ဟောင်ကောင်မြို့စွန် တောင်ခြေမှနေ၍ အဲသည်ထိပ်အထိ ရောက်အောင် နှစ်ပေါင်း တစ်ရာခန့် သက်တမ်းရှိပြီ ဖြစ်သော လျှပ်စစ်ကားလမ်း (Tram Line) ကလည်း ရှိနေသည်။

တက်ရသည့် လမ်းကတော့ ခပ်ပြေပြေ နေရာမှာ တောင်ဘေးက sky scraper မိုးမျှော်တိုက်ကြီးတွေ ၄၅ ဒီဂရီလောက် စောင်းအောင် တက်ရတာမို့ အသည်းယားဖို့တော့ တော်တော်ကောင်းသည်။

တောင်ထိပ်ကို ရောက်တော့ လေက တဝူးဝူး။

တိမ်တွေက ကိုယ့်အောက်ကနေ ဖြတ်ပြေးလိုက်၊ ကိုယ့်ဆီ တည့်တည့် ဝင်လာလိုက်။

ထူးခြားလှပသော ရှုခင်းကို ဓာတ်ပုံရိုက်ချင်စေဖြင့် တောင်ထိပ်တွင် တည်ဆောက်ပေးထားသော ပတ်လမ်းကလေးအတိုင်း လေးဖက်လေးတန် လျှောက်ကြည့်သော်လည်း မြူလိုလို၊ တိမ်လိုလို၊ နှင်းလိုလို ပိတ်ဆီးနေသဖြင့် ကင်မရာ ချိန်တိုင်း ချိန်တိုင်း ရှုခင်းတွေက မှုန်ဝါးနေသည်။

ဒါကြောင့် လူရှင်းနေတာ ထင်ပါရဲ့။

လူများစုက သည်လောက် စောစောမတက်ကြဘူး ထင်သည်။ တွေးရင်းက သိုက်ထွေး ပင်လယ်ကမ်းခြေကို နေရောင်ပျပျနှင့် မြင်ရသည့်ဘက်ကို လျှောက်လာခဲ့သည်။

အဲသည်ဘက်ကနေ လူငယ်တစ်ဦးကလည်း သူ့ဘက်ကို လျှောက်လာနေသည်။ တော်တော်အသားဖြူသော သူတွေသာ များသည့် မြို့မို့ အသားလတ်လတ် ယောကျ်ားသား နှစ်ဦး တစ်ယောက်ကို တစ်ယောက် သတိထားစိုက်ကြည့်မိကြသည်။

လူငယ်က သိုက်ထွေးထက် ၁၀ နှစ်ကျော်ကျော် ငယ်မည် ထင်သည်။ အသက် အစိတ်လောက်။

မျက်နှာကို သေသေချာချာ ကြည့်မိတော့ သိုက်ထွေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"အောင်စိုး…"

လူငယ်ကလည်း ပါးစပ်အဟောင်းသား။

"အစ်ကိုထွေး…"

♦

တောင်ထိပ်ပေါ်သို့ တက်သော စက်လှေကား ရှိရာ အဆောက်အဦ အတွင်းမှ ဟောင်ကောင် မဒမ်တူးဆော့ ဖယောင်းရုပ်တုပြတိုက်အနီးရှိ ကော်ဖီဆိုင်ကလေးတစ်ခုအတွင်းမှာပင် သိုက်ထွေးနှင့် အောင်စိုး ထိုင်ဖြစ်ကြသည်။

"အစ်ကိုထွေး ဘယ်နေ့က ရောက်လဲ"

အောင်စိုးက မီနူးကို စားပွဲထိုးကလေးကို ပြ၍ လိုချင်တာ မှာအပြီး သိုက်ထွေးကို လှည့်၍ မေးသည်။

"မနေ့ကကွ"

"ဘယ်မှာ တည်းနေလဲ"

"ရီဂါကောင်းလုံ (Regal Kowloon) မှာ"

အောင်စိုးက ပခုံးတွန့်ပြသည်။

"ဟုတ်သားပဲ… အစ်ကိုထွေးက မီလျံနာပဲဟာ"

သိုက်ထွေးက ရယ်သည်။

"မနာရပါဘူးကွာ၊ ဟိုတယ်ရိုးရိုးလေးပါ"

"မရိုးပါဘူး အစ်ကိုရာ၊ အဲဒါ ရှရှားသမ္မတ လာတုန်းက တည်းသွားတဲ့ ဟိုတယ်ပါ၊ နေပါဦး… ကျွန်တော့်ကို ဘာလို့ လှမ်းမပြောလဲ"

"အီးမေးလ် ပို့ပါတယ်ကွာ၊ မင်း ဖွင့်မကြည့်လို့ပါ"

အောင်စိုး ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျွန်တော်လည်း စင်ကာပူ သွားနေတာ၊ တစ်နေ့ကမှ ပြန်ရောက်တယ်၊ အစ်ကိုထွေး အီးမေးလ် ပို့တုန်းက ကျွန်တော် သွားရင်းလာရင်း ဖြစ်မယ်၊ ခုထိ မဖွင့်ဖြစ်သေးဘူး၊ မနေ့က ရောက်တော့ ဖုန်းဆက်လည်း ရတာပဲဟာ"

"ညဥ့်နက်မှ ဟိုတယ် ရောက်တာဟ၊ မင်းတို့ ဟောင်ကောင် လေဆိပ်က လူဝင်မှုကြီးကြပ်ရေး တန်းစီရတာ ယူကေ ၁၀ ဆလောက် ရှည်တယ်"

အောင်စိုးက ရယ်သည်။

"စနစ်ကတော့ ယူကေ ချပေးခဲ့တဲ့စနစ် ဆိုတော့ အတူတူပါပဲ၊ မြို့တစ်မြို့မှာ ရှိနိုင်တဲ့ လူက ၁၀ ဆလောက် များနေတာကိုး။ နို့... အစ်ကိုက အလုပ်ကိစ္စပဲလား"

ကော်ဖီနှင့် မုန့်များ လာချသဖြင့် သိုက်ထွေးက ကိုယ်ကို အနည်းငယ် ယို့ပေးရင်းက ဖြေသည်။

"စီးပွားရေးရော... ကုသိုလ်ရေးရောပဲဟေ့၊ ရှေ့နှစ်မှာ ဒီမှာ အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ပစ္စည်းပြပွဲ လုပ်ဖို့ ဖြစ်နိုင်တယ်၊ တို့ကုမ္ပဏီက ဘာတွေ ဝင်ရကောင်းမလဲ၊ ဒီက ရုံးခွဲက လူတွေနဲ့ လာဆွေးနွေးတာ၊ နောက်တစ်ခုက ဒီမှာ ထေရဝါဒ ဘုန်းကြီးကျောင်းတစ်ကျောင်း ဆောက်ဖို့ အစ်ကိုအပါအဝင် နိုင်ငံခြား ရောက်နေတဲ့ မြန်မာတွေတချို့ စိတ်ဝင်စားနေကြတယ်၊ ဖြစ်နိုင် မဖြစ်နိုင် လာကြည့်တာ"

အောင်စိုးက မျက်ခုံးပင့်ပြ၍ ကော်ဖီကို တစ်ကျိုက် ကျိုက်သည်။

"တို့အစ်ကိုကတော့ ဘာလုပ်လုပ် အောင်မြင်နေတော့တာပဲ၊ အခု လည်း ဒုတိယအရွယ်ကိစ္စတွေ အောင်မြင်စရာ ဘာမှ မကျန်တော့တော့ တတိယအရွယ် ကိစ္စတွေ စနေပြီပေါ့၊ ဟုတ်လား"

သိုက်ထွေးက ရယ်သည်။

"မလုပ်ပါနဲ့ကွာ၊ ဒုတိယအရွယ်တောင် အများကြီး ကျန်ပါသေးတယ်"

"အရွယ်သာ ကျန်တာ၊ ရစရာ ဘာကျန်တော့လို့လဲ… ပညာ၊ ဥစ္စာ၊ လိုချင်တဲ့ အောင်မြင်မှု… ကြိုးစားလိုက်တိုင်း ရခဲ့တာချည်းပဲ မဟုတ်လား။ ကျွန်တော်တောင် အစ်ကို ကူညီလို့ ဒီလောက်ဘဝ ရောက်ခဲ့တာ၊ ကျွန်တော့်လို အစ်ကို ကူညီခဲ့တဲ့ လူငယ်တွေ အားလုံးပေါင်းရင် ကုသိုလ်တောင် အစ်ကို တော်တော်ဖူလုံနေပြီ၊ မိန်းမတော့ မလိုချင်သေးလို့ မယူတာ မဟုတ်လား"

သိုက်ထွေးက ပြုံး၍ ခဏ စဉ်းစားနေသည်။ ပြီးတော့မှ တိုးတိုး ပြောသည်။

"မင်း ပြောတော့လည်း ဟုတ်သလိုလို၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ ငါဟာ တော်တော်ကံကောင်းတဲ့လူ ဆိုတဲ့ အတွေးမျိုး တစ်ခါမှ မပေါ်ဖူးသေးဘူး၊ အဲဒါ ဘာဖြစ်လို့လဲတော့ မသိဘူး၊ ထားပါတော့… ငါ ပြောတဲ့ ဘုန်းကြီးကျောင်း ဆောက်ဖို့ကိစ္စ မင်း ဘယ်လို ထင်သလဲ"

အောင်စိုးက ပခုံးတွန့်ပြသည်။

"ဒီမှာက ခရစ်ယာန်နဲ့ မဟာယနပဲ များတာ၊ မြန်မာလူမျိုးလည်း မရှိသလောက်ပဲ အစ်ကိုရဲ့၊ စင်ကာပူဆို ဟုတ်တုတ်တုတ်"

"စင်ကာပူက ရှိပြီးသားလေကွာ"

"ဟုတ်ပါတယ်၊ သဘော ပြောတာပါ၊ ပြီးတော့ တခြား ထေရဝါဒ ဘာသာဝင်တွေ များတဲ့ ထိုင်းတို့.. သီရိလင်္ကာတို့က လူတွေလည်း ဒီမှာ သိပ်မရှိဘူး၊ ဒီမှာက အင်္ဂလိပ်နဲ့ တရုတ်ပဲ များတာ"

သိုက်ထွေးက ခေါင်းညိတ်သည်။

"ငါတို့ စိတ်ဝင်စားနေတဲ့ နေရာတစ်ခု ရှိတယ်၊ ရောမ ဗုဒ္ဓ ထိုင်တော်မူ ရုပ်ပွားတော်ကြီး ရှိတဲ့နေရာလေ၊ ဘစ်ခ်ဗုဒ္ဓါ ဆိုတာ…"

အောင်စိုးက ရယ်၍ ခေါင်းခါသည်။

"ကမ္ဘာလှည့်ခရီးသည်တွေကို ဆွဲဆောင်တဲ့နေရာသက်သက် ဖြစ်နေပါပြီ အစ်ကိုရယ်၊ ညောင်ပင်း ဆိုတဲ့ ရွာမှာ၊ အစ်ကို သွားချင်ရင် ကျွန်တော် လိုက်ပို့ပါ့မယ်၊ မြို့ပြင်အဝေးကြီး ရထားနဲ့ သွားရတယ်၊ ပြီးတော့ တောင်တွေပေါ်ကို ကောင်းကင်ကြိုးရထားနဲ့ အဝေးကြီး ထပ်သွားရတယ်၊ တောင်ပေါ်ကျတော့ အဲဒီညောင်ပင်းရွာတစ်ခုလုံးက ပြခန်းတွေ၊ ဆိုင်တွေချည်းပဲ၊ ကမ္ဘာလှည့်ခရီးသည်တွေလည်း တိုးမပေါက်အောင် စည်ကားတာ၊ အဲဒီရုပ်ပွားတော်ကြီးဆီက ခြေကျင် ဆက်တက်ရသေးတယ်၊ ရုပ်ပွားတော်ကြီးရဲ့ အတွင်းထဲမှာပါ ပြခန်းတွေနဲ့၊ ဆိုင်တွေနဲ့ ... အစ်ကိုတို့ ဘုန်းကြီးကျောင်းဆောက်ဖို့ နေရာတော့ ရှာလို့ရမှာ မဟုတ်ဘူး၊ သွားရတာလည်း ကောင်းကင်ကြိုးရထားက နှစ်နာရီ သုံးနာရီလောက် တန်းစီရတာ"

"အထွက်ကျဲလို့လား"

"စက္ကန့်တိုင်းလောက် ထွက်နေတာ၊ ကမ္ဘာလှည့်ခရီးသည်တွေ များလွန်းလို့ မနိုင်တာ၊ အစ်ကို ဘုန်းကြီး ဆွမ်းခံကြွရင် နေမွန်းလွဲအမီ ကျောင်းပြန်ရောက်မှာ မဟုတ်ဘူး"

သိုက်ထွေး စိတ်ပျက်လက်ပျက် ရယ်မိသည်။ အောင်စိုးက သိုက်ထွေး မျက်နှာကို စေ့စေ့ကြည့်၍ မေးသည်။

"အစ်ကို တကယ် ကုသိုလ်ရေး လုပ်ချင်ရင် လုပ်ရမယ့်နေရာ ရှိတယ်"

"ဘယ်မှာလဲ"

"မြန်မာပြည်မှာ"

သိုက်ထွေး ဆွံ့အသွားသည်။

♦

အတော်ကြာအောင် တိတ်ဆိတ်စွာ စဉ်းစားနေပြီးမှ သိုက်ထွေး တိုးတိုးပြောသည်။

"မြန်မာပြည်မှာလည်း အစ်ကို လုပ်ဖြစ်ပါတယ်၊ မင်း သိသားပဲ"

အောင်စိုး ခေါင်းညိတ်သည်။

"လိုနေသေးတာလေးတွေက များတော့ ဖြည့်လို့ကို မပြည့်နိုင်ဘူး ပေါ့ အစ်ကိုရယ်၊ ကျွန်တော်က အဲသလို လိုနေတဲ့ နေရာကလေးတစ်ခု အခုပဲ တွေ့လာလို့"

"ဘယ်မှာလဲ"

"လူတစ်ယောက်မှာပါ"

သိုက်ထွေး တွေဝေ တိတ်ဆိတ်သွားသည်။

သမုဒ္ဒရာ ရေထဲက ဆားကုန်အောင် ခပ်မထုတ်နိုင်ပါ။

မြန်မာနိုင်ငံသားတစ်ယောက် ယူကေနိုင်ငံတွင် အခြေချ နေထိုင် ရင်းက အတော်အသင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်တစ်ဦး ဖြစ် လာခဲ့ပြီးနောက် ကိုယ့်မြေ ကိုယ့်ရေက မပြည့်စုံတာ၊ ချို့တဲ့တာလေးတွေကို စေတနာထား၍ လိုက်ဖြည့်ပေးနေခဲ့သည်မှာ တော်တော်ကြာခဲ့ပါပြီ၊ သို့သော် တစ်ခါ လှူရုံနှင့် အများ တစ်ပြိုင်နက် အကျိုးရရှိစေမည့် ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ ရေတွင်း၊ ရေကန်တို့ကိုသာ လှူဖြစ် သည်။ တစ်ယောက်ချင်းအတွက်တော့ တာဝန်ယူပေးလေ့မရှိ။ အောင်စိုးလိုမျိုး ပညာထူးချွန်၍ နိုင်ငံရပ်ခြားတွင် ထပ်မံ ပညာဆည်းပူးပြီး ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုးအတွက် အကျိုးပြုလုပ်ငန်းများ ပြန်လုပ်မည့် လူငယ်လေးတွေကို ကူညီတာလောက်သာ ရှိသည်။

သိုက်ထွေး တွေဝေသွားသည်ကို ရိပ်မိသော အောင်စိုးက မျက်နှာ လွှဲ၍ တိုးတိုး ပြောသည်။

"ကျွန်တော် စင်ကာပူ သွားတာ အဲဒီကိစ္စပဲ အစ်ကို၊ ကျွန်တော် ၁၀ တန်းတုန်းက စာသင်ပေးခဲ့တဲ့ အင်္ဂလိပ်စာဆရာမကို သွားကြည့်တာ၊ ဆရာမက အသက် သုံးဆယ်ကျော်ပဲ ရှိသေးတယ်၊ အစ်ကိုတို့လောက်ပဲ၊ ကျွန်တော်တို့လို မိဘ မပြည့်စုံတဲ့ ကျောင်းသားကလေးတွေအပေါ်မှာ သိပ် ဂရုစိုက်၊ သိပ်ကူညီတတ်တဲ့ ဆရာမကို ကျွန်တော်တို့အားလုံးက သိပ်ချစ် ကြတယ်၊ အဲဒါ ဆရာမ အခု ကျောက်ကပ်ရောဂါ ဖြစ်တယ်၊ ရန်ကုန် ခေါ်လာ ပြီး ကုတာလည်း မသက်သာဘူး ကြားရတော့ ကျွန်တော် အပေါင်းအသင်း တပည့် တွေ စုပြီး ဆရာမကို အတင်း စင်ကာပူကို ခေါ်ကုတာ၊ ပုံမှန်အနေအထား လောက်ဆိုရင်လည်း ကျွန်တော်တို့ ချစ်တဲ့ ကျွန်တော်တို့ ဆရာမအတွက် မဖြစ် ဖြစ်အောင် ကျွန်တော်တို့ လုပ်ကြမှာပါ၊ အခုက ကျောက်ကပ် အစားထိုး ရမယ်တဲ့၊ အဲဒီမှာ ပြဿနာက တပည့်တွေက ကျောက်ကပ်လှူမယ် ပြော တာတောင် ဆရာမက လက်မခံဘူး၊ လူတစ်ယောက်မှာ ကျောက်ကပ်တစ်လုံး ပဲ လိုတယ် ဆိုပေမယ့် သူ့ကို ကျောက်ကပ် လှူထားတဲ့လူရဲ့ ကျန်ခဲ့တဲ့ ကျောက်ကပ် တစ်ခုခု ထပ်ဖြစ်လို့ အဲသည်လူ ဒုက္ခရောက်ရင် သူ ဘယ်လိုမှ ဘဝကူး စိတ်ဖြောင့်နိုင်မှာ မဟုတ်ဘူးတဲ့၊ ခွဲစိတ်ရမယ့် စရိတ်ကလည်း သိပ်ကြီးတယ်ပေါ့ အစ်ကိုရာ... အဲဒါနဲ့ ကျွန်တော်တို့လည်း လက်မှိုင်ချ နေရတာ"

သိုက်ထွေးက မျက်မှောင်ကြုတ်သည်။

"မင်း ပြောတာ ငါ သိပ်မရှင်းဘူး၊ အခုက မင်းတို့ ဆရာမအတွက် ကျောက်ကပ် လှူမယ့်လူက မရှိတာ မဟုတ်ဘူး၊ ရှိတယ်၊ သူက အလှူမခံ တာ၊ အဲဒါကို ငါက ဘယ်လို ကူညီနိုင်မှာတဲ့လဲ"

အောင်စိုးက ဖြည်းညင်းစွာ ခေါင်းခါသည်။

''ဆရာမ စိတ်ကို ကျွန်တော်တို့ သိတယ်၊ သူ့အတွက် သူမျှားမှာ ဘာတစ်ခုမှ နစ်နာတာ လက်ခံမယ့်သူမျိုး မဟုတ်ဘူး၊ သူ ပြန်မှာ၊ သူ့ ဆွေမျိုးတွေ ရှိတဲ့ မော်လမြိုင်မှာ သူ ခေါင်းသွားချလိမ့်မယ်၊ သူက အပျိုကြီး၊ အမေ မရှိတော့ဘူး၊ အဖေက ဘယ်မှာ ဆိုတာလည်း ဆရာမ တစ်ခါမှ မပြောပြဖူးဘူး၊ သူနဲ့တော့ မရှိတာ သေချာတယ်၊ မော်လမြိုင်မှာ ရှိတဲ့ သူ့ ညီမ တစ်ယောက်နဲ့ သွားနေရမှာ၊ မော်လမြိုင်မှာက ကျောက်ကပ် ဆေးတဲ့ စက် မရှိဘူး၊ သူလည်း ရန်ကုန် လာလာဆေးရတဲ့ကိစ္စ လုပ်နိုင်မှာ မဟုတ်ဘူး၊ ကျွန်တော်တို့ သူငယ်ချင်းတွေက စုပြီး ဆရာမကို ကျောက်ကပ်ဆေးတဲ့ စက် လှူချင်တယ်၊ မော်လမြိုင်ဆေးရုံမှာ ရှိနေတဲ့ ဆရာဝန် တပည့်တွေက လည်း စက်ရှိရင် ဆရာမကို မှန်မှန်သွားလုပ်ပေးမယ်တဲ့၊ ခက်တာက ကျွန်တော် တို့အားလုံးပေါင်း တတ်နိုင်တာတောင် စက်ဖိုးက မနိုင်ဘူး''

သိုက်ထွေးက ပြုံးသည်။

''ငါ သဘောပေါက်ပြီ၊ မင်းတို့ စက်ဖိုးက ဘယ်လောက် ရှိလဲ''

''အတိအကျတော့ မသိဘူး၊ ယူအက်စ် နှစ်သောင်းခွဲအထက်မှာ ရှိမယ်တဲ့''

သိုက်ထွေးက ခဏ တွေဝေစဉ်းစားနေသည်။

''မင်းတို့ လှူချင်တဲ့ တပည့်က ဘယ်လောက် ရှိလဲ''

အောင်စိုးက ရယ်သည်။

''အစ်ကိုကလည်း ဆရာမကို ချစ်လို့သာ လှူချင်တာ၊ တကယ် ထုတ်နိုင်တဲ့ကောင်က ဘယ်နှယောက် ရှိမှာလဲ''

''ငါက ထုတ်နိုင်တဲ့ လူအရေအတွက် သိချင်တာ မဟုတ်ဘူး၊ လှူချင်နေတဲ့လူ အရေအတွက် သိချင်တာ''

အောင်စိုး မျက်မှောင်ကြုတ် စဉ်းစားသည်။

''နိုင်ငံခြား ဖုန်းခေါ်ခ မရှိမယ့် ရှိမယ့်နဲ့တောင် ကျွန်တော့်ကို ဖုန်းတွေက ညံနေအောင် ဝိုင်းဆက်နေကြတာ၊ မဆက်နိုင်တဲ့ လူတွေပါဆို ရာဂဏန်းတော့ ရှိမှာပေါ့''

သိုက်ထွေး မျက်လုံးပြူးသွားသည်။

''လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က စာသင်ခဲ့တဲ့ ဆရာမကို တပည့်တွေ အဲသလောက်တောင် ဂရုစိုက်ကြသတဲ့လား''

''အစ်ကိုကလည်း ကျောက်ကပ် လှူမယ်ဆိုတဲ့ လူတောင် အများ ကြီး၊ အစ်ကို ဆရာမနဲ့ စကားပြောကြည့်ဖူးမှ သိမှာ၊ ဆရာမက သိပ်ချစ်ဖို့ ကောင်းတယ်''

သိုက်ထွေး ရယ်သည်။

''ဒီလောက်ဆို ငါ ရိပ်မိပါပြီကွာ၊ ကဲ… ယူအက်စ် နှစ်သောင်းခွဲ လောက်တော့ ငါ ငါ့ဖောင်ဒေးရှင်းက လူတွေနဲ့ ပြောစရာတောင် မလိုပါဘူး၊ ငါ့ဘာသာငါ လှူပေါ့မယ်၊ ငါလည်း မော်လမြိုင်မှာ နေခဲ့ဖူးတော့ အသိတွေ တောင် ဖြစ်ချင်ဖြစ်နေမှာ၊ မင်း ဆရာမ နာမည်က ဘယ်သူတဲ့လဲ''

အောင်စိုး မျက်နှာ ဝမ်းသာအားရ ဖြစ်သွားသည်။

''ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ဆရာမ နာမည်ကတော့ နာမည်တူ သိပ်မရှိနိုင်တဲ့ ခပ်ဆန်းဆန်း ခပ်လှလှ နာမည်ပါ၊ အစ်ကိုသာ သိခဲ့ဖူးရင် မှတ်မိမှာ၊ ဒေါ်ခရေခက်… တဲ့''

ခရေခက်… ခရေ…

ခေါင်းထဲက မိုက်ခနဲ ဖြစ်သည်။ မျက်လုံးတို့က ပြာဝေသွားသည်။ နားတို့က အူသွားသည်။

◆

လရောင်က ဖျော့ဖျော့လေး…

ပျဉ်ထောင်အိမ် မီးဖိုချောင်ထဲတွင်သာ လျှပ်စစ်မီးသီး ဝါကြန့်ကြန့် တစ်လုံး ထွန်းထားသည်မို့ ညှော့ခန်းက မည်းမှောင်နေသည်။

အဲသည်ညှော့ခန်းနှင့် ဖိနပ်ချွတ် ကပြင်ကလေး ဆက်စပ်ရာ ဘောင် မှာ အသက် ၁၆ နှစ်အရွယ် မိန်းမငယ်လေးတစ်ဦး ထိုင်နေသည်။

ဖြူလွသော မျက်နှာကို လရောင်က တစ်ဝက် ပေးလင်းထားသည်။ ပခုံးပေါ် ဝဲကျနေကျ ဆံနွယ်ရှည်တွေကို လက်ကိုင်ပဝါကလေးနှင့် ကပိုကရို လည်ကုပ်နောက်မှာ စုချည်ထားသော်လည်း နဖူးပြင်ပေါ်မှာ အုပ်လုံးမမီသော ဆံနွယ်တချို့ ဟီးလေးခိုနေသည်မှာ ဆေးမကျ၊ သနပ်ခါး မခြယ်သော မျက်နှာ လှလှကလေးနှင့် အလွန်လိုက်ဖက်သည်ဟု သိုက်ထွေး ထင်သည်။

ဘလောက်အင်္ကျီ ကာကီရောင် ဝါဖန့်ဖန့်၊ ချည်လုံချည်က ကျောင်း စိမ်းကလေး။ အဖိုးတန်ပစ္စည်း ဘာမှ တင်မထားသော မိန်းမငယ်လေး၏ ခန္ဓာကိုယ်မှာ 'မဝင့်ထည်မှု' ထက် 'ဖြူစင်မှု' က လွှမ်းနေသည်ဟု သိုက်ထွေး ထင်သည်။

မျက်နှာကလေးကတော့ စိတ်ရှုပ်နေဟန် ငူတူတူရယ်…။

သိုက်ထွေးလည်း မွန်းကျပ်နေသည်။

မိန်းကလေး၏ ရှေ့က ဖိနပ်ချွတ်ပေါ်မှာ သိုက်ထွေး တင်ပျဉ်ခွေ ထိုင်နေသည်။ ခေါင်းကို ငုံ့ထားရင်းက မိန်းကလေး မျက်နှာကို တစ်ချက် တစ်ချက်သာ ခိုးကြည့်နေရသည်။

"ခက်တာပဲ သိုက်ထွေးရာ"

မိန်းကလေးက ခပ်ညည်းညည်းကလေး ပြောသည်။ သိုက်ထွေး က ဘာမှ ပြန်မပြောနိုင်။ မိန်းကလေးက အိမ်အတွင်းဘက်သို့ တစ်ချက် ငဲ့ကြည့်ပြီး အသံကို ပိုနှိမ့်၍ တိုးတိုးကလေး ပြောသည်။

"နင့်ကို ငါ ခင်ပဲ ခင်ချင်တယ်ဟာ၊ မချစ်ချင်ဘူး၊ နင်လည်း ငါ့ကို ခင်ပဲ ခင်ပါလားဟာ၊ ငါ နင့်ကို သူငယ်ချင်းအဖြစ်က မဆုံးရှုံးချင်ဘူး"

မျက်နှာတစ်ခုလုံး ထူအမ်း၊ နှလုံးသားတစ်ခုလုံး ကျဉ်ခဲ အေးစက်သွားခဲ့သည့် တုန်လှုပ်ချောက်ချားဖွယ်ရာ ခံစားချက်ကို နှစ်ပေါင်း နှစ်ဆယ်လုံးလုံး သိုက်ထွေး မေ့၍ မရခဲ့ပါ။

♦

အိပ်မက် မက်၍ ထလမ်းလျှောက်နေသူ တစ်ဦး၏ မျက်နှာမျိုးဖြင့် အတန်ကြာအောင် တိတ်ဆိတ် ငေးမောနေသော သိုက်ထွေးကို ခိုးကြည့်ရင်းက အောင်စိုး သက်ပြင်းခိုးချသည်။

"အစ်ကို သိနေတယ်ပေါ့ ... ဟုတ်လား"

သိုက်ထွေး ကြောင်တက်တက်နှင့် ခေါင်းညိတ်ပြသည်။ ပြီးတော့-

"မင်း ဆရာမ စင်ကာပူမှာ ရှိနေသေးလား"

ဟု တိုးတိုး မေးသည်။ အောင်စိုး ခေါင်းညိတ်ပြသည်။

"ငါ့ကို ဆေးရုံလိပ်စာ ပေးစမ်းပါ၊ ငါ လိုက်သွားမယ်"

အောင်စိုး မျက်ခုံး ပင့်ကြည့်သည်။

"အစ်ကို သွားအားပေးချင်လို့လား"

သိုက်ထွေး ဖြည်းညင်းစွာ ခေါင်းခါသည်။

"ကျောက်ကပ် လှူချင်တဲ့ လူတစ်ယောက် ထပ်တိုးမလို့၊ ငါ့ကျောက်ကပ်ကို လက်ခံဖို့ ငါ သွားနားချကြည့်ချင်တယ်"

အောင်စိုး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

♦

http://mmteashop.com
May 24, 2013



အဲသည်ညကလည်း သိုက်ထွေး အိပ်မက် မက်သည်။

အိပ်မက်ထဲမှာ ထုံးစံအတိုင်း ချောင်းရေထဲက သူ မဆွတ်ခဲ့ရသော တစ်ပွင့်တည်း ကျန်ခဲ့သည့် ပန်းလှလှကလေးအကြောင်းကို ထည့်မက်ဖြစ်ပါသေးသည်။

❒

Scan & Pdf - ရေဘဝ

# - ၂ -

ဟောင်ကောင်လေဆိပ် လူဝင်မှုကြီးကြပ်ရေးဌာနတွင် စီနေရသော တန်းကြီးကို ကြည့်၍ သိုက်ထွေး စိတ်မရှည်နိုင် ဖြစ်နေသည်။

ဟောင်ကောင်မှာ လူအဝင်အထွက် ဘယ်လောက်များများ ယူကေကိုတော့ မီမည်ဟု သူ မထင်ပါ။ ကောင်တာများများ ဖွင့်ပေးလိုက်ပေါ့… ဟု တွေးမိသည်။ ဟောင်ကောင်လို နေရာမျိုးမှာ လူအင်အားအလုံအလောက် ရဖို့လည်း အခက်အခဲ ရှိမည် မထင်။ လူတွေ အများကြီးကို လုပ်ပိုင်ခွင့် လွယ်လွယ်အပ်ထားမပေးချင်သော အရှေ့တိုင်းသားတို့၏ ဉာဉ်သာ ဖြစ်မည်ဟု သူ ဒေါပွပွနှင့် တွေးနေမိသည်။

တကယ်တော့ သူ ဒေါပွနေတာ ဘာမှ အဓိပ္ပာယ်မရှိပါ။

မနက် ၆ နာရီထွက်မည့် လေယာဉ်က ၆ နာရီမှ ထွက်မှာပါပဲ။ သူ အထဲကို စောစောရောက်သွားလို့လည်း စောစောထွက်မှာ

မဟုတ်ပါ။ စောင့်ရတာ စီရတာကို သည်းမခံနိုင်သည့် မြန်မာ့ညဉ့်ကလေး မပျောက်တာက သူပါ။

မြန်မာ့ညဉ့် မပျောက်တာကတော့ အဓိက မဟုတ်။

'ခရေ'ကို တွေ့ချင်နေတာကသာ အဓိက ဖြစ်မည်ဟု သူ ထင်သည်။

ဆေးမကူ၊ သနပ်ခါး မခြယ်ဘဲနှင့် ခရေပန်းကလေးတစ်ပွင့်လို ဖြူလွကြည်လင်နေသော မျက်နှာကလေးနှင့် မိန်းကလေး။

မိန်းကလေးရယ်… ယောကျ်ားလေးရယ်ဟု ဟန်ပန်မထား၊ အမြဲတမ်း တရင်းတနှီး ရယ်မောကျီစယ် ရွှင်ပျနေတတ်သော ဟန်ပန် ကလေး။

'မချစ်ချင်ဘူး' ဆိုသည့် စကားကိုပင် ချစ်စရာကောင်းအောင် ပြောတတ်လွန်းသူကလေး။

ကျောက်ကပ်ရောဂါ… တဲ့။

ကုလို့ မရတော့ဘူး… တဲ့။

မမြင်ဖူးသည်မှာ ၁၀ စုနှစ် တစ်ခုစာပင် မကတော့ပြီဖြစ်သော ချစ်စရာ့ မျက်နှာနှင့် မိန်းကလေး။ အလှအပတို့ ယိုယွင်း၊ ဇရာနှင့် ရောဂါ၏ ထုထောင်းမှုကြောင့် ညှိုးနွမ်း… မြင်လိုက်ရတာနှင့် ရင်ထဲမှာ ဆို့နင့်၍ မျက်ရည်တို့ပင်လျှင် ပိုးပိုးပေါက်ပေါက် ကျလာမှာတဲ့လား။

ဒါမှမဟုတ်…

ခရေ၏ သတ္တိ… ခရေ၏ ဝိညာဉ်…

ခြောက်ခန်းသွားတာတောင် မွှေးပျံ့ဆဲ ခရေပန်းခြောက်ကလေး ဖြစ်နေမှာတဲ့လား။

သိုက်ထွေး ဝဲလာသော မျက်ရည်များကို ခေါင်းကို ခါယမ်း၍ တားဆီးလိုက်သည်။ တရုတ်လူမျိုး လူဝင်မှုကြီးကြပ်ရေးအရာရှိက သူ့ကို လက်ပြ၍ လှမ်းခေါ်နေသည်။

သူ့လက်ထဲတွင် ကိုင်ထားသော ပတ်စ်ပို့နှင့် ဒီဖောင်ကို ငုံ့ကြည့်ပြီး ခပ်သွက်သွက် လှမ်းသွားလိုက်သည်။

♦

"ဟိတ် ဒီနေရာ တို့ ယူထားပြီးသား"

ခပ်ရဲရဲနှင့် ခပ်အေးအေး မိန်းကလေး အသံတစ်ခုကြောင့် သိုက်ထွေး လန့်၍ တုန်တက်သွားသည်။

စားပွဲ အံဆွဲထဲသို့ ထည့်ရန် ပြင်နေသော သူ့လွယ်အိတ်ကို အလန့်တကြား ပြန်ဆွဲထုတ်မိသည်။

လှည့်ကြည့်လိုက်တော့ သူနှင့် ရွယ်တူ ၁၅ နှစ်ခန့်သာ ရှိမည့် မိန်းကလေးတစ်ဦး။ ကျောင်းဝတ်စုံ အဖြူ အစိမ်းကလေးနှင့်··· ။

ဆံပင်က တော်တော်ရှည်သည်။ ဘေးနှစ်ဖက်ကို ခွဲ၍ ချည်ချထားတာတောင် ရင်ညွန့်မက ရှည်သည်။

အရပ်လည်း တော်တော်ရှည်သည် ပြောရမည်။ ၅ ပေ ၆ လက်မ လူကြီးအရပ်ကို ရောက်ပြီးဖြစ်နေသော သိုက်ထွေးအရပ်နှင့်ပင် မတိမ်းမယိမ်း။ ကိုယ်လုံးက သွယ်လျလျ။ အသားက ဖြူဖြူ။

မျက်နှာက အင်း··· လှသည်ဟုပဲ ပြောရမည် ထင်သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း··· ဘာမှလည်း အပြစ်ပြောစရာ မရှိ။ ဘာမှလည်း မထူးခြား၊ ဘာမှလည်း ခြယ်သမထား။

http://mmteashop.com
May 24, 2013



ထူးခြားတာက မျက်နှာပေး။

ရယ်ချင်နေတာကို အောင့်အည်း၍ ခပ်တည်တည် လုပ်ထားသော မျက်နှာမျိုး။ ပြောင်ချော်ချော်… အင်း… သည်လို ပြောဖို့ကျတော့လည်း သည်မျက်နှာကလေးက လှလွန်းနေပြန်သည်။

"ဆောရီး… တို့က လွတ်တယ်မှတ်လို့"

သိုက်ထွေး ပျာပျာသလဲ တောင်းပန်၍ စားပွဲနှင့် ကုလားထိုင်ကြားထဲက ထွက်ဖို့ ပြင်သည်။

ဝါးခနဲ ဝိုင်းရယ်သံကို ကြားရတော့မှ အဲသည်ကောင်မလေးနှင့်အတူ မိန်းကလေး နှစ်ဦးနှင့် ယောက်ျားကလေး တစ်ဦး ပါလာတာ သတိထားမိတော့သည်။

ယောက်ျားကလေးက မျက်မှန်နှင့်။ တော်တော် သဘောကောင်းမည့် ရုပ်မျိုး။ ပြုံးချိုသော မျက်နှာနှင့် ရှေ့တိုးလာ၍ သိုက်ထွေး ပခုံးကို ပုတ်သည်။

"သိုက်ထွေး… မဟုတ်လား"

"ဟုတ်တယ်"

"ငါက သီဟ… တဲ့၊ ဒါက ခရေခက်၊ ဒါက ဆွေဆွေဦး၊ ဒါက ရည်ရည်ဝင်း၊ တို့က သူငယ်တန်းကတည်းက အတူတူ တက်လာတာ၊ အခု ၉ တန်းမှာ ကျောင်းသားသစ်တစ်ယောက် ရောက်မယ်၊ အဲဒါ မင်းဆိုတာ သိလို့ မင်း ပျင်းနေမှာစိုးလို့ လာမိတ်ဆက်တာ၊ ဘာနေရာမှ မဦးရသေးဘူး၊ ခရေက သိပ် စတတ် နောက်တတ်တာ၊ မင်းနောက်တော့ သိလာမှာပါ"

"ဪ.."

သိုက်ထွေး ရှက်ရယ် ရယ်မိသည်။ ခရေခက်က ပြုံးစုစုနှင့်-

Scan & Pdf - ရေဘဝ

http://mmteashop.com
May 24, 2013



"ဖယ်မပေးရင် ငါက ဘေးမှာ အတင်းဝင်ထိုင်မှာ၊ နင် သတ္တိရှိရင် ဆက်ထိုင်ပေါ့"

ဟု စ သည်။ သီဟက-

"ယောက်ျားလေးဘက်က နစ်နာပါတယ်ကွာ၊ လာ… ဒီဘက်ဘေးခုံမှာ ငါနဲ့ လာထိုင်"

ဟု ရယ်ရွှန်းဖတ်ရွှန်း ပြောသည်။

နောက်တော့ နံရံနှင့် ကပ်လျက် နှစ်လုံးတွဲမှာ သီဟက အတွင်းဘက်၊ သိုက်ထွေးက အပြင်ဘက် ထိုင်သည်။ အလယ်က သူတို့နှင့် တည့်တည့်ခုံမှာ ခရေခက်က သိုက်ထွေးဘက်က၊ ရည်ရည်ဝင်းက ဟိုဘက်က ထိုင်သည်။ ဆွေဆွေဦးက တခြား မိန်းကလေးတစ်ယောက်နှင့် ခရေခက်နောက်က ထိုင်သည်။

"ကဲ… နေရာချတဲ့ကိစ္စတော့ ပြီးပြီ၊ ၉ နာရီထိုးဖို့က မိနစ်နှစ်ဆယ်တောင် လိုသေးတာဆိုတော့ မုန့်သွားစားကြမယ်၊ သိုက်ထွေးက လူသစ်ဆိုတော့ ငါတို့က အခွန်ကောက်ရမှာဆိုတော့ သိုက်ထွေး ကျွေးပေါ့"

ခရေခက်က ရယ်၍ စသည်။ သည်တစ်ခါတော့ စမှန်း သိုက်ထွေးသိပြီ။

"ကြိုဆိုတဲ့အနေနဲ့ နင်တို့က ကျွေးရမှာ မဟုတ်ဘူးလား"

ဟု ပြန်မေးသည်။ သီဟက ရယ်၍-

"ထုံးစံအတိုင်း ငါပဲ ကျွေးပါ့မယ် ခရေရယ်၊ သိုက်ထွေးက နင့်အကြောင်း မသိခင် နင်က သိပ်မစပါနဲ့"

ဟု တားသည်။

♦

Scan & Pdf - ရေဘဝ

ဆွေဆွေဦးက ပုပြတ်ပြတ်။ အသားညိုညို၊ မျက်နှာချိုချို···
ရည်ရည်ဝင်းက အေးအေးလေး။ သီဟလိုပဲ··· မျက်မှန်အထူကြီးနှင့်။
အားလုံး ခင်စရာကောင်းသည်မို့ သိုက်ထွေးနှင့် သူတို့ ချက်ချင်း အဖွဲ့
ဖြစ်သွားသည်။

သီဟက အရပ်ဘက် အရာရှိကြီးတစ်ဦး၏ သား။ မြို့လယ်မှာ
အစိုးရ ပေးသော လုံးချင်းအိမ်နှင့် နေသည်။ ရည်ရည်ဝင်း မိဘတွေက
ကုန်သည်တွေ။ ဈေးရှေ့မှာ နေသည်၊ ဆွေဆွေဦးနှင့် ခရေခက်က သိုက်ထွေး
တို့ နေသော ဆေးတပ်အနီးက ရွာမှာ နေသည်။ ဆွေဆွေဦး မိဘတွေက
တော်တော်ကျယ်သော ဒူးရင်းခြံတစ်ခြံ ပိုင်သည်။ အဲသည်ခြံထဲမှာပင်
နှစ်ထပ်အိမ် တစ်လုံးနှင့် နေကြသည်။ ခရေခက် အမေက အဲသည့်ရွာ
အလယ်တန်းကျောင်း၏ ကျောင်းအုပ်ဆရာမကြီး ဖြစ်သည်။ ဆွေဆွေဦး
တို့ အိမ်နှင့် မလှမ်းမကမ်းမှာ နေသည်။

"နင့်အဖေရော"

တစ်ခါ သူငယ်ချင်းတွေ အိမ်လိုက်လည်ကြတုန်းက သိုက်ထွေး
ခရေခက်ကို မသိတတ်စွာ မေးဖူးသည်။ ခရေခက်က ပြုံးမဲ့မဲ့နှင့် ဖြေသည်။

"ငါ့ မမေးနဲ့၊ ငါ့အမေ သွားမေး"

"ဘာဖြစ်လို့ ငါက အန်တီ့ကို မေးရမှာလဲ"

"ငါ လူမှန်းသိကတည်းက မေးလာတာ တစ်ခါမှ မဖြေဘူး
လေ၊ နင့်ကျမှ အားနာပြီး ဖြေချင်ဖြေမှာပေါ့၊ သိရင် ငါ့ပါ ပြောပြ"

သည်တော့မှ ရိပ်မိပြီး သိုက်ထွေး အားတုံ့အားနာနှင့် ဆောရီး···
ဟု ပြောရသည်။

ခရေခက်မှာ ညီမကလေးတစ်ယောက် ရှိသည်။ သူ့ထက် နှစ်နှစ်သာ ငယ်သည်။ သူ့အမေ ကျောင်းမှာပင် တက်နေသည်။ ညီအစ်မ နှစ်ယောက်စလုံးအတွက် သူ့အမေက တော်တော်ရုန်းကန်နေရပုံပေါ်သည်။

"ငါ့အဖေက တော်တော်ချမ်းသာပြီး တော်တော်ဆိုးတယ်လို့တော့ ရန်ကုန်က ငါ့အမျိုးတွေ ပြောတတ်ကြတယ်ဟ၊ မေမေ သူ့အကြောင်း ပြောမပြချင်ပုံထောက်ရင် သူတို့ ပြောတာ မှန်မှာပေါ့၊ ငါတို့လည်း မမေးတော့ဘူး"

နောက်ပိုင်း တော်တော်ရင်းနှီးလာတော့ ခရေခက်က ပြောပြသည်။

"နင် မတွေ့ဖူးချင်ဘူးလား"

သိုက်ထွေးက မေးတော့ ပခုံးတွန့်ပြသည်။

"မတွေ့ဖူးတော့ အဖေရယ်လို့ ချစ်ရမလား··· မချစ်ရမလားလည်း မသိပါဘူးဟာ၊ ဘယ်လို ပုံစံမျိုးလဲ သိချင်တာလေးပဲ ရှိတာ၊ သူက ငါတို့ကို တွေ့ဖူးထားတာ၊ လွမ်းချင်းလွမ်းရင် သူပဲ လွမ်းရမှာပေါ့၊ သူတောင် မလွမ်းမှတော့ ငါတို့လည်း လွမ်းမနေတော့ပါဘူး"

ပြောရင်းက ခရေခက်က ရယ်သည်။

"ငါ တွေ့ဖူးချင်တာက နင့်အဖေဟ"

သိုက်ထွေး မျက်လုံးပြူးသွားသည်။

"ဘာဖြစ်လို့"

"စောင်းကောက်ကြီး တီးတီးနေတယ် ဆိုလို့လေ၊ ဆရာဝန် စစ်ဗိုလ် ဂီတဝါသနာပါတာ ဘာမှ မထူးဆန်းဘူး၊ တူရိယာပစ္စည်းတစ်ခုခု

ဘီးတတ် မှုတ်တတ်တာလည်း ဘာမှ မထူးဆန်းဘူး၊ အေး·· စောင်းက တော့ နည်းနည်းဆန်းတယ်၊ ဒီခေတ် အသက်လေးဆယ်လောက်လူ စောင်းတီးတတ်တာ ဘယ်နှယောက် ရှိလို့လဲ''

သိုက်ထွေး လိုက်ရယ်မိသည်။

''ဟုတ်တယ်··· ငါ့အဖေက ခပ်ဆန်းဆန်းဟ၊ ခွဲစိတ်တာ သိပ်တော်ပေမယ့် ဘာဘွဲ့လွန်မှလည်း မတက်ဘူး၊ ရှေ့တန်းလည်း ထွက် တုန်းပဲ၊ စောင်းတီးတာကတော့ နည်းနည်းသောက်ပြီးမှ တီးတာဟ၊ နင် နားထောင်ရဖို့ သိပ်မလွယ်ဘူး''

သူငယ်ချင်း နှစ်ယောက် ပြိုင်တူ ရယ်မိကြပါသည်။

♦

''ဖေဖေနဲ့ မေမေ··· ဒါ သား အချစ်ဆုံးသူငယ်ချင်းတွေ၊ သား အမြဲပြောပြောနေတာ၊ သူက သိဟ·· သူက ခရေ·· သူက ဆွေဆွေဦး ·· သူက ရည်ရည်ဝင်း''

ဖေဖေက ကွမ်းဝါးနေရင်းက ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

''သားတို့ သမီးတို့··· ကျေးဇူးတင်တယ်ကွယ်၊ ဦး သား အူကြောင်ကြောင် ကောင်ကို အရေးလုပ် ပေါင်းပေးကြလို့''

''ဟာ··· ဖေဖေကလည်း''

ဖေဖေက သိုက်ထွေး ခေါင်းကို မနာအောင် ပုတ်၍ ဟက်ဟက် ပက်ပက် ရယ်တော့ သူငယ်ချင်းတွေအားလုံး လိုက်ရယ်ကြသည်။

''ဟုတ်တယ်··· ဒီကောင်က အိမ်မှာ တစ်ယောက်တည်း နေတာ၊ အဖေ အမေနဲ့လည်း မရော၊ ညီတွေ၊ အစ်ကိုတွေနဲ့လည်း မရော·

http://mmteashop.com
May 24, 2013



သူ့ဟာသူ အိမ်နောက်ဖေးက စမ်းချောင်း သွားထိုင်နေတတ်တဲ့ ကောင်မျိုး၊ သားတို့ သမီးတို့နဲ့ တွေ့မှ သူငယ်ချင်းတွေ ဘာတွေ ရလာတာ၊ အိမ်မှာ လည်း သီဟ‥ ခရေ‥ ဆွေဆွေဦး‥ ရည်ရည်ဝင်း… နဲ့ တစ်ချိန်လုံး လာပြန်ပြောပြနေတာ၊ နည်းနည်းပုံမှန် ပြန်ဖြစ်သွားတာပေါ့ကွယ်၊ ဒါ ကြောင့် သားတို့ သမီးတို့ကို ကျေးဇူးတင်တယ် ပြောတာ''

ဖေဖေက ဆက်စသည်။ မေမေကတော့-

''ကဲပါ… အိမ်မှာ အုန်းနို့ခေါက်ဆွဲ ချက်ထားတယ်၊ သားတို့ သမီးတို့ အားလုံး စားပြီးမှ ပြန်ကြ''

ဟု ဖိတ်တော့ အားလုံး ဟေးခနဲ အော်၍ လက်ခုပ်လက်ဝါး တီးကြသည်။

♦

ဆွေဆွေဦးနှင့် ရည်ရည်ဝင်းက စားပွဲ၊ ပန်းကန်ခွက်ယောက် များကို ကူညီခင်းကြစဉ် ခရေခက်က မေမေနှင့်အတူ ပန်းကန်ဆေးရာ နေရာမှာ အတင်းဝင်ကူသည်။

''သွားထိုင်ပါ၊ သမီးလေးရယ်‥ အန်တီ နိုင်ပါတယ်''

''ရပါတယ် အန်တီရဲ့၊ အန်တီက တစ်ယောက်တည်း၊ သမီးတို့ လည်း အိမ်မှာ လုပ်နေကျပါ''

စားပွဲကျတော့ သူတို့ကို အရင်စားခိုင်းသော ဖေဖေနှင့် မေမေ ကိုလည်း ခရေခက်က အတင်းသွားခေါ်လာပြီး စားပွဲထိပ်မှာ ထိုင်ခိုင်းသည်။

''သမီးနှစ်ယောက်က ဒီနားမှာ နေတာဆို၊ ကျောင်းကို ဘာနဲ့ သွားနေကြသလဲ''

Scan & Pdf - ရေဘဝ

ဖေဖေက စားရင်း မေးတော့ ဆွေဆွေဦးက ဖြေသည်။

"သမီး အိမ်က ကားအားရင် အတူသွားကြပါတယ် ဦး၊ မအား ရင်လည်း သူငယ်ချင်းနှစ်ယောက် နတ်တောင်၊ မော်လမြိုင် ဟိုင်းလပ်ကားလေး တွေ တားစီးကြပါတယ်"

"ကဲ… ကြည့်"

ဖေဖေက သိုက်ထွေးကို လှည့်ကြည့်သည်။

"သားက နေ့တိုင်း ဖေဖေ့ကားနဲ့ သွားနေတာ၊ ဝင်ခေါ်ပါလား"

"သိုက်ထွေးက ခေါ်မယ် ပြောပါတယ် ဦး၊ သမီးတို့က တပ်က ကား ရွာထဲ ဝင်ခေါ်ရမှာ အားနာလို့ ငြင်းထားတာပါ"

ဟု ခရေခက်က ဝင်ရှင်းပြသည်။

"ရပါတယ် သမီးရယ်၊ ဒီလိုလုပ်၊ ဆွေဆွေဦး အိမ်က ဖုန်းရှိ တယ် မဟုတ်လား၊ သိုက်ထွေးနဲ့ ဖုန်းနဲ့ ချိန်းပြီး သူငယ်ချင်း သုံးယောက် အတူတူသွား၊ အတူတူ ပြန်ကြ၊ ဘယ်သူ့ကားနဲ့ဖြစ်ဖြစ်ပေါ့"

"ဟုတ်ကဲ့ပါ ဦး"

သူငယ်ချင်းတွေ ပြန်သွားသော ညဘက်ကျတော့ ဖေဖေက ထုံးစံအတိုင်း အာမီရမ် နှစ်ပက်လောက် သောက်၍ စောင်းတီးသည်။ မေမေက သိုက်ထွေးကို ပြုံးကြည့်၍ ပြောသည်။

"တော်တော်ချစ်စရာကောင်းတဲ့ ကလေးမလေးပဲကွယ်၊ ငါ့သား နဲ့ ရိုးမှ ရိုးရဲ့လား"

သိုက်ထွေးက ရှက်ကိုးရှက်ကန်းနှင့် –

"မေမေကလည်း သားတို့က ငယ်ငယ်ကလေး ရှိသေးတာ"

ဟု ဖြေသည်။

ဖေဖေက စောင်းတီးရပ်၍ ရယ်သည်။

"သုံးယောက် လာတာ၊ မေမေ ဘယ်သူ့ ပြောတာလဲလို့ ပြန်မမေးကတည်းကတော့ မင်းအမေ မှန်းတာ သိပ်မလွဲဘူးလို့ ငါတော့ ထင်တာပဲ"

"ဟာ... ဖေဖေကလည်း"

ဖေဖေနှင့် မေမေက ရယ်သည်။

သိုက်ထွေး ရင်က အဲသည်ကတည်းက နူးညံ့စွာ ခုန်သည်။

♦

ငြိမ့်ခနဲ လေယာဉ်ဘီးနှင့် မြေကြီး ထိလိုက်မှုကြောင့် အတိတ်ဆီ လွင့်ပျံ့နေသော သိုက်ထွေး၏ အာရုံများ ပြန်လည်နိုးထလာသည်။

ဟောင်ကောင်လေဆိပ်မှာလောက် ဆက်ဆံရေး မကောင်းသော်လည်း ပိုမိုသွက်လက်မြန်ဆန်သော စင်ကာပူ လူဝင်မှုကြီးကြပ်ရေးကောင်တာကို ဖြတ်၍ ထွက်လိုက်တော့ လာကြိုနေသည့် မောင်စောထွဋ်နှင့် တိုက်ရိုက်တွေ့သည်။

"အစ်ကိုထွေး... ခါတိုင်း တည်းနေကျ ရေးဗားဗျူး မရဘူး၊ အစ်ကို စီစဉ်ခိုင်းတာလည်း အားချင်းကြီး ဖြစ်သွားလို့၊ ကျွန်တော် ဆမ်းမားဗျူးမှာ လုပ်ထားတယ်၊ မျက်စောင်းထိုးလောက်ပဲ၊ ဈေးချင်းလည်း အတူတူပဲ"

မောင်စောထွဋ် ဟိုတယ်ဘိုကင်များအကြောင်း ရှင်းပြနေတာကို စိတ်က အာရုံမရောက်။ စိတ်ထဲမှာ ခရေနှင့် ပြန်တွေ့ရဖို့သာ ရှိသည်။

''အဲဒါတွေ ထားပါ၊ မင်း ကားနဲ့ မဟုတ်လား''

''ဟုတ်တယ်၊ အစ်ကိုလည်း ပစ္စည်းသိပ်မပါဘူး မဟုတ်လား''

''မပါဘူး၊ လက်ဆွဲပဲ၊ အစ်ကိုက လူနာတစ်ယောက် သတင်းမေးဖို့ လာတာ၊ မောင့်အဲလစ်ဇဘက်မှာ၊ အဲဒီသာ တန်းမောင်း''

မောင်စောထွင်မှ မျက်ခုံးပင့်မိသည်။

''အစ်ကို ဖုန်းထဲမှာ ကြိုပြောရင် ကျွန်တော် ချိန်းထားမှာပေါ့၊ အဲဒီမှာ မသီတာ ရှိနေတာပဲ''

မသီတာ ဆိုတာက သိုက်ထွေး ကူညီဖူးသည့် မြန်မာဆရာဝန်မကလေးတစ်ဦး ဖြစ်သည်။ သိုက်ထွေးနှင့် ရွယ်တူလောက် ရှိမည်။

''မသီတာက အလုပ်ရသွားပြီလား၊ နို့... ဟောက်စ်ဆာဂျင် မြန်မာပြည်မှာ မဆင်းခဲ့ရလို့ဆို''

''ဆရာဝန်အလုပ်တော့ မဟုတ်ဘူး အစ်ကိုရ၊ ဆေးမှတ်တမ်းဌာနမှာတဲ့၊ ကဲပါ... ကျွန်တော်တို့ သွားရင်း လမ်းမှာ ဖုန်းနဲ့ ချိတ်လိုက်မယ်၊ အစ်ကို့လူနာ နာမည်က ဘယ်သူတဲ့လဲ၊ ဘာလူမျိုးလဲ''

''ဒေါ်ခရေခက်... မြန်မာလူမျိုး''

မောင်စောထွင်က ယာဉ်မောင်းနေရာတွင် ဝင်ထိုင်ပြီး ထိုင်ခုံခါးပတ်ကို ပတ်သည်။ သိုက်ထွေးက သူ့ဘေးတွင် ဝင်ထိုင်၍ သူလည်း ခါးပတ် ပတ်သည်။ မောင်စောထွင်က စက်ကို နှိုးပြီး ကားပေါ်က ဂြိုဟ်တုလမ်းညွှန်မြေပုံ ဂျီပီအက်စ်ခလုတ်ကို ဖွင့်သည်။

''တယ်ကောင်းပါလား... မင်းကားက ဘယ်လောက်တောင် ပေးရလဲ''

မောင်စောထွင်က ပြုံးသည်။

"မြန်မာပြည်က ကားကောင်းကောင်း တစ်ဝက်လောက်ပဲ အစ်ကိုရာ၊ ဒါလည်း ခုမှ ဖြစ်လာတာ၊ ရောက်ခါစက ဘယ်လောက် ရှန်းကန်ရလဲ အစ်ကိုလည်း အသိပဲဟာ"

"သိပါတယ်၊ ငါလည်း ဒီနေရာက စခဲ့တာပဲ"

မောင်စောထွဋ်က ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ကျွန်တော်တို့က ကူညီမယ့်လူ အစ်ကို ရှိသေးတယ်၊ အစ်ကို့ တုန်းကဆို ပိုဆိုးမှာပေါ့နော်"

သိုက်ထွေး ယောင်ယမ်း ခေါင်းညိတ်မိသည်။

♦

၁၀ တန်းအောင်ပြီး ဆေးတက္ကသိုလ်ဝင်မှတ်ကို မမီသော သိုက်ထွေးကို ဖေဖေက တပ်မတော် ဆေးတက္ကသိုလ်သို့ တက်စေချင်သည်။ သိုက်ထွေးက ဆရာဝန်နှင့် ဆရာမ သား ဖြစ်သော်လည်း ဆေးပညာ ဝါသနာမပါ။

သူငယ်ချင်းများ... ပြီးတော့ သူက တစ်ဖက်သတ် ချစ်ရသည့် ချစ်သူတို့နှင့် ခွဲခွာ၍လည်း ရန်ကုန်မှာ တက္ကသိုလ် သွားမတက်ချင်။ နောက်ဆုံးတော့ မော်လမြိုင်တက္ကသိုလ်မှာပင် သင်္ချာအဓိကနှင့် ကျောင်း တက်ခဲ့သည်။ ဖခင်ကြီးကတော့ သိပ်မကျေနပ်။

တစ်ဖက်ကလည်း သိုက်ထွေး နိုင်ငံခြားတွင် လုပ်ငန်းခွင် စီမံ ခန့်ခွဲရေးနှင့် ပတ်သက်သည့် ဘွဲ့တစ်ခုခု သွားယူနိုင်ရန် စိတ်ဝင်စားနေ သဖြင့် သွား၍ ရနိုင်မည့် လမ်းကြောင်းများကို လေ့လာနေခဲ့သည်။

သူငယ်ချင်းများ… ပြီးတော့ ချစ်သူတို့နှင့်လည်း သူ ထင်ထားတာထက် စော၍ လမ်းခွဲရသည်။

ဖခင်က ရန်ကုန်မြို့သို့ ပြောင်းရွှေ့ရသည့်အတွက်ပါ။ ပထမတော့ သိုက်ထွေး ဒဂုံတက္ကသိုလ်မှာ ပြောင်းတက်သည်။ နောက်ပိုင်းတွင်တော့ ကျောင်း လုံးဝထွက်ပစ်လိုက်ပြီး အင်္ဂလိပ်စာ အပါအဝင် နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့် သင်တန်းများ လိုက်တက်နေခဲ့သည်။

တိုဖယ်လ်၊ အက်စ်အေတီ စသော စာမေးပွဲများကို အမှတ်ကောင်းကောင်းနှင့် အောင်တော့ နိုင်ငံခြားတက္ကသိုလ်တွေ လိုက်လျှောက်သည်။ စင်ကာပူတက္ကသိုလ်တွင် 'လုပ်ငန်းခွင် စီမံခန့်ခွဲရေး' ဘာသာကို စကောလားရှစ်ပ်နှင့် တက်ရောက်ခွင့်ရသည်။

"သူ ပေးတဲ့ ပိုက်ဆံနဲ့ချည်းပဲတော့ သား လောက်မှာ မဟုတ်ဘူး၊ ဖေဖေကလည်း လခအပြင် ငွေပိုငွေလျှံ ရှိတာ မဟုတ်ဘူး၊ သား ဘယ်လိုလုပ်မလဲ"

"အစိုးရတက္ကသိုလ် ဆိုတော့ တရားဝင် အလုပ်လုပ်ခွင့် ရှိတယ်လို့ ပြောတယ် ဖေဖေ၊ သား အလုပ်လုပ်ရင်း တက်မယ်"

ဖခင်ကြီးက ခေါင်းခါသည်။

"စာကြည့်တိုက်အလုပ်တို့၊ ဂိုက်တို့ သက်သက်သာသာ အလုပ်တွေ ရဖို့ဆိုတာ မလွယ်ဘူး သား၊ စားသောက်ဆိုင်မှာ စားပွဲထိုးလိုဟာမျိုးတွေ လုပ်ရမှာ၊ သား လုပ်နိုင်ပါ့မလား"

သိုက်ထွေးက ရယ်သည်။

"ဖေဖေရယ်… သားက ဘာမို့လို့ မလုပ်နိုင်ရမှာလဲ၊ သား စဉ်းစားထားပြီးသားပါ၊ ဘဝဆိုတာ တစ်ခါတလေ လမ်းပျောက်နေရင်း

တောင် ရှန်းကန်ရသေးတာ၊ လမ်းစ မြင်နေလျက်သားနဲ့ မရှန်းကန်နိုင်စရာ မရှိပါဘူး''

ပြဿနာတစ်ခုပဲ ရှိသည်။

ခရေနှင့် ဘယ်တော့မှ ပြန်ဆုံနိုင်တော့မည် မသိ။

♦

ကားက ညင်သာစွာ ထိုးရပ်သည်။

ကားဆီ လျှောက်လာနေသော မသီတာ့ကိုလည်း တွေ့ရသည်။

''အစ်ကို သွားနှင့်၊ ကျွန်တော် အောက်မှာ ပါကင်သွားထိုးဦး မယ်''

မောင်စောထွဋ်က ပြောတော့ သိုက်ထွေးက ယောင်တောင်တောင် နှင့် ခေါင်းညိတ်သည်။ တံခါးကို ဖွင့်၍ ဆင်းပြီး ဆေးရုံကို မော့ကြည့် သည်။

ခရေ… ငါ ရောက်လာပြီနော်၊ နင် နေမှ နေသာရဲ့လား။

မသီတာက အနား ရောက်လာ၍ သူ့ကို ပြုံးပြသည်။

❒

- ၇ -

မသီတာက သိုက်ထွေး လက်ထဲမှ လက်ကိုင်သားရေအိတ်ကို လှမ်းယူသည်။

“မသီတာ… ကျွန်တော့်ကို လူနာဆီ တန်းခေါ်သွားပေးလို့ရမလား”

မသီတာ မျက်နှာ နည်းနည်းပျက်သွားသည်။

“ကိုသိုက်ထွေး… ကျွန်မ ရှုံးခန်း ခဏလိုက်ခဲ့ပါဦး”

“ဆရာဝန် ခွင့်ပြုချက် လိုနေလို့လား၊ ဒါဆို ကျွန်တော် ဆရာဝန်ကို သွားတွေ့မယ်လေ၊ ကျွန်တော်က ကျောက်ကပ်လှူမယ့်သူပါလို့ ပြောပေး”

မသီတာ ပါးစပ် ယောင်ယောင်ကလေး ပွင့်သွားသည်။ ပြီးတော့မှ ဣန္ဒြေဆည်လိုက်ပြီး တိုးတိုးပြောသည်။

http://mmteashop.com
May 24, 2013



"လူနာက မရှိတော့ဘူး ကိုသိုက်ထွေးရဲ့"

သိုက်ထွေး နားနှစ်ဖက် ပွင့်ထွက် အူဝေသွားသည်။

♦

မသီတာ စားပွဲရှေ့က ခုံတွင် ထိုင်မိသည်အထိ သိုက်ထွေး စကား တစ်လုံးမှ မပြောနိုင်။ အဲသည့်နေရာအထိ ရောက်အောင် ဘယ်လိုခွန်အား နှင့် လျှောက်လာခဲ့မိသည်ကိုလည်း စဉ်းစား၍မရ။

စားပွဲပေါ် တံတောင်အစုံ ထောက်၍ လက်ဖဝါးနှစ်ဖက်ထဲသို့ မျက်နှာမှောက်ချပြီး ထိုင်နေသော သိုက်ထွေးကို မောင်စောထွန်းက ပခုံးတစ်ဖက်ပေါ် လက်တင်၍ အားပေးသည်။ ပြီးတော့ မသီတာကို တိုးတိုးမေးသည်။

"ဘယ်နေ့က ဆုံးသွားတာလဲ မမ"

မသီတာက အူကြောင်ကြောင် ပြန်ကြည့်သည်။

"ဘယ်သူ့ကို မေးတာလဲ"

"ဒေါ်ခရေခက်လေ… မမပဲ မရှိတော့ဘူးဆို"

မသီတာ ကြောင်တက်တက် ဖြစ်သွားသည်။ ပြီးမှ နဖူးကို လက်နှင့် ရိုက်သည်။

"ဟုတ်သားပဲ၊ မရှိတော့ဘူးဆိုတာ မြန်မာပြည်မှာတုန်းက ဆုံးသွားမှ ပြောတဲ့စကားပဲ၊ ဆောရီး ဆောရီး… ကိုသိုက်ထွေးရေ… ကျွန်မ မရှိတော့ဘူး ပြောတာက ဒီမှာ မရှိတော့ဘူးလို့ ပြောတာ"

သိုက်ထွေး ကမန်းကတန်း မော့ကြည့်သည်။

"ဒါဆို ခရေ မသေဘူးပေါ့၊ ဟုတ်လား"

Scan & Pdf - ရေဘဝ

မသီတာက ပြုံး၍ ခေါင်းခါသည်။

"ပြန်သွားတာပါ၊ မနွေ ညနေကမှ မြန်မာပြည် ပြန်သွားတာ"

"တော်သေးတာပေါ့ မသီတာရယ်"

မောင်စောထွဋ်ရှေ… သိုက်ထွေးပါ ပြိုင်တူ ရယ်မိကြသည်။

♦

ခရေခက်ကို တာဝန်ယူ ကုသပေးနေသော ဆရာဝန်ကြီးက အစည်းအဝေးခန်းထဲတွင် ရောက်နေသည်။ နာရီဝက်ခန့် စောင့်နိုင်လျှင် တွေ့ပါမည်ဟု ဆိုသောကြောင့် မသီတာနှင့် သိုက်ထွေးတို့ ဆရာဝန်ကြီး၏ အတွင်းရေးမှူးမကလေး ရုံးခန်းအပြင်ဘက်က ဆက်တီတွင် ထိုင်စောင့် နေကြသည်။

"ပြန်သွားတယ် ဆိုတာ ပြန်လို့ရလောက်အောင် နေကောင်းလို့ လား မသိဘူး၊ သူ့ကျောက်ကပ်က အစားတောင်ထိုးဖို့ လိုတာဆိုတော့ ပျောက်တော့ ဘယ်ပျောက်ပါ့မလဲ"

သိုက်ထွေးက တိုးတိုး ရေရွတ်တော့ မသီတာက ခေါင်း တဆတ်ဆတ် ညိတ်သည်။

"မခရေကို နှစ်ခါလောက် တွေ့ဖူးလိုက်တယ်၊ မနွေက မနက် က တစ်ခါပေါ့၊ ကိုသိုက်ထွေးနဲ့ ပတ်သက်မှန်း မသိပါဘူး၊ မြန်မာချင်း ဆိုပြီး သွားအားပေးတာ၊ သူက မှန်းရခက်သားပဲ၊ အမြဲတမ်း ရယ်နေတာ၊ ရယ်စရာတွေလည်း ပြောနေတာ၊ ရောဂါကြီးကြီး ရှိနေတဲ့လူနဲ့ကို မတူဘူး"

မသီတာက သိုက်ထွေး မျက်နှာကို တစ်ချက် ခိုးကြည့်သည်။

"လှလည်း လှတယ်၊ လှတယ်ဆိုတာထက် ချစ်စရာကောင်း

တယ် ပြောရမလားဘဲ၊ အသက် သုံးဆယ်ကျော်နဲ့တောင် မတူဘူး၊ သူ့မျက်နှာက ကလေးလေးလိုပဲ၊ ကျောက်ကပ်ရောဂါ ဖြစ်နေတယ်သာ ပြောတယ်၊ ကိုယ်လုံးကလေးကလည်း သွယ်သွယ်လေး၊ အမူအရာက လည်း ကြည်လင်နေတာပဲ၊ အပျိုကြီးဆိုလို့တောင် အံ့သြနေရသေးတာ၊ အခုတော့ သူ အပျိုကြီး ဖြစ်ရတဲ့ အကြောင်းရင်းက တို့ လူပျိုကြီးနဲ့များ ဆက်စပ်နေမလားဘဲ''

သိုက်ထွေးက ပြုံး၍ ခေါင်းခါသည်။

''ကျွန်တော်တို့က သိပ်ချစ်တဲ့ ငယ်သူငယ်ချင်းတွေသက်သက် ပါပဲ၊ မော်လမြိုင်မှာတုန်းက သူရယ်.. ကျွန်တော်ရယ်.. သီဟရယ်.. ဆွေဆွေဦးရယ်.. ရည်ရည်ဝင်းရယ်.. သူငယ်ချင်းငါးယောက်က စား အတူ၊ သွားအတူ၊ စာကျက်အတူ နေခဲ့ကြတာ၊ တစ်ယောက်အိမ်ကိုလည်း အားလုံးက ကိုယ့်အိမ်လို သဘောထားကြတာ''

မသီတာက မျက်မှောင်ကုတ်သည်။

''ကိုမျိုးဆွေကရော...''

သိုက်ထွေး မသီတာကို အလန့်တကြား လှည့်ကြည့်မိသည်။

''မျိုးဆွေ... ဟုတ်လား၊ မျိုးဆွေ ရောက်လာသလား''

မသီတာ ပခုံးတွန့်သည်။

''ရောက်လာတာ မဟုတ်ပါဘူး၊ ကိုမျိုးဆွေက ဒီစင်ကာပူမှာပဲ ရှိနေတာပဲ၊ 'ကေကေ' အမျိုးသမီးနဲ့ ကလေးဆေးရုံမှာ ကလေးကင်ဆာ ရောဂါအထူးကု ဆရာဝန် လုပ်နေတာ၊ ကျွန်မနဲ့လည်း ဘုန်းကြီးကျောင်း မှာ တစ်ခါ ဆုံဖူးတော့ သိနေတယ်၊ မခရေ ရောက်ပြီး မကြာခင် သူ ကျွန်မကို ဖုန်းဆက် စုံစမ်းတယ်၊ မခရေ ရှိနေတုန်းလည်း ခဏခဏ

http://mmteashop.com
May 24, 2013



လာတွေ့တယ်၊ မော်လမြိုင်တုန်းက သူငယ်ချင်းတွေလို့ ပြောတာပဲ၊ အခု ကိုသိုက်ထွေး ရွတ်ပြတဲ့အထဲကျတော့ မပါလို့''

သိုက်ထွေး အတန်ကြာအောင် တိတ်ဆိတ်နေသည်။

ပြီးတော့မှ… မဖြေချင့် ဖြေချင်ဟန်ဖြင့် တိုးတိုး ဖြေသည်။

''သူလည်း တစ်တန်းတည်းပါပဲ၊ သူက ကျွန်တော်တို့နဲ့ အတွဲတော့ မဟုတ်ဘူး''

မသီတာ မျက်နှာကို ဖြည်းညင်းစွာ လှည့်ကြည့်၍ တိုးတိုး ဆက်ပြောသည်။

''သူကမှ ခရေ့ချစ်သူပါ''

မသီတာ ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

♦

ဆွေဆွေဦးက စစ်ရောင် ဂျစ်ကားကလေးကို မှီရပ်နေရာမှ လက်ပတ်နာရီကို စိတ်မရှည်စွာ ငုံ့ကြည့်ပြန်သည်။

''ဒီခရေတစ်ယောက်ဟာ အခုပဲ အိမ်ပြန်မယ့်ဟာကို မုန့်က ပြေးဝယ်ရသေးတယ်''

သိုက်ထွေးက ဖွဖွရယ်သည်။

''နင်ကလည်း… မုန့်က အိမ်ကျမှ ဝယ်လို့ မရတဲ့ဟာ၊ စောင့်လိုက်ပါ၊ ဘာဖြစ်လဲ''

သီဟက ရည်ရည်ဝင်းကို မေးငေါ့ပြသည်။

''ဒါဆို တို့ စောင့်မနေတော့ဘူးကွာ၊ ည ကျူရှင်ကျမှ ဆုံမယ်၊ ဟုတ်လား''

Scan & Pdf - ရေဘဝ

ရည်ရည်ဝင်းက ခေါင်းညိတ်၍ လွယ်အိတ်ကို ကောက်လွယ်ပြီး သီဟနှင့်အတူ ထွက်ရန်အပြင်-

ခရေ့ ရယ်သံကလေးက လွင့်ပျံ့ဝင်လာသည်။

စက်ဘီးကလေးတစ်စီးက ဂျစ်ကားဘေးမှာ လာရပ်သည်။ နင်းလာသူက မျိုးဆွေ။ ခရေက နောက်က ကယ်ရီယာမှာ တင်ပါးလွှဲထိုင်ပါလာရာက ခုန်ဆင်း၍ ဆွေဆွေဦး ပခုံးကို ပြေးဖက်သည်။

"ငါ မုန့်ဈေးတန်းဘေးမှာ မျိုးဆွေ စက်ဘီးနဲ့ တွေ့လို့ ဒီကောင့်ကို ဒီထိပ်အထိ ငါ လမ်းကြုံလိုက်မယ်လို့ ပြောပြီး လိုက်လာတာဟ၊ မျိုးဆွေ… တာ့တာ"

မျိုးဆွေက ခရေ့ကို လက်ပြပြီး ဆက်နင်းသွားသည်။

သိုက်ထွေးကတော့ မျိုးဆွေ ကျောကုန်းကို ကြည့်ပြီး ရင်ထဲမှာ ဝန်တိုတာလိုလို၊ သဘောထားကြီးတာလိုလို… တကယ်တမ်းတော့လည်း ခရေနှင့် သူ ဘာမှမဆိုင်ကြတာမို့ ဘာလိုလိုဖြစ်ဖြစ် ရှက်စရာပဲ ကောင်းနေသလိုလို၊ ဘာမှန်းမသိသော ခံစားချက်တွေနှင့် ကျန်နေခဲ့သည်။

သီဟကို လှည့်ကြည့်မိတော့ သူ အံ့အားသင့်သွားသည်။

သီဟက မသိမသာ အံကြိတ်ထားပါလား။

♦

ကျူရှင် မစခင်မှာ သီဟကို တိုးတိုးကပ်မေးမိသည်။

"မင်းက ခရေ့ကို မျိုးဆွေနဲ့ ရောတာ မကြိုက်ဘူးလား"

သီဟက လှည့်မကြည့်ဘဲ ရယ်သည်။

"မင်းကော ကြိုက်လို့လား"

ငါလား… ငါက ကုန်းတောင်အော်ချင်နေတာ… ဆိုသည့်စကားကို ရင်ထဲမှာသာ မျိုချလိုက်ရသည်။

“မသိဘူးလေ၊ မျိုးဆွေက ဒီ ၁၀ တန်းနှစ်ကျမှ ရောက်လာတာ၊ သူ့အကြောင်းမှ ငါ မသိတာ”

“ငါလည်း မသိပါဘူး”

သီဟက လေသံပြတ်နှင့် ဖြေသည်။

အတန်ကြာအောင် ငြိမ်နေပြီးမှ လှည့်မကြည့်သေးဘဲ တိုးတိုးဆက်ပြောသည်။

“ရုပ်ကလည်း ချောတယ်ကွာ၊ လူကြီးသားလည်း ဖြစ်တယ်၊ အတန်းထဲမှာလည်း စာအတော်ဆုံးပဲ၊ ခရေကလည်း အဲဒါကြောင့် ဒီကောင့်ကို ခင်ချင်တာ ဖြစ်မှာပေါ့၊ ဒါပေမဲ့ ဒီကောင့်ကို ကြည့်ရတာ ဘစ်မျိုးပဲကွာ၊ ငါ့စိတ်ထဲမှာ ငါတို့နဲ့ သူငယ်ချင်း လုပ်လို့ရမယ့်ကောင်မျိုး မဟုတ်ဘူးလို့ဘဲ ခံစားနေရတယ်၊ ဒီကောင်ကလည်း ခရေ့တစ်ယောက်တည်းပဲ ရွေးပေါင်းတာပါပဲ”

သီဟ ပြောမှ သိုက်ထွေး မျိုးဆွေကို မြင်ယောင်ကြည့်မိသည်။

ဟုတ်တော့လည်း ဟုတ်သည်။

မျိုးဆွေက ရုပ်လည်းချောတာ အမှန်၊ စာလည်း တော်တာ အမှန်။

သို့သော် သူ့ကို စိတ်ကူးနှင့်တောင် ခင်ကြည့်၍မရ။

သူ့မှာ တစ်ခုခု လိုနေသည်ဟု စိတ်ထဲမှာ အမြဲခံစားနေရသည်။ ဘာတစ်ခုခုလဲဟုလည်း မပြောတတ်။

နွေးထွေးဖော်ရွေမှု…

အဲဒါပဲ ဖြစ်မည် ထင်သည်။ ဒီကောင့်ပုံစံက ‘ငါ့ကို အားလုံးက ဝိုင်း၍ စိတ်ဝင်စားနေရမည်၊ ငါကတော့ ဘယ်သူ့ကိုမှ စိတ်မဝင်စားနိုင်’ ဆိုသည့် ပုံစံမျိုး။ သို့သော် ခရေတစ်ယောက်ကိုတော့ သူ တော်တော် ရောရောနှောနှော ဆက်ဆံပြန်သည်။ ခရေကလည်း မျိုးဆွေက သူ့ကို ရောရောနှောနှော ဆက်ဆံတာကို ကျေနပ်နေသည့် ပုံစံမျိုး။

သီဟ စိတ်ပူသလိုပင် မျိုးဆွေနှင့် ခရေသာ သည့်ထက် ရင်းနှီးသွားပါက မျိုးဆွေက သူတို့ သူငယ်ချင်းအုပ်စုထဲ ရောက်လာမှာ မဟုတ်ဘဲ ခရေကသာ သူတို့သူငယ်ချင်းအုပ်စုနှင့် စိမ်းသွားမည့်သဘော ရှိနေသည်။

ချစ်စရာ သူငယ်ချင်းမကလေး တစ်ယောက် ဆုံးရှုံးရမှာ နှမြောစရာ။ ဒါတင်ပဲလား··· ။

ဆက်မေးမည့် မေးခွန်းကို သိုက်ထွေး ကိုယ့်ဘာသာကိုယ်ပင် မဖြေရဲ။ သက်မ တစ်ချက်သာ ရှိုက်မိသည်။

♦

ဆွေဆွေဦး ကားဘက်သို့ ခပ်သွက်သွက် လျှောက်လာနေသည်။ မျက်နှာထားက ပြုံတော့မည့် မိုးလို။

“လာ··· သိုက်ထွေး၊ သွားရအောင်”

“ခရေရော”

“မေးမနေနဲ့၊ လာ ကားပေါ်တက်”

ပြောပြောဆိုဆို ဆလွန်းကားကလေး နောက်တံခါးကို ဆွဲဖွင့်၍ ဆွေဆွေဦး ဝင်ထိုင်လိုက်သဖြင့် ကြောင်တက်တက် ဖြစ်နေသော

သိုက်ထွေး ရှေ့ခန်း ဆွေဆွေဦးတို့ ဒရိုင်ဘာဦးလေးကြီးဘေး ဝင်ထိုင်ရသည်။

ကားကလေးက နတ်တောင်ဘက် သွားသော လမ်းမပေါ် ရောက်လာသော်လည်း ဆွေဆွေဦးက ဘာစကားမှ မပြောသေး။ နောက်ကြည့်မှန်မှ လှမ်းမြင်နေရသော ဆွေဆွေဦး မျက်နှာမှာလည်း ကျောက်တုံးတစ်တုံးလို မာကျောနေသည်။

ခရေနဲ့ နင် ဘာဖြစ်လာတာလဲ… ဆိုသည့် စကားကို သိုက်ထွေး မျိုချလိုက်ရပါသည်။

♦

ဖုန်းမြည်သံ ကြားသည်။ မေမေက-

"အေး အေး… သမီး၊ ကိုင်ထား"

ဟု ပြောသံလည်း တိုးတိုးကြားသည်။

"သားရေ… ဖုန်း"

ဖုန်းကို သွားကိုင်လိုက်တော့ ထင်ထားသည့်အတိုင်း ဆွေဆွေဦးပါ။

"သိုက်ထွေး… နင် ငါ့ကို စိတ်ဆိုးသွားလား"

"ဘုရားရေ… စူကောက်ပြီး ပါလာတာက နင် မဟုတ်ဘူးလား"

ရယ်သံတိုးတိုး ကြားရသည်။

"ငါ သိပါတယ်၊ ငါက နင့်ကို စူကောက်နေတာမှ မဟုတ်တာ၊ ဒါပေမဲ့ နင်နဲ့လည်း ဘာမှ မဆိုင်ဘဲနဲ့ ငါက နင့်ရှေ့မှာ အဲသလိုကြီးနေတော့ နင် ဘယ်ကြိုက်မလဲ၊ တောင်းပန်ပါတယ် သူငယ်ချင်းရာ၊ ငါ အရမ်းစိတ်ညစ်လာလို့ပါ"

"နင် ဘာစိတ်ညစ်တာလဲ၊ ငါ့ကို ပြောမပြဘူးလား"

ဆွေဆွေဦး ငြိမ်နေသည်။ ပြီးတော့မှ…

"ငါ ခရေ့ကို နှမြောလို့ဟ"

သိုက်ထွေး နှလုံးခုန် ရပ်သွားသည်။

"ခရေ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဟ၊ ဟိုကောင်နဲ့ အအေးဆိုင် လိုက်ထိုင်မလို့၊ ပြန်နှင့်တော့တဲ့၊ သူတို့ ကြိုက်သွားပြီပေါ့၊ ရှင်းနေတာပဲ"

သိုက်ထွေး နှလုံးသားက မီးထိသော ချိတ်လို ပျော်ကျသွားသည်။ ဆွေဆွေဦးက ဆက်ပြောနေသည်။

"မျိုးဆွေ ရန်ကုန်မှာ တက်ခဲ့တဲ့ ကျောင်းမှာ ငါ့ဝမ်းကွဲညီမတွေ ရှိတယ်၊ ဒီကောင်က စာတော့ တော်ပါရဲ့၊ ရှစ်တန်းကတည်းက ရည်းစား ထားတာတဲ့၊ ကိုးတန်းကျတော့ နောက်တစ်ယောက်တဲ့၊ အခုလည်း သူ့အဖေ မော်လမြိုင် ပြောင်းလို့သာ ပါလာတာ၊ အဲဒီ ကိုးတန်းတုန်းက တစ်ယောက်နဲ့က အဆက်အသွယ် မပြတ်ဘဲတဲ့၊ ငါ အဲဒါတွေ အားလုံး ခရေ့ကို အတန်တန် သတိပေးပြီးသားပါဟာ၊ ခရေက ရယ်ပဲနေတယ်၊ ငါ ပြောတာတွေကို အလေးအနက် မထားဘူး"

သိုက်ထွေးက ဆို့နင့်နေသော ရင်ကို အသံထွက်နိုင်စွမ်းရှိအောင် အားတင်း၍ တိုးတိုးပြန်မေးသည်။

"ဒါဆို နင်က ခရေ့ကို မျိုးဆွေနဲ့ သဘောမတူဘူးပေါ့… ဟုတ်လား"

"၁၀ တန်းနဲ့ ရည်းစားထားမှတော့ မျိုးဆွေမှ မဟုတ်ဘူး၊ ဘယ်သူနဲ့မှ သဘောမတူဘူး၊ နင် စဉ်းစားကြည့်၊ တို့တွေထဲမှာ နင်

အငယ်ဆုံး၊ ခရေက နင့်ထက် တစ်လပဲ ကြီးတယ်၊ ၁၆ နှစ်တောင် မပြည့်သေးဘူး၊ ပြီးတော့ ၁၀ တန်း ဖြေဖို့ကလည်း ၆ လပဲ လိုတော့တာ၊ အဲဒါ ရည်းစားထားစရာလား''

ငါလည်း အဲဒါကို အားနာလို့ ချစ်ချင်တာကို မချစ်ရက်ခဲ့တာ ပါဟာ၊ အားမနာတဲ့လူက ဝင်ချစ်သွားလိမ့်မယ်လို့မှ မသိခဲ့ဘဲ… ဟု ရင်ထဲကသာ ပြောမိသည်။

♦

ကြိုမှန်းထားသည့်အတိုင်းပင် ခရေနှင့် မျိုးဆွေက တတွဲတွဲဖြစ်ပြီး ကျန်သူငယ်ချင်း လေးယောက်နှင့် ကျောင်းမှာတော့ လမ်းတွေ့ နှုတ်ဆက် အဆင့်သို့ လျှောကျသွားသည်။ ညပိုင်း သူငယ်ချင်းတွေ ဆွေဆွေဦး အိမ်မှာ စုစာကျက်လျှင်တော့ ခရေ မှန်မှန်ရောက်လာသည်။ သို့သော် မျိုးဆွေအကြောင်းက မပြောဘဲ မနေနိုင်။ အထူးသဖြင့် မျိုးဆွေ ဘယ်လို စာတော်သည့်အကြောင်းနှင့် သူ့ကို ဘယ်လို စာသင်ပေးကြောင်း။

''ခရေ… နင့်ကောင် ကျန်တဲ့စာသာ နင့်ထက် တော်ချင်တော် မယ်၊ အင်္ဂလိပ်စာ နင့်ကို သင်ပေးတယ် ဆိုတာတော့ ဘယ်လိုမှ မဖြစ် နိုင်ဘူး၊ နင့်ကို အန်တီကိုယ်တိုင် အင်္ဂလိပ်စာကို စနစ်တကျ သင်ပေးထား တာ၊ တို့အားလုံးလည်း နင်ပဲ ပြန်သင်ပေးနေရတာ၊ နင် သိပ်မွှမ်းမနေနဲ့''

သီဟက ဘုတောတော့ ခရေက ရှက်ရယ် ရယ်သည်။

''အေးပါဟာ… အင်္ဂလိပ်စာတော့ ငါက ပြပေးရတာပေါ့''

http://mmteashop.com
May 24, 2013



မျိုးဆွေနှင့် ပတ်သက်၍ ကြည်နူးပြုံးပျော်မဆုံး ဖြစ်နေသော ခရေ့ အပျော်ခတ်ကလေးမှာ ၁၀ တန်း စာမေးပွဲဖြေရန် နှစ်လအလိုတွင် မုန်တိုင်းမိသလို ပြိုကျပျက်စီးသွားပြန်သည်။

ခရေ့မေမေ ကျောင်းအုပ်ဆရာမကြီး သိသွား၍ ဖြစ်ပါသည်။

♦

ခရေ့မေမေက ခရေ့ကို ဆူရုံသာမက သူတို့ သူငယ်ချင်းတစ်ဖွဲ့လုံး ကိုပါ ခေါ်၍ဆူသည်။

"သူငယ်ချင်းကောင်းဆိုတာ ဒါမျိုးကို အမုန်းခံ တားရတယ်၊ မရရင် အန်တီ့ကို ပြောဖို့ ကောင်းတာပေါ့၊ မောင်သိုက်ထွေးနဲ့ ဆွေဆွေဦး ဆိုရင် နေ့တိုင်း သမီးနဲ့ အတူသွား၊ အတူပြန်နေတာ၊ အန်တီက သားနဲ့ သမီးကိုမှ အားမကိုးရရင် ဘယ်လို လုပ်မလဲ၊ ၁၀ တန်းဆိုတာ ဒီလောက် အရေးကြီးတဲ့ အတန်း၊ လူကလည်း အရွယ်တောင် မရောက်သေးဘူး၊ ပြီးတော့ ပြိုကွဲထားတဲ့ အိမ်ထောင်တစ်ခုက ကြီးလာရတဲ့ မိန်းကလေး၊ အိမ်ထောင်ရေးကို ဒီလောက် လွယ်လွယ်စဉ်းစားစရာလား၊ အန်တီက တော့ သမီး ၁၀ တန်း မအောင်ဘဲနေမှာ စိတ်မပူနိုင်ဘူး၊ အရွယ်မတိုင်ဘဲ ရည်းစားထားတာပဲ စိတ်ပူရမှာပဲ၊ ဒီကောင်နဲ့ အဆက်အသွယ် ဖြတ်ရင် ဖြတ်၊ မဖြတ်ရင် ကျောင်းထွက်တော့လို့ ပြောထားတယ်၊ သားတို့ သမီးတို့လည်း ဝိုင်းထိန်းပေးကြဦး"

ခရေက ငိုလည်း မငို၊ စကားလည်း မပြော။

နွမ်းလျသော မျက်နှာနှင့် ခေါင်းငိုက်စိုက်ချ၍သာ နေသည်။

Scan & Pdf - ရေဘဝဲ

ထိုနွမ်းလျသော မျက်နှာကလေးကို ကြည့်၍ ရင်ထဲတွင် မည်မျှ လှိုက်ခါအောင် ကြင်နာ သနားခဲ့ရကြောင်းကို နှစ်ပေါင်း နှစ်ဆယ်နီးပါး ကြာခဲ့တာတောင် သိုက်ထွေး အမြဲ သတိရနေဆဲပဲ ဖြစ်ပါသည်။

♦

ဒေါက်တာ'ကောင်'က သက်ပြင်းချ၍ ခေါင်းခါသည်။

"အဲသည်လို လူနာမျိုး ကျွန်တော်လည်း သူ တစ်ယောက်တည်း ပဲ တွေ့ဖူးတယ်ဗျာ၊ သူ့ရောဂါက ကျောက်ကပ်မှ အစားမထိုးရင် ကျောက်ကပ်ဆေးတဲ့စက် တစ်ပတ် နှစ်ခါ သုံးပြီး တစ်သက်လုံး နေသွား ရတော့မှာ၊ ကျောက်ကပ်ကို လှူချင်ပါတယ်ဆိုတဲ့ သူ့တပည့်တွေလည်း ရှိတယ်၊ လူဆိုတာ ကျောက်ကပ် နှစ်ခု ရှိတာ၊ တစ်ခု ထုတ်လိုက်လို့ ဘာမှ မဖြစ်ဘူး၊ လှူတဲ့လူရော၊ အလှူခံရတဲ့ လူရော လူကောင်းပကတိ ဖြစ်သွားမှာလို့ ကျွန်တော်လည်း အကြိမ်ကြိမ် ရှင်းပြတာပဲ၊ လက်မခံတော့ ကျွန်တော်လည်း ဘာမှလုပ်လို့ မရဘူး"

"သူက ဘာလို့ လက်မခံရတာလဲ ဒေါက်တာ"

သိုက်ထွေးက ဝင်မေးသည်။

"အကုန်အကျလည်း ရှိတယ်ပေါ့ဗျာ၊ ဒါလည်း သိပ်ကြီး ပြဿနာတော့ မဟုတ်ပါဘူး၊ သူ့ကိုချစ်တဲ့ တပည့်တွေ ဘယ်လောက် များသလဲဆိုတာ သူ့စားပွဲပေါ်က ကတ်ပြားတွေ ခဏခဏ သိမ်းပေးနေရ တဲ့ ကျွန်တော်တို့ အသိပဲ၊ ပြဿနာက သူက သူ့ဘဝနဲ့ သူ့အသက်က လှူမယ့်လူတွေရဲ့ဘဝနဲ့ အသက်လောက် အရေးမပါတော့ဘူးလို့ ထင်နေတာ"

သိုက်ထွေး ခေါင်းရှုပ်သွားသည်။

http://mmteashop.com
May 24, 2013



"ဘယ်လို ဒေါက်တာ"

"သူက ပြောတယ်၊ သူ့ဘဝမှာ ဘာမှ ထပ်ပြီး ရစရာ·· ဖြစ်စရာလည်း မရှိတော့ဘူး၊ ရချင်တာ·· ဖြစ်ချင်တာလည်း မရှိတော့ဘူးတဲ့၊ သူ့ကို လှူချင်တဲ့ လူငယ်တွေက ရှေ့ဆက်ရမယ့်ခရီး အများကြီး ကျန်သေးတယ်တဲ့၊ ကျောက်ကပ် တစ်ဖက်တည်းနဲ့ အသက်ရှင်နိုင်တယ် ဆိုပေမယ့် မတော်တဆ အဲဒီလက်ကျန်တစ်ဖက်မှာ ရောဂါဖြစ်လို့ အဲဒီ လူငယ် ဒုက္ခရောက်ရတယ် ဆိုတဲ့ သတင်းမျိုး ကြားရရင် သူ ဘယ်လိုမှ အသေဖြောင့်မှာ မဟုတ်ဘူးတဲ့၊ ကိုယ်ကိုယ်တိုင် သေမင်းကို သေချာပေါက် ရင်ဆိုင်နေရတဲ့ အချိန်မှာ သူများ ရင်ဆိုင်ချင်မှတောင် ရင်ဆိုင်ရမှာဖြစ်တဲ့ အသက်ဘေးအတွက် လိုက်ပူနေတတ်တဲ့ လူစားမျိုး၊ ဒါကြောင့် ကျွန်တော် တစ်ခါမှ မမြင်ဖူးဘူးလို့ ပြောတာ၊ အင်းလေ··· ဒီလို စိတ်ဓာတ်မျိုးနဲ့ ဆရာမမို့လည်း တပည့်ဟောင်းတွေက ဒီလောက် ဝိုင်းချစ်ကြတာနေမှာ"

ခရေရယ်···

နင့်ကို ငယ်ငယ်တုန်းကလိုမှ ချစ်စရာကောင်းသေးရဲ့လားလို့ ငါ တွေးမိခဲ့တာ။ တကယ်တော့ ခရေ့သတ္တိ၊ ခရေ့ ဝိညာဉ်တွေနဲ့ နင်က ထာဝရ မွှေးပျံ့နေဆဲပါပဲလား။ ဒီခရေပန်းကလေးကို ငါ အနွမ်းမခံနိုင်ဘူး ခရေ··· ။

"ကျွန်တော် လှူမယ်ဆိုရင်တော့ သူ လက်ခံမှာပါ ဒေါက်တာ"

ဒေါက်တာကောင် မျက်ခုံးပင့်ကြည့်သည်။ ဘာဖြစ်လို့လဲ··· ဟုလည်း လေသံပြတ်နှင့် မေးသည်။

"ကျွန်တော်က လူငယ် မဟုတ်ပါဘူး၊ သူနဲ့ သက်တူရွယ်တူပါ၊ သိပ်ချစ်ခဲ့ကြတဲ့ ငယ်သူငယ်ချင်းတွေပါ၊ သူနဲ့ ကျွန်တော့်ကြားထဲမှာ

Scan & Pdf - ရေဘဝ

http://mmteashop.com
May 24, 2013



ဘာမှ အားနာတာ·· ငဲ့ကွက်တာ ရှိစရာ မလိုပါဘူး၊ ပြီးတော့ ကျွန်တော် သင်တယ်လေ၊ သူနဲ့ ကျွန်တော့်ကြားထဲမှာ အမျိုးအမည် သတ်မှတ်ရခက်တဲ့ ဆက်နွယ်မှုတွေ ရှိပါတယ်၊ ကျွန်တော် သူ့ကို သွားခေါ်ပြီး ပြန်လာခဲ့ပါမယ်၊ ဒေါက်တာတို့ ကျွန်တော့်ကျောက်ကပ်ကိုများ လက်ခံပေးနိုင်မလား မသိဘူး''

ဒေါက်တာကောင်က ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်သည်။

''ကျွန်တော်တို့က ဆရာဝန်တွေပဲလေ၊ ကိုယ့်လူနာကို ဘယ်လက်လျှော့ချင်ပါ့မလဲ၊ သူသာ သဘောတူရင် ပြန်လာခဲ့ပါ၊ ကျွန်တော်တို့ ချက်ချင်း လုပ်ပေးပါ့မယ်၊ ဒါပေမဲ့ မစ္စတာထွေး··· ဒီ ရောက်နေတုန်းတော့ စစ်ဆေးစရာရှိတာတွေ တစ်ခါတည်း စစ်သွားပေါ့၊ ဒါမှ မစ္စတာထွေးရဲ့ ကျောက်ကပ်ကို ကျွန်တော်တို့ ယူလို့ရ မရ သိနိုင်မှာ''

''လုပ်ပါ··· ဒေါက်တာ''

♦

မသီတာက ပြုံးစစနှင့်-

''kind of relationship difficult to be identified (အမျိုးအမည် သတ်မှတ်ရခက်တဲ့ ဆက်နွယ်မှု) တဲ့။ လှလိုက်တဲ့ စကားလုံးကလေး··· အရမ်းကို သိချင်လာပြီ···''

ဟု ပြောသည်။

သိုက်ထွေးက ပြုံး၍ ခေါင်းခါသည်။

''ဘာမှ မထူးဆန်းပါဘူး မသီတာရယ်၊ ကျန်ရစ်ဖြစ်ပြီး အရင်းနှီးဆုံး သူငယ်ချင်းတွေ ဆက်ဖြစ်နေတာကို ပြောတာပါ''

http://mmteashop.com
May 24, 2013



မသီတာက ရယ်သည်။

"ဒီလိုကိုး… ကိုမျိုးဆွေကြောင့်ပေါ့၊ ဟုတ်လား…"

သိုက်ထွေး တွေဝေစွာ ဖြေသည်။

"ပြောရတော့ ခက်သား၊ ဒီကောင်နဲ့က အရင်ပြတ်သွားတာ၊ ဒါ ထက် နေပါဦး… ဒီကောင်က အိမ်ထောင်ကျနေပြီ မဟုတ်လား"

"သမီးကလေးတစ်ယောက်တောင် ရနေပြီ၊ ကိုသိုက်ထွေး သူနဲ့ တွေ့ချင်သေးတာလား"

"တွေ့မှဖြစ်မယ် ထင်တယ်၊ ခရေက ဒီမှာ ဆက်သွယ်ဖို့ လိပ်စာ ကို မော်လမြိုင်လိပ်စာ ပေးသွားတယ်၊ ဒေါက်တာကောင်က သူ့ကို ရန်ကုန်မှာ ခဏနေပြီး ရန်ကုန်က ကျောက်ကပ်ရောဂါအထူးကု ပါမောက္ခကြီးနဲ့ ဆက်ပြ နေဖို့ လွှဲစာ ရေးပေးလိုက်တယ် ဆိုတော့ ကျွန်တော်က ရန်ကုန်မှာ သူ့ကို သွားရှာရမှာ၊ မျိုးဆွေက ဆရာဝန် ဆိုတော့ ရန်ကုန်မှာ ဆက်ပြဖို့ ချိတ်ပေး လိုက်မှာ သေချာတယ်၊ ခရေ့ကို ဘယ်လို ရှာရမလဲ၊ သူမှ လမ်းညွှန်တတ် မှာ၊ နို့မို့ဆို မော်လမြိုင် တစ်ခေါက် လိုက်သွားပြီး မေးနေရဦးမယ်"

မသီတာ ခေါင်းညိတ်သည်။

"ကျွန်မ ဖုန်းသွားဆက်လိုက်ဦးမယ်"

တယ်လီဖုန်းဆီ လျှောက်သွားသော မသီတာ၏ ကျောပြင်ကို ကြည့်ရင်း သိုက်ထွေး သက်ပြင်းထပ်ချမိပြန်သည်။

သည်ညလည်း ပန်းအကြွေကလေး ရေထဲမှာ မျောလာတာကို အိပ်မက်မက်လိမ့်ဦးမည်ဟု သူ ထင်သည်။

❐

Scan & Pdf - ရေဘဝ

- ၄ -

'စတားဘတ်' ကော်ဖီဆိုင်ထဲတွင် ရတောင့်ရခဲ ထောင့်နေရာကောင်းကောင်း ကလေးကို ရလိုက်သဖြင့် သိုက်ထွေး 'အက်စ်ပရက်ဆို' ကော်ဖီပူပူကို မှုတ်သောက်ရင်း 'အောချပ်' လမ်းမပေါ်တွင် မိုးဖွဲဖွဲကြားထဲမှပင် ပျားပန်း ခတ်မျှ သွားလာနေကြသော လူအုပ်ကြီးကို မှန်ပြတင်းဝမှတစ်ဆင့် ငေးကြည့်နေမိသည်။

တစ်ချိန်က သည် တိုးဝှေ့ပြေးလွှားနေသော လူအုပ်ကြီးထဲမှာ မြန်မာပြည်က လာသည့် 'သိုက်ထွေး' ဆိုသည့် လူငယ်တစ်ဦးလည်း ပါခဲ့တာပေါ့။

အသက်က ယခုထက် ဆယ်နှစ်လောက် ငယ်မည်။ အလေးချိန် က ၅ ပေါင်နှင့် ၁၀ ပေါင်ကြားထဲ လျော့နည်းမည်။ တစ်ချိန်လုံး အံကြိတ်နေရသဖြင့် မျက်နှာပေါ်က အရေးအကြောင်းတွေကတော့ ယခု

http://mmteashop.com
May 24, 2013



ထက်တောင် များဦးမည်လား မသိ။ မျက်လုံးတွေကတော့ မျှော်လင့်ခြင်းတွေ၊ ဆန္ဒဇောတွေနှင့် တဖျပ်ဖျပ် လက်နေကောင်း လက်နေနိုင်သည်။

အင်း… အသည်းနှလုံးကတော့…

ကိုယ့်အကြောင်း ကိုယ် တွေးရင်း ယဲ့ယဲ့ပြုံးမိသည်။

အသည်းနှလုံးကတော့ အဲသည်တုန်းကလည်း ထက်ခြမ်းခွဲပြီးမှ ရေခဲသေတ္တာထဲ ထည့်ထားသည့် ပန်းသီးကလေးတစ်လုံးလို ကွဲကွဲအေးအေးခဲခဲကလေး။ ယခုလည်း ကွဲကွဲ ခဲခဲကလေးပါပဲ။ ယခုတော့ အသက်အရွယ်အရ နွမ်းစ၊ ဝါစ၊ ဆွေးစပြုပြီပေါ့။ ဒါပဲ ကွာမည် ထင်သည်။

ခရေရယ်…

ဒီလောက် နှစ်တွေအများကြီး ကြာအောင် နင့်အကြောင်း မစုံစမ်းဘဲနဲ့ ငါ ဘာလို့များ နေနေနိုင်ခဲ့ရသလဲ မသိဘူး၊ ငါ ရူးများသွားနေခဲ့တာလားဟာ။

ရူးနေသည့်လူက ကိုယ့်ဘဝကို ကိုယ် သည်လောက် အောင်မြင်အောင်တော့ လုပ်မိနိုင်ခဲ့လိမ့်မည်ဟု မထင်။ လူကောင်းပကတိဟု ပြောရအောင်ကလည်း အဲသည် ရေခဲသေတ္တာထဲက ပန်းသီး အကွဲကလေးကို နှစ်ပေါင်း နှစ်ဆယ်လောက် သည်အတိုင်းပဲ ထားခဲ့တာ တော်တော်လွန်သည်ဟု ဆိုရပေမည်။

"သိုက်ထွေး…"

ရုတ်တရက် အနားမှ ခေါ်သံကြောင့် သိုက်ထွေး လန့်၍ တုန်တက်သွားပြီး လှည့်၍ မော့ကြည့်မိသည်။

Scan & Pdf - ရေဘဝဲ

ဆံပင်ဖြူအနည်းငယ် စွက်စပြုပြီး ငယ်ထိပ်မှာ ပါးစပြုနေသည့် လူဝကြီးတစ်ယောက်က သူ့ဘေးမှာ မတ်တတ်ရပ်၍ ပြုံးကြည့်နေသည်။ အသွင်အပြင်ကတော့ စင်ကာပူနွယ်ဖွား တရုတ်လူမျိုးနှင့်ပဲ တူသည်။ သို့သော် အသံက မြန်မာအသံမှ မြန်မာသံစစ်စစ်။

ပြီးတော့ အိကွေတာနှင့် ငါးဒီဂရီပဲ ဝေးသည့်ဒေသမှာ အနောက်တိုင်း ဝတ်စုံကို အပြည့်အစုံ သပ်ရပ်စွာ ဝတ်ထားသည်။ ဆရာဝန်လား၊ စီးပွားရေးလုပ်ငန်းရှင်လား… တစ်ခုခုပါပဲ။

ဘုရားရေ…

ဟုတ်ပါရဲ့… ငါ ဒီမှာ မျိုးဆွေနဲ့ ချိန်းထားတာပဲ။

"မျိုးဆွေ…"

လူဝကြီးက ပြုံး၍ ခေါင်းညိတ်ပြပြီး ဝင်ထိုင်သည်။

♦

"နှစ်ပေါင်းနှစ်ဆယ်၊ ဒီရုပ်အတိုင်း မပြောင်းလဲလောက်အောင် ဘာဆေးများ ဆောင်ထားလဲ သူငယ်ချင်း၊ အက်စ်ပရက်ဆိုဒက်ဘယ်လ် ကြောင့်တော့ မဟုတ်တန်ရာပါဘူးနော်"

မျိုးဆွေက သိုက်ထွေး ရှေ့က ကော်ဖီခွက်ကို မေးငေါ့ပြ၍ ခပ်ဖွဖွရယ်ရင်း သူ ယူလာသော ကပူချီနိုကော်ဖီခွက်ထဲသို့ သကြားနှစ်ထုပ် ဖောက်ထည့်သည်။

သိုက်ထွေးက သက်ပြင်းသာ ချမိသည်။

http://mmteashop.com
May 24, 2013



သူ့ကို လူတော်တော်များများက 'ငယ်ငယ်တုန်းကအတိုင်းပဲ၊ ရုပ် လုံးဝပြောင်းမသွားဘူး'ဟု ပြောတာ ခဏခဏ ကြားခဲ့ဖူးသော်လည်း အရွယ်တင်သည် ဆိုသည့် စကားက အသက် ၃၀ ကျော်အတွက် စောလွန်းသေးသည်ဟု သူ အမြဲထင်ခဲ့မိသည်။ မျိုးဆွေကို တွေ့လိုက်ရတော့လည်း သည်စကားက လိုပဲလိုအပ်နေသလိုလို။

စကားလမ်းကြောင်းကို ခရေ့ဘက်သို့ ပြန်ဦးတည်ရသည်။

"ခရေလည်း မပြောင်းလဲဘူးဆို"

မျိုးဆွေ၏မျက်နှာ ရုတ်တရက် ထိခိုက်ကြေကွဲဟန် ပေါ်လာသည်။

လက်ထဲက ကော်ဖီခွက်ကို အယောင်ယောင်အမှားမှားနှင့် နှုတ်ခမ်းဆီသို့ တေ့သည်။ ပြီးမှ ပူလွန်းသေးတာကို သတိပြုမိဟန်နှင့် ပြန်ချသည်။

"မပြောင်းပါဘူးကွာ… တစ်စက်မှ မပြောင်းဘူး၊ မပြောင်းသမှ…"

မျိုးဆွေက သိုက်ထွေး မျက်နှာကို တစ်ချက် ဝေ့ကြည့်သည်။

"စကားသုံးခွန်း ပြောရင် တစ်ခွန်းက 'သိုက်ထွေး ပြောသလိုပေါ့'လို့ ထည့်ပြောတတ်တာက အစ အရင်အတိုင်းပါပဲ"

သိုက်ထွေး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

♦

မျိုးဆွေက ဖွဖွရယ်သည်။

"ဒီအရွယ်ကျမှ ဒါတွေ ပြန်ပြောနေရတာလည်း တစ်မျိုးတော့ စိတ်ဝင်စားစရာ အကောင်းသားကွ၊ ဒါကြောင့် ငါ မင်းကို အိမ်မှာ

Scan & Pdf - ရေဘဝဲ

မချိန်းဘဲ ဒီမှာ ချိန်းလိုက်ရတာ၊ မင်း ငါ့ကို မနာလိုဖြစ်နေတုန်းက ငါ သိခဲ့တာလေ၊ အံ့သြစရာကောင်းတာက မင်းကို ငါ တစ်ချိန်လုံး မနာလို ဖြစ်နေခဲ့တာ မင်း မသိတာဘဲ"

သိုက်ထွေး ခေါင်းရှုပ်သွားသည်။

"မင်း ပြောတာ ငါ မရှင်းဘူး"

မျိုးဆွေက ရယ်သည်။

"ရှင်းရှင်းကလေးပါကွာ၊ ၁၀ တန်းတုန်းက ငါနဲ့ ခရေ ချစ်သူ တွေ ဖြစ်ကြတယ်၊ ငါက ရှစ်တန်းကတည်းက ရည်းစားထားနေကျ ဆိုတော့ ပထမတော့ ခပ်ပေါ့ပေါ့ပါပဲ။ ပြီးတော့ အဲဒီတုန်းက ငါက မင်း သိတဲ့အတိုင်း ခပ်မြောက်ကြွမြောက်ကြွကောင် မဟုတ်လား"

သိုက်ထွေး မသိမသာ ပြုံးမိသည်။ မျိုးဆွေက ဆက်ပြောသည်။

"ခရေ့ကို မင်းတို့တစ်ဖွဲ့လုံး ယောက်ျားလေးတွေရော၊ မိန်းကလေး တွေပါ တော်တော်ဝိုင်းချစ်ကြတယ်လေ၊ ငါ့ကိုတော့ ကြွစောင်းစောင်း ဆိုပြီး ကြည့်မရဘူး မဟုတ်လား၊ ငါက အဲဒါ သိရလေ ခရေ့ကို ရအောင် ကြိုးစားလေ၊ မင်းတို့ကို ပြချင်တာလည်း ပါတာပေါ့ကွာ၊ ကျောင်းဆင်း ချိန် ငါနဲ့ ခရေ စက်ဘီးနဲ့ ဝင်လာတုန်းက မင်းနဲ့ သီဟ ဖြစ်သွားတဲ့ မျက်နှာကြီးတွေကွာ… ငါ ခုထက်ထိ မှတ်မိသေးတယ်၊ ဟား ဟား ဟား… စိတ်မဆိုးနဲ့နော် သူငယ်ချင်း"

သိုက်ထွေး လိုက်ရယ်မိသည်။

"စိတ်ဆိုးရမယ့်အချိန် မဟုတ်တော့ပါဘူးကွာ"

"အေး… ငါနဲ့ ခရေက ချစ်သူတွေ ဖြစ်သွားတဲ့အထိက ငါ့ဘက်ကတော့ သိပ်လေးလေးနက်နက် မရှိခဲ့တာ အမှန်ပဲ၊ ခရေကတော့

http://mmteashop.com
May 24, 2013



ငါ့ကို တော်တော်ကြွေနေတယ်လို့ ထင်တာ၊ တကယ်လည်း ခရေနဲ့ ရင်းရင်းနှီးနှီး နေကြည့်ရော ခရေက အံ့သြဖို့ကောင်းလောက်အောင် ချစ်စရာကောင်းတဲ့ မိန်းကလေး ဖြစ်နေတာ ငါ မမျှော်လင့်ဘဲ တွေ့ခဲ့ရတယ်ကွာ"

♦

"နင် ငါနဲ့ လိုက်လာတာ ဆွေဆွေဦးက နင့်အမေကို ပြန်ပြောရင် ဘယ်လိုလုပ်မလဲ"

မျိုးဆွေက စက်ဘီးနင်းနေရင်းက မေးသည်။ သူ့ခါးကို ဖက်တွယ်ထားသော ခရေ့ လက်ကလေးများ အနည်းငယ် တင်းခနဲ ဖြစ်သွားတာ သတိထားမိသည်။

"ပြဿနာတက်မှာပေါ့"

ဟု တိုးတိုးလေး ပြောသည်။

"အဲဒါဆို ဘာလို့ နင် အမှန်အတိုင်း ပြောခဲ့သလဲ"

ခရေ့ဆီက ရယ်သံသဲ့သဲ့ ကြားရသည်။

"ပြဿနာ တက်ချင်လို့လေ"

"လုပ်ပြီ"

မျိုးဆွေက နှုတ်ခမ်းစူ၍ အအေးဆိုင်ရှေ့တွင် စက်ဘီးကို ထိုးရပ်သည်။ ခရေက သွက်လက်စွာ ခုန်ဆင်း၍ မျိုးဆွေကို ပြုံးစေ့စေ့ ကြည့်နေသည်။

"နင်ကလေး… ပြောလိုက်ရင် ပေါ့ပေါ့လေးပဲ၊ နင် တစ်ခုခု ညာပြောခဲ့လည်း ရတာပဲ"

Scan & Pdf - ရေဘဝ

"ငါမှ မညာတတ်တာ"

"အောင်မယ်… ညာနည်းပဲ ငါက သင်ပေးရဦးမှာလိုလို"

ခရေခက်က လှပစွာ ရယ်သည်။

"ညာရင် အဆင်ပြေတယ်ဆိုတာ သိလျက်သားနဲ့ ညာရမှာကို ပြဿနာတက်မှာထက် ကြောက်တတ်တဲ့ လူတွေ လောကကြီးမှာ အများကြီး ရှိတာယ် မျိုးဆွေ၊ ငါ သိသလောက်တော့ ငါ့အဖေလည်း ငါ့အမေ မေးတုန်းက ညာလိုက်ရင် ပြဿနာ အဲသလောက်ကြီးမှာ မဟုတ်ဘူးတဲ့၊ အမှန်အတိုင်း ဝန်ခံတတ်တဲ့ ဝသီကြောင့် ကွဲကြရတာတဲ့၊ ငါလည်း အဖေ့သမီးပဲ၊ ညာတော့ မပြောဘူး၊ ပြဿနာတက်ခါမှ တက်ရော"

မျိုးဆွေက ကျွတ်ခနဲ မြည်တမ်းသည်။

"မမြင်ဖူးတဲ့ အဖေနဲ့တောင် နင်က တူချင်နေသေးတယ်၊ နင် အဲသလို မညာဘဲ နေတော့ ပြဿနာတွေ တက်ရင် နင်ပဲ ခံစားရမှာလေ"

ဂရေက ပခုံးတွန့်ပြသည်။

"အဲဒါ ခံစားရ နည်းနည်းပဲ၊ ကိုယ် ညာထားမှန်းသိပြီး အဲဒါကြီးကို ထပ်ဖုံးဖိနေရတာကြီးကမှ ငါ တကယ် မခံစားနိုင်တာ၊ မနေတတ်ဘူး"

မျိုးဆွေ လက်နှစ်ဖက် မြှောက်ပြသည်။

"နားမလည်နိုင်တော့ပါဘူး ဒေါ်ခရေခက်ရယ်"

♦

နို့သစ်ခွ အအေးနှစ်ခွက် ရောက်လာသည်အထိ မျိုးဆွေက မကျေနပ်နိုင်သေး။

"ဒါဆိုလည်း နင် အနည်းဆုံး ဆွေဆွေဦးနဲ့ သိုက်ထွေးကိုတော့ အိမ်ကို ပြန်မပြောဖို့ စည်းရုံးသင့်တာပေါ့"

ခရေက အအေးခွက်ကို ပိုက်နှင့် မွှေနှောက်ရင်းက တွေဝေ စဉ်းစားနေသည်။

"သူတို့က ငါ့ကို သိပ်ချစ်တာဟ၊ တကယ်လို့ သူတို့က ငါ လုပ်တာ တစ်ခုခုကို သွားတိုင်တယ်ဆိုရင် အဲဒါ ငါ တကယ် မှားနေလို့ ပဲ၊ သူတို့ဟာသူတို့ ဆုံးဖြတ်ပါစေ"

မျိုးဆွေက မဲ့သည်။

"ငါ့ထက်များ သူတို့က နင့်ကို ပိုချစ်တယ် ထင်နေလို့လား"

ခရေ ပခုံးတွန့်ပြသည်။

"မသိဘူးလေ၊ ဒါက ရေရှည်ကျမှ သိနိုင်မယ့်ကိစ္စဟာ"

မျိုးဆွေ ပါးစပ် ဟသွားသည်။

"ဟာ… ခရေ… ငါက ချစ်သူလေ၊ ဟိုဟာက သူငယ်ချင်း တွေလေ"

ခရေ ခေါင်းခါသည်။

"သံယောဇဉ်က သံယောဇဉ်ပဲ၊ အမျိုးမျိုးအစားစား တကယ် ရှိ မရှိ ငါ မသိဘူး၊ ငါ နင့်ကိုလည်း ချစ်တာပဲ၊ သူတို့ကိုလည်း ချစ် တာပဲ၊ အဲဒီအချစ်နှစ်ခုက တစ်မျိုးစီလား၊ တစ်မျိုးတည်းလား၊ ငါ တကယ့်ကို မသိဘူး၊ အခု နင့်မှာ လက်တစ်ဖက် လိုချင်ရင် ငါ လက် တစ်ဖက် ဖြတ်ပေးချင်တဲ့ စိတ်မျိုး ငါ့မှာ တကယ်ရှိတယ်၊ သူတို့အပေါ် လည်း ရှိတာပဲ၊ သူတို့လည်း ငါ့အပေါ်မှာ ဒီလိုပဲ ဆိုတာ ငါ သေချာတယ်"

ခရေက မျက်လုံးဝင့်ကြည့်သည်။

http://mmteashop.com
May 24, 2013



"နင်တော့ သိပ်မသေချာဘူး"

ချက်ကောင်း ထိသွားသလို မျိုးဆွေ ငြိမ်ကျသွားသည်။

ခဏနေမှ တိုးတိုးပြောသည်။

"နင် သိုက်ထွေးဖြစ်ဖြစ်၊ သီဟာဖြစ်ဖြစ်ကို ရွေးခဲ့ဖို့ ကောင်းတာ"

ခရေက ရယ်သည်။

"အချစ်ဆိုတာ ရွေးနေရတဲ့ အမျိုးမှ မဟုတ်တာ၊ ငါ နင့်လည်း ချစ်တာပဲ၊ သူတို့လည်း ချစ်တာပဲ၊ သူတို့ကိုကျတော့ သူငယ်ချင်းအနေနဲ့ ချစ်လွန်းလို့ သူငယ်ချင်းဘဝက ဆုံးရှုံးသွားမှာ ငါ ကြောက်နေခဲ့တာ လေ၊ နင်ကတော့ သူစိမ်းဘဝကနေ ချစ်သူဘဝကို ရာထူးတိုးပေးလိုက်တာ"

မျိုးဆွေ လက်မြှောက်ရပြန်သည်။

"ကဲ… ဒေါ်ခရေခက်၊ ခင်ဗျားရဲ့ ပွင့်လင်းလွတ်လပ်တဲ့ အတွေးအခေါ်တွေ ရှေ့မှာ ကျွန်တော် လက်နက်ချပါတယ်ဗျာ"

♦

မျိုးဆွေက ကော်ဖီပန်းကန်ကို ပြန်ချ၍ တိုးတိုးရယ်သည်။

"အဲဒီနေ့ကတည်းကစပြီး မင်းနဲ့ သီဟကို ငါ နေ့တိုင်း မနာလို ဖြစ်နေခဲ့တာ မောင်၊ ခရေနဲ့ တွဲတာ ကြာလေလေ၊ ခရေဟာ သိပ်ချစ်စရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ကြောင်း သိလာလေလေ ခရေ့ ကို ပိုပိုချစ်လာလေလေ အဲဒီမှာ ခရေ့ရဲ့ အနီးဆုံးနေရာမှာ ရှိနေတာ ငါ မဟုတ်ဘဲနဲ့ မင်းနဲ့ သီဟ အထူးသဖြင့် မင်း… မင်း ဖြစ်နေတာကို သိလာလေလေ မင်းကို မနာလို ဖြစ်လာလေလေပေါ့"

Scan & Pdf - ရဘာဝ

သိုက်ထွေး ရုတ်တရက် ဘာပြန်ပြောရမည် မသိ။

ခဏနေမှ တွေးတွေးဆဆ ပြောသည်။

"မင်းတို့ ကွဲသွားကြတာတော့ ခရေ့ မေမေကြောင့်ပါနော်"

မျိုးဆွေ ခေါင်းညိတ်ပြသည်။

"ကံလည်း ပါတယ်ကွ၊ ခရေက ပြောတာက ၁၀ တန်း အောင်စာရင်း မထွက်မချင်း ခွဲနေကြစို့လို့ ပြောတာ၊ သူ့အမေ မရိပ်မိအောင်ပေါ့၊ အဲဒီနောက် မင်း သိတဲ့အတိုင်း ငါ့မိဘတွေက ရန်ကုန်ပြောင်းရတော့ ငါလည်း ၁၀ တန်းဖြေပြီး ရန်ကုန် လိုက်သွားရတာပေါ့၊ ငါ့သူငယ်ချင်းတစ်ယောက်ဆီကနေ ငါနဲ့ ခရေ စာတော့ အဆက်အသွယ်လုပ်နေကြသေးတယ်၊ အောင်စာရင်းထွက်ပြီး ခရေ ရန်ကုန် တက်လာရင်ငါနဲ့ တိုးမိတာကတော့ တကယ့်ကို မမျှော်လင့်ထားတဲ့ ဖြစ်ရပ်ပါ၊ အဲဒီအချိန်မှာ ငါနဲ့ ငါ့ ၉ တန်းတုန်းက ကောင်မလေးနဲ့ အတူ ရှိနေတာကလည်း တကယ့်ကို မတော်တဆ ဆုံမိတာပါ၊ နောက်တော့ မင်း သိထားတဲ့အတိုင်း ငါ ဘယ်လိုမှ ရှင်းပြလို့မရတော့ဘဲ ခရေ ငါ့ကို ဖြတ်သွားတာပဲ"

သိုက်ထွေး ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အဲဒီနေ့က ခရေနဲ့ ပါလာတာက ဆွေဆွေဦး ဖြစ်နေတယ်လေ၊ သူက မင်း ပထမကောင်မလေး ဓာတ်ပုံကို အုပ်စုပုံတစ်ခုထဲမှာ တွေ့ဖူးထားတာ၊ ဆွေဆွေဦးကလည်း အဲဒါမျိုး သိပ်မှတ်ဉာဏ်ကောင်းတဲ့ ကောင်မလေး၊ မင်း ဘယ်ဖြေရှင်းလို့ ရမလဲ"

မျိုးဆွေက ပြုံးသည်။

"အဲဒါနဲ့ပဲ ခရေ့ကို မင်း ချစ်ရေးဆိုခွင့် သာသွားတာပေါ့ကွာ"

http://mmteashop.com
May 24, 2013



သိုက်ထွေး မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"အဲဒါက နောက် လပေါင်းများစွာ ကြာမှပါကွာ၊ ဒါ့ထက် မင်း အိမ်ထောင်ကျနေပြီဆို၊ ဘယ်က အမျိုးသမီးလဲ၊ မြန်မာပဲလား"

မျိုးဆွေက ရှက်ရယ် ရယ်သည်။

"အဲဒီ ဇ တန်းတုန်းက ကောင်မလေးပါပဲ"

သိုက်ထွေး ပါးစပ် ပွင့်သွားသည်။

"အောင်မာကွာ… ဒါနဲ့များ မဟုတ်ဘူးလေး ဘာလေး"

"ဟ… တကယ် မဟုတ်တာလေကွာ၊ ဒါတွေက ခပ်ရှုပ်ရှုပ် ပါကွာ၊ ကွန်ပလီကိတ်တစ်၊ မင်းပဲ စဉ်းစားကြည့်၊ ခရေနဲ့ ငါနဲ့ အဲဒီ ကတည်းက ပြတ်သွားတာ မင်း ပရိုပို့စ် လုပ်တာ ငါ ဘယ်လိုလုပ် သိသလဲ"

သိုက်ထွေး မျက်ခုံး ပင့်ကြည့်သည်။

"အေး… ဟုတ်သားပဲ၊ ဘယ်လိုလုပ် သိသလဲ"

"စုံစမ်းနေလို့ပေါ့ကွ၊ ခရေ ချစ်သူဟောင်းဘဝမှာ ငါ နှစ်ပေါင်း များစွာ ကြာခဲ့တာနော် ဟေ့ကောင်၊ နောက်ဆုံး ဒီကို ထွက်လာခါနီးမှ စိတ်လျှော့လိုက်တာ၊ မင်းလို တစ်ခါ ပြောမရတာနဲ့ ထားခဲ့ပြီး ကမ္ဘာ လျှောက်ပတ်နေတဲ့ကောင် မဟုတ်ဘူး"

အရိုက်ထိသွားသဖြင့် သိုက်ထွေး အောင့်သက်သက်နှင့် ရယ် နေရသည်။

♦

Scan & Pdf - ရေဘဝဲ

“ကဲ… အဲဒါတွေ ထားပါဦး၊ အခု ခရေ့ အခြေအနေ ပြော ပါဦး၊ ပြန်သွားတယ်ဆိုတာ ပြန်သွားရလောက်အောင်ရော နေကောင်း လို့လား”

မျိုးဆွေ မျက်နှာမှ အပြုံးများ ပျောက်ကွယ်သွားသည်။

“ဒီအတိုင်း ကြည့်လို့ကတော့ ကောင်းနေတာပေါ့ကွာ၊ ဒါပေမဲ့ မင်းတို့ နားလည်လွယ်အောင် ပြောရမယ်ဆိုရင်တော့ အချိန်ကိုက်ဗုံး တစ်လုံးလို ဖြစ်နေတာ၊ သွေးထဲကနေ ကျောက်ကပ်က ဆေးမပစ်နိုင်တဲ့ ဓာတ်တွေက တက်လာလိုက်၊ စက်နဲ့ ဆေးချလိုက်ရင် ပြန်ကောင်းသွား လိုက်၊ မဆေးနိုင်တဲ့ တစ်နေ့ ဒုက္ခရောက်မှာပဲ၊ ခရေက အဲဒါ မော်လမြိုင် ပြန်ဦးမလို့တဲ့၊ ငါတော့ အတင်း ရန်ကုန်မှာပဲ ခဏနေခိုင်းထားတယ်၊ စက်က လောလောဆယ် ရန်ကုန်မှာပဲ ရှိတာကိုး”

သိုက်ထွေး ခေါင်းညိတ်ပြသည်။

“ငါ ကြားပြီးပြီ၊ ငါ လိုက်သွားမလို့၊ သူ တည်းတဲ့ လိပ်စာ မင်း သိလား”

မျိုးဆွေက ယဲ့ယဲ့ပြုံးသည်။

“ဥက္ကလာမှာ ငါ့ဦးလေး အိမ်နဲ့ ခြံနဲ့ ဒီအတိုင်း ပိတ်ထားတယ်၊ ငါ့ကို သော့အပ်ထားတယ်၊ အစောင့်တွေပဲ ရှိတယ်၊ ငါ သူ့ကို အဲဒီမှာ ခဏနေဖို့ စီစဉ်ပေးထားတယ်၊ သူ့တပည့်မလေးတွေ တချို့လည်း လာ နေပေးမလို့တဲ့”

“ကောင်းလိုက်တာကွာ၊ ကျေးဇူးပဲ၊ ငါ့ကို အဲဒီလိပ်စာ ရေး ပေးစမ်းပါ”

မျိုးဆွေက စာရွက်အသေးတစ်ရွက် ထုတ်၍ လိပ်စာ ရေးပေးပြီး သိုက်ထွေးကို လှမ်းပေးသည်။

"ဖုန်းနံပါတ်တော့ မရှိဘူးကွ၊ မင်း သွားရှာမှ ရမယ်"

"ရတယ် သူငယ်ချင်း၊ ငါ တန်းသွားမှာ"

"ဘယ်တော့လဲ"

"မနက်ဖြန်"

♦

လရောင်က ဖျော့ဖျော့ကလေး။

ပျဉ်ထောင်အိမ် မီးဖိုချောင်ထဲတွင်သာ လျှပ်စစ်မီးသီး ဝါကြန့်ကြန့် တစ်လုံး ထွန်းထားသည်မို့ ညှော်ခန်းက မည်းမှောင်နေသည်။

အဲသည့်ညှော်ခန်းနှင့် ဖိနပ်ချွတ်ကပြင်ကလေး ဆက်စပ်ရာ ဘောင်မှာ အသက် ၁၆ နှစ်အရွယ် မိန်းမငယ်ကလေးတစ်ဦး ထိုင်နေသည်။

ခရေ··· ပေါ့။

ဖြူလွသော မျက်နှာကို လရောင်က တစ်ဝက်လေး လင်းထားသည်။ ပခုံးပေါ် ဝဲကျနေကျ ဆံနွယ်ရှည်တွေကို လက်ကိုင်ပဝါကလေးနှင့် ကပိုကရို လည်ကုပ်နောက်မှာ စုချည်ထားသော်လည်း နဖူးပြင်ပေါ်မှာ အုပ်လုံးမမီသော ဆံနွယ်တချို့ ဟီးလေးခိုနေသည်မှာ ဆေးမကူ၊ သနပ်ခါး မခြယ်သော မျက်နှာလှလှကလေးနှင့် အလွန်လိုက်ဖက်သည်ဟု သိုက်ထွေး ထင်သည်။

ဘလောက်အင်္ကျီ ကာကီရောင် ဝါဖန့်ဖန့်၊ ချည်လုံချည် ကျောင်းစိမ်းကလေး အောက်က လရောင်မှာ တိတ်တခိုး ထွက်ပြူနေ

သော ခြေဖမိုးနုနုကလေးအပေါ်ကို ကျော်၍ သိုက်ထွေး မကြည့်ရဲ။ ကြည့်လျှင် စိတ်ရှုပ်နေသည့် မျက်နှာကလေးကို မြင်ရမည်။

ဖိနပ်ချွတ်မှာ တင်ပျဉ်ခွေ ခေါင်းငုံ့ထိုင်ရင်းက သိုက်ထွေးလည်း စိတ်အိုက်နေသည်။ ခေါင်းငုံ့ထားရင်းက ခရေ့မျက်နှာကို တစ်ချက် တစ်ချက်သာ ခိုးကြည့်နေရသည်။

"သိုက်ထွေးရယ်…" ဟု တိုးတိုးကလေး ညည်းတွားသည်။

"ငါနဲ့ မျိုးဆွေ ကိစ္စတွေလည်း နင် သိထားရက်နဲ့ဟယ်"တဲ့။

"ဘာဆိုင်လို့လဲ၊ မျိုးဆွေ မတိုင်ခင်ကတည်းက ငါက ချစ်နေတာ၊ ငါတို့ နင်တို့ ငယ်သေးလို့ ငါ မပြောရဲခဲ့တာ၊ မျိုးဆွေနဲ့ နင် ရှိနေတုန်းကလည်း ငါ ချစ်နေတာပဲ၊ ငါ ဘယ်လောက် ခံစားခဲ့ရတယ် မှတ်သလဲ"

ခရေက အောက်နှုတ်ခမ်းကလေးကို မသိမသာ ကိုက်သည်။ အိမ်အတွင်းဘက်သို့ တစ်ချက် ယောင်ယမ်းလှည့်ကြည့်သည်။ အိပ်ရာ စောစောဝင်သွားသော အမေ နိုးလာမှာ စိုးနေသလို။

"ခက်တာပဲ… သိုက်ထွေးရာ"

ခရေက အိမ်အတွင်းဘက်သို့ တစ်ချက် ငဲ့ကြည့်ပြန်သည်။ ပြီးတော့ အသံကို ပိုနှိမ့်၍ တိုးတိုးကလေး ပြောသည်။

"နင့်ကို ငါ ခင်ပဲ ခင်ချင်တယ်ဟာ၊ မချစ်ချင်ဘူး၊ နင်လည်း ငါ့ကို ခင်ပဲ ခင်ပါလားဟာ၊ ငါ နင့်ကို သူငယ်ချင်းအဖြစ်က မဆုံးရှုံးချင် ဘူး"

ဆောင်းည အလယ်ကောင်မှာ မျက်နှာတည့်တည့်ကို မိုးကြိုး ပစ်ချလိုက်သလို စကား။

ရင်ထဲက နှလုံးသားကတော့ ရေလှိုင်းတွေကြားမှာ မြုပ်ချည်၊ ပေါ်ချည် တရကြမ်း မျောပါသွားသည်။

♦

အစီးမြန် အစီးသန်လှသော ရေစီးကြောင်း။

သည်ရေစီးကြောင်းထဲမှာ မျောပါသွားရင်း ဆန်တိုဆာက 'မာလိုင်းယွန်း' ခြသေ့်တစ်ပိုင်း၊ ငါးတစ်ပိုင်းရုပ်ကိုလည်း လှစ်ခနဲ လှမ်းမြင်ရသည်။ 'ဘစ်ဘင်' နာရီစင်ကြီးရော၊ 'အိုင်ဖယ်' မျှော်စင်ရော၊ ဆန်ဖရန်စစ္စကိုတံတားကြီးရော… အားလုံး မျောပါနေကြသည်။

ရွှေတိဂုံဘုရားကြီးကတော့ ဟိုပျပျ အဝေးမှာ။ နတ်တောင်ဘုရားကိုလည်း ပျပျ လှမ်းမြင်လိုက်သေးသည်။

ရေမျောရာ ဆုံး၍ ကမ်းတင်တော့ သူ့ရှေ့မှာ ပန်းပွင့်ကလေးတွေ အများကြီး။ အရောင်စုံ အသွေးစုံ။ လှလို့ ပလို့။ ဒါတွေအားလုံး ငါ ဆယ်နိုင်ခဲ့တာတဲ့လား။

ရေစီးကြောင်းဘက်ကို လှည့်ကြည့်တော့ သိပ်လှသော အဖြူရောင်ပန်းကလေးတစ်ပွင့်က ရေထဲမှာ မျောနေတုန်း။

ဘုရားရေ…

သည်ပန်းကလေးတစ်ပွင့်တော့ ငါ မဆယ်နိုင်ဘဲ ကျန်ခဲ့ပါပေါ့လား။

♦

လေယာဉ်ဘီးနှင့် မြေကြီး ငြိမ့်ခနဲ အထိမှာ နူးညံ့သလောက် ချောက်ချားစရာကောင်းလှသော အိပ်မက်ထဲက လန့်နိုးလာခဲ့သည်။

'အမ်အေအိုင်'မှ လေယာဉ်မယ်ကလေးက-

''ယခုအခါ ကျွန်မတို့ လေယာဉ်သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆင်းသက်ခဲ့ပြီ ဖြစ်ပါတယ်''

ဟု ကြေညာနေသည်။

ဘုရားရေ…

ခရေနဲ့ တကယ့်ကို ပြန်ဆုံရတော့မှာပါလား။

ရင်ဘတ်ထဲက နှလုံးသားက တဒိတ်ဒိတ် ခုန်လာသည်။

ခုန်လွန်းတော့ မောသည်။

လေယာဉ် ကုလားထိုင် ကျောမှီကို ပြန်မှီ၍ ငြိမ်ငြိမ်ကလေး နားနေလိုက်ရသည်။

□

- ၅ -

မင်္ဂလာဒုံလေဆိပ် ပြည်ပရောက်ရှိဝင်ပေါက်တွင် သိုက်ထွေး ထူးဆန်းသော မြင်ကွင်းတစ်ခုကို မြင်ရသည်။

ခွဲစိတ်ခန်းသုံး မျက်နှာဖုံး စွပ်ထားသော ဆရာဝန်တစ်ဦးနှင့် ဆရာမနှစ်ဦး ရှိနေတာကိုပါ။

မြန်မာပြည် ပြန်မရောက်တာ နည်းနည်းကြာသွားပြီ ဖြစ်သော်လည်း မြန်မာပြည်မှ သတင်းများနှင့် သူ သိပ်မျက်ခြည်ပြတ်လေ့ မရှိသဖြင့် ဆားရ်စ် ခေါ် အပြင်းအထန် နမိုးနီးယားရောဂါကပ် ဖြစ်စဉ်က ပြည်ပမှ ယင်းပိုး ဝင်ရောက်မလာအောင် လေဆိပ်မှာ အဲသလို စောင့်စစ်ကြကြောင်း သူ သိလိုက်ဖူးသည်။ သို့သော် ဆားရ်စ်က မရှိတော့ဘူး မဟုတ်လား။ ဒီလူတွေ ဘာကို စောင့်နေတာပါလိမ့်။

စဉ်းစားနေတုန်း ရှိသေး။ ဆရာမတစ်ဦးက သူ့ဆီ ရောက်လာသည်။

"ဒီဘက်ကို ခဏကြွပါရှင်"

"ဟင်..."

ခွဲစိတ်ခန်းသုံး မျက်နှာဖုံး စွပ်ထားသည့် ဆရာမမျက်နှာကို သူ အူကြောင်ကြောင်နှင့် ကြည့်နေမိသည်။ ဆရာဝန်ကလေးက ကမန်းကတန်း လိုက်လာ၍ ကျန်းမာရေး စစ်ဆေးဖို့ ဟိုဘက်ကို ခဏလိုက်ခဲ့ပါဟု မွန်ရည်သော အင်္ဂလိပ်စကားနှင့် ထပ်ပြောသည်။

စိတ်ညစ်နေသည့်ကြားက သူ ပြုံးမိသည်။

"ကျွန်တော် မြန်မာလူမျိုးပါ၊ ဆရာမ ပြောတာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် ဖျားမှ မဖျားတာ၊ ဆရာတို့ ဘာလို့ ခေါ်သလဲလို့ပါ"

ဆရာဝန်ကလေး မျက်နှာဖုံးပေါ်က မျက်လုံးများ အားတုံ့အားနာ ဟန် ပေါ်သွားသည်။

"ကျွန်တော်တို့ သာမိုစကင်န် ဖတ်တုန်းက ဒီက အစ်ကို ဟိ(အပူချိန်) တက်နေလို့ပါ၊ ခင်ဗျား စိတ်ပူစရာ မလိုပါဘူး၊ ကျွန်တော်တို့ ခဏကလေး စမ်းသပ်ပြီး အစ်ကို နေကောင်းရင် ပြန်ရမှာပါ၊ အပြင်မှာ လာကြိုနေတဲ့သူတွေ စောင့်နေရင်လည်း ကျွန်တော်တို့အဖွဲ့တွေ သွား အကြောင်းကြားပေးပါ့မယ်"

သိုက်ထွေး သက်ပြင်းချ၍ ခေါင်းခါသည်။

"မရှိပါဘူး"

ဆရာဝန်ကလေး မျက်ခုံး ပင့်ကြည့်သည်။

''ဘာမရှိတာလဲ ခင်ဗျ''

''ကြိုမယ့်လူလေ… မရှိပါဘူး၊ ကျွန်တော့်ကို ဘယ်သူမှ စောင့်မနေပါဘူး၊ ကဲ… လာ ဘယ်ကို လိုက်ရမှာလဲ''

ခရေရယ်…

နင်ကတော့ စောင့်ဖြစ်အောင် စောင့်နေပါဟာ… နော်။

♦

ပထမတော့ သူ့ကို ကုလားထိုင်တစ်လုံးမှာ ထိုင်စေသည်။ ခွဲစိတ်ခန်းသုံး မျက်နှာဖုံးတစ်ခု တပ်စေသည်။ ပြီးတော့ ဆရာမတစ်ဦးက သူ့နားတစ်ဖက်ကို အပူချိန်တိုင်းကိရိယာ ထောက်၍ တိုင်းသည်။

အဖြေကို ကြည့်၍ ဆရာဝန်ကလေးနှင့် ဆရာမ နှစ်ယောက်တို့ တီးတိုးတိုင်ပင်ကြသည်။ သုံးခါ ပြန်တိုင်းသည်။ ဆရာဝန်ကလေးက သူ့ကို မျက်နှာဖုံးချွတ်၍ ပါးစပ် ဟခိုင်း၍ လက်နှိပ်ဓာတ်မီးနှင့် ထိုးကြည့်သည်။ ရင်ဘတ်ကို နားကြပ်နှင့် နားထောင်သည်။

''ခဏကလေး စောင့်ပါ ခင်ဗျာ၊ ကျွန်တော်တို့ ဆရာ့ကို ခဏသွားခေါ်ပါရစေ''

သိုက်ထွေး သက်ပြင်းချသည်။

ခရေနှင့် တွေ့ချင်လှပြီလေ၊ ဒီလူတွေ နှောက်မှ ကြာနေပြီ။

ခဏနေတော့ ခြေသံများ ကြားရ၍ လှည့်ကြည့်သည်။

ဆရာဝန်ကလေးနှင့် ပါလာသော သူ့ဆရာ ဆိုသူနှင့် မျက်နှာချင်းဆိုင်မိတော့ သိုက်ထွေးရော၊ ထိုဆရာပါ ပါးစပ်ဟောင်းသား ဖြစ်သွားသည်။

http://mmteashop.com
May 24, 2013



"သီဟ..."

"သိုက်ထွေး"

♦

သီဟ ဖျော်ပြီး ကမ်းပေးသော ကော်ဖီခွက်ကို လှမ်းယူရင်းက သိုက်ထွေး စိတ်မရှည်နိုင်တော့။

"သီဟ... ငါ့မှာ ဘာမှ မရှိလည်း ပေးသွားတော့ကွာ၊ ငါ့မှာ ကိစ္စတွေ ရှိသေးတယ်"

သီဟက တိုးတိုးရယ်၍ စားပွဲတစ်ဖက်က ခုံမှာ ဝင်ထိုင်သည်။

"ပေးသွားမှာပါကွာ၊ စကင်န်မှာက ဟိတက်နေတာ၊ တိုင်းကြည့်တော့ အဖျားမှ မရှိတာ၊ အနှစ် နှစ်ဆယ်လောက် ကွဲနေတဲ့ သူငယ်ချင်းတွေ့ရတုန်းကလေး စကားကလေး ဘာလေး ပြောပါဦးလား၊ မင်း လပ်ဂေ့ချ်တွေ ငါ့တပည့်တွေ ရွေးခိုင်းပေးပါ့မယ်၊ ခဏ စောင့်ပါဦး"

သိုက်ထွေး ပခုံးတွန့်ပြသည်။

"ဘာလပ်ဂေ့ချ်မှ မပါဘူး၊ အခု ဆွဲလာတဲ့ 'ကက်ဘင်ဘက်ဂေ့ချ်' တစ်လုံးပဲ ပါတယ်၊ အဲဒါ ကပ်စတန် အစစ်ခံဖို့ပဲ ရှိတယ်၊ အရက်ပုလင်းလည်း မပါဘူး၊ ငါးသုံးလုံးလည်း မပါဘူး"

သီဟက အော်ရယ်သည်။

"ငါ့ကောင် ဒေါသတွေ အခြောက်တိုက် ထွက်နေပါလား၊ မင်း ပြောတာတွေက ခေတ်ဟောင်းမှာ ကျန်ခဲ့ပြီကွ၊ မင်းမှာ 'ကလိန်းမ်' လုပ်စရာ မရှိရင် မင်းအိတ်ကို 'စကင်န်' ဖတ်တုန်းက မှတ်မထားရင် ဒီအတိုင်း ဆွဲထွက်သွားရုံပဲ၊ တို့ မြန်မာနိုင်ငံ လေဆိပ်လည်း မင်းတို့

Scan & Pdf - ရေဘဝဲ

ဟိသရိုးလို ဖြစ်နေပါပြီကွ၊ စိတ်လျှော့… စိတ်လျှော့… မင်း အဲဒီဒေါသတွေကြောင့် စကင်နိမှာ အပူတွေ တက်နေတာ ဖြစ်မှာ''

သိုက်ထွေး ခေါင်းခါပြ၍ ဖြည်းညင်းစွာ ပြောသည်။

''မင်းနဲ့ မမျှော်လင့်ဘဲ ပြန်တွေ့ရတာ ငါ အရမ်းဝမ်းသာပါတယ်ကွာ၊ ဒါပေမဲ့ ငါ တကယ့်ကို ရင်တွေ ပူနေတယ်၊ ငါ ရင်တွေပူနေတာ ဒေါသ မဟုတ်ဘူး၊ သောကကွ၊ ငါ ခရေ့ကို သိပ်စိတ်ပူနေတယ်၊ ခုချက်ချင်း သွားတွေ့ချင်နေတယ်၊ ခရေ့အကြောင်း မင်း မသိဘူးလား သီဟရာ…''

သီဟ မျက်နှာပေါ်မှ အပြုံး လွင့်ပြယ်သွားပါသည်။

♦

သူငယ်ချင်းနှစ်ယောက်သား အတန်ကြာအောင် ကိုယ့်ကော်ဖီခွက် ကိုယ် တိတ်ဆိတ်စွာ တစ်ကျိုက်ချင်း သောက်နေကြရာမှ သီဟက တိုးတိုးပြောသည်။

''ခရေ ရှိပါတယ်ကွာ၊ ဥက္ကလာက အိမ် ငါပဲ လိုက်ပို့လိုက်တာပါ၊ ပြီးရင်လည်း မင်းကို ငါ လိုက်ပို့ပါ့မယ်''

သိုက်ထွေး ရင်ထဲတွင် အလုံးတစ်လုံး ကျသွားသည်။

''နေရောကောင်းရဲ့လား''

သီဟက မဲ့ပြုံး ပြုံး၍ လှည့်ကြည့်သည်။

''အနှစ် နှစ်ဆယ်လုံးလုံး ကိုယ့်ဘဝနဲ့ ကိုယ် နိုင်ငံခြားမှာ ပျော်နေတဲ့ကောင်က ဘယ်လိုလုပ် သတင်းကြားပြီး ရုတ်တရက် ပေါ်လာပြီး တုန်တက်ပြနေရတာလဲကွာ''

http://mmteashop.com
May 24, 2013



ချက်ကောင်း မှန်သွားသဖြင့် သိုက်ထွေး ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ ချက်ချင်း သီဟာကို မော့ကြည့်၍ ချေပမိသည်။

"အနှစ် နှစ်ဆယ်လုံးလုံး ပျော်နေခဲ့တာ မဟုတ်ဘူးကွ၊ ခံစားနေတာ၊ အဲဒီ ခံစားနေတဲ့ ကိုယ့်ရင်ဘတ်ကြီးကို ကိုယ့်ဟာကိုယ်လည်း မမြင်ချင်၊ သူများတွေကိုလည်း မမြင်စေချင်လို့ ဟိုးအဝေးကြီးမှာ သွားနေနေတာ၊ ခရေ ခံစားနေရတာတွေ သိမှ မသိခဲ့ဘဲ၊ သိခွင့်သာ ရခဲ့ရင် သိသိချင်း ငါ ပြန်ရောက်လာမှာပေါ့၊ အခုလည်း သိသိချင်း လိုက်လာတာ၊ ငါ စင်ကာပူမှာ တစ်ခါ လွဲခဲ့တာ၊ သီဟရာ... ခရေနဲ့ ပတ်သက်ရင် ငါ ဘယ်လိုဆိုတာ ခရေနဲ့ ဆွေဆွေဦး ပြီးရင် မင်း အသိဆုံးပါကွာ"

သီဟက မှင်တက်ငေးမောနေသည်။

ပိုထူလာသယောင် ရှိသော မျက်မှန်၏ ကိုင်းနှစ်ဖက် ညှပ်ရာမှ ဆံပင်ဖြူတစ်စ နှစ်စ ပေါ်စပြုနေသည်မှအပ သီဟ ရုပ်သိပ်ပြောင်းမသွား။

အဝေးတစ်နေရာကို ငေးကြည့်နေရာက သီဟက ခေါင်းညိတ်ပြသည်။

"သိပါတယ်၊ သိလို့ ငါ တားခဲ့တာလေ၊ မင်းတောင် ငါ့ကို အထင်လွဲသေးတယ် မဟုတ်လား"

ရုတ်တရက် သိုက်ထွေး ဘာပြန်ပြောရမည် မသိ။

♦

၁၀ တန်းစာမေးပွဲကို သူငယ်ချင်းတွေအားလုံး အောင်ကြသည်။ မျိုးဆွေက လေးဘာသာဂုဏ်ထူး ထွက်သည်ဟု ကြားရသည်။ မော်လမြိုင်တွင် မရှိတော့ပြီမို့ လူချင်းတော့ မတွေ့ရ။ သီဟက သုံးဘာသာ ဂုဏ်ထူး။

Scan & Pdf - ရေဘာဝဲ

သိုက်ထွေးက သင်္ချာ တစ်ဘာသာတည်း။ ခရေက အင်္ဂလိပ်စာ တစ်ဘာသာ တည်း။ ဆွေဆွေဦးနှင့် ရည်ရည်ဝင်းက ဂုဏ်ထူးမပါ။

သီဟက ဆေးတက္ကသိုလ် (၂) ရန်ကုန်တွင် တက်ရန်အတွက် ရန်ကုန်မှာ နေရေးထိုင်ရေး ကိစ္စများ သွားစုံစမ်းသည်။ ခရေခက်နှင့် ဆွေဆွေဦးလည်း ရန်ကုန်တက်၍ မျိုးဆွေကို သွားတွေ့ကြသည်။ အဲသည်မှာ မျိုးဆွေကို သူ့ရည်းစားဟောင်း ကောင်မလေးနှင့်အတူ ပက်ပင်း တိုးရာက မျိုးဆွေနှင့် ခရေ ပြဿနာ တက်ကြသည်။ ခရေက မျိုးဆွေကို ဖြေရှင်းခွင့်မပေးဘဲ အဆက်ဖြတ်၍ ပြန်လာသည်။ မျိုးဆွေ မော်လမြိုင် တစ်ခေါက် လိုက်လာသော်လည်း ခရေက အတွေ့မခံ။

ခရေ့ မျက်နှာကလေး ညှိုးလျှနေသည်ကို မြင်ရတော့ သိုက်ထွေး ရင်ထဲမှာ ဆွေးမြည့်မွန်းကျပ်စွာ ခံစားရသည်။ ဖြစ်နိုင်လျှင် မိုးလင်း ခရေ မျက်စိနှစ်လုံးပွင့် အိပ်ရာမှ ထသည်နှင့် အနားမှာ အဆင်သင့် စောင့်နေ၍ ခရေ လိုတာအားလုံးကို ဖြည့်ဆည်းပေးချင်မိသည်။ ခရေ့ မျက်နှာပေါ်မှာ အပြုံးပန်းတို့ ပြန်လည်ပွင့်လန်းလာနိုင်ဖို့ သူ ဘာပဲ လုပ်ရ လုပ်ရ လုပ်ချင်မိသည်။ အဲသည် အပြုံးကလေးတွေကိုလည်း သူ မငြီးငွေ့ တမ်း ငေးကြည့်နေချင်မိသည်။

သို့သော် ဒါတွေက သည်အကွာအဝေးနှင့် ဖြစ်မှ မဖြစ်နိုင်တာ။

သည့်ထက် နီးကပ်သော အကွာအဝေးကို ချဉ်းနင်း ဝင်ရောက်ဖို့ ဆိုတာကလည်း ဘယ်လိုမှ မဖြစ်နိုင်။

ခရေက သူ့ကို မချစ်။

သူ့ကို မချစ်၍ သူနှင့် အရင်းနှီးဆုံး သူငယ်ချင်းဘဝမှာ ရှိနေတုန်းကို နောက်တစ်ယောက်နှင့် ချစ်သွားခဲ့တာပေါ့။

ပြီးတော့ အဲသည် နောက်တစ်ယောက်နှင့်က အခုမှ ကွဲခါစ။ ခရေက ခံစားနေရတုန်း။ ပွဲလှန့် ဖျာခင်းတတ်သူကို မုန်းလျှင် သူငယ်ချင်း ချစ်ကလေးနှင့် ချစ်နေရသည့် အခွင့်အရေးပါ ဆုံးရချည့်ရဲ့။

ခရေရယ်…

တကယ်တော့ နှင့်ကို ငါ ချစ်ခဲ့တာ ဟို မျိုးဆွေဆိုတဲ့ကောင် နှင့်ဘဝထဲ ရောက်မလာခင်ကတည်းကပါ။

အစောဦးက ဦးထားနိုင်ပါရက်နဲ့ မဦးရက်နိုင်လောက်အောင် နှင့်ကို မြတ်မြတ်နိုးနိုး ချစ်ခဲ့တာကို နင် ငဲ့ညှာမပေးနိုင်တော့ဘူးလား ဟင်။

စိတ်ထဲမှာ ကျိတ်၍ ညည်းတွားနေမိရင်းက ဖျတ်ခနဲ သီဟကို သွားသတိရမိသည်။

တကယ်တော့ သီဟသည် ခရေ့ဘဝမှာ သူ့ထက်ဦး၍ ရင်းနှီး ခဲ့သူ။ မျိုးဆွေနှင့် ခရေ ချစ်သူတွေ ဖြစ်သွားကြမှာကို စိတ်ပူကြောင်း လည်း ပွင့်ပွင့်လင်းလင်း ထုတ်ပြော၊ ထုတ်ပြခဲ့သူ။

ဘုရား… ဘုရား…

သီဟရော ခရေ့ကို ချစ်နေရော့လေသလား။

ဖြစ်ချင်လည်း ဖြစ်နိုင်သည်။

သီဟက အတွေးသမား။

သူ့စိတ်ထဲမှာ တွေးနေတာတွေကိုလည်း သူငယ်ချင်းတွေကို ထုတ်၍ ပြောပြလေ့ သိပ်မရှိ။ ခရေ့ကို ချစ်နေလျက်နှင့် အချိန်စောင့်နေ တာမျိုးလည်း ဖြစ်နိုင်သည်။

http://mmteashop.com
May 24, 2013



ပြီးတော့··· အခု သူက ဆရာဝန်လောင်း။ တစ်မြို့ တစ်ရွာမှာ သွားနေမည့်သူ။ ခရေ့ကိုသာ သူ ချစ်နေလျှင် မသွားခင် ဖွင့်ပြောသွားနိုင်သည်။

နေဦး···

လုပ်ပါ့မလား။

သူ သီဟာကို ထင်သလိုပင် သီဟာကလည်း သူ့ကို ထင်ကောင်းထင်နေနိုင်သည်။ ပြီးတော့ သီဟာက ခရေ့ကို ဖွင့်ပြောဖို့ ကြံစည်ထားလျှင် သူ့ကို အရင် လာတိုင်ပင်မှာ တော်တော်သေချာသည်။

တိုင်ပင်ခဲ့သည် ဆိုပါစို့။

သူက ဘာပြောရမည်နည်း။

"ဟာ··· ဟော့ကောင်၊ နေဦး··· ငါလည်း ခရေ့ကို ချစ်နေတာ"

သည်လိုတော့ ဘယ်လိုမှ ပြောထွက်မည် မဟုတ်။

သည်တော့ တစ်နည်းသာ ရှိသည်။

သူက အရင် သီဟာကို ဖွင့်တိုင်ပင်ရမည်။

ဟုတ်တယ်··· ဒီအတိုင်းပဲ လုပ်ရမယ်··· ဟု သိုက်ထွေးဆုံးဖြတ်သည်။

သီဟ နေစရာ စီစဉ်ပြီးလျှင် မော်လမြိုင် ပြန်လာဖို့ ရှိသည်။ အဲသည်မှာ သူ စောင့်၍ ပြောမည်။

♦

Scan & Pdf - ရေဘဝ

သီဟက သူ့မျက်နှာကို ကြောင်တက်တက် ငေးကြည့်နေသည်။

စိတ်ထိခိုက်နေသည့် အမူအရာမျိုးလည်း မဟုတ်။ အံ့ဩနေသည့် အမူအရာမျိုးပင် မပေါက်။ ဝမ်းသာနေဖို့ကတော့ ဝေလာဝေး။

ငြိမ်သက်တိတ်ဆိတ်နေသော သီဟကို သူ အားမလိုအားမရ မေးမိ၏။

"ဟကောင်… ဘာမှ မပြောတော့ဘူးလား"

သီဟ အူကြောင်ကြောင် သူ့ကို ပြန်ကြည့်နေဆဲ။

"ဘာပြောရမှာလဲ… ငါက"

"ဟ… ငါက ခရေကို ချစ်နေတယ်၊ ဖွင့်ပြောတော့မလားလို့ မင်းကို တိုင်ပင်တာလေဟာ၊ မင်းက တစ်ခုခု ပြန်ပြောမှပေါ့"

သီဟ သက်ပြင်းချသည်။

အဝေးတစ်နေရာသို့ ငေးကြည့်နေသည်။ ပြီးမှ တိုးတိုးပြောသည်။

"မေ့လိုက်တာ ကောင်းပါတယ်ကွာ"

သိုက်ထွေး မခံချင်စိတ် ထောင်းခနဲ ထသွားသည်။

"ချစ်ပါတယ်ဆိုမှ ဖွင့်တောင် မပြောရသေးဘူး၊ မေ့လိုက်စရာလားကွ၊ ဘာဖြစ်လို့လဲ"

သီဟ ဖြည်းညင်းစွာ ခေါင်းခါသည်။

"ပြောမနေပါနဲ့တော့ကွာ၊ အဆင်ပြေမှာ မဟုတ်ပါဘူး၊ သူငယ်ချင်းတွေလိုပဲ ချစ်ချစ်ခင်ခင် နေကြရအောင်ပါ"

သိုက်ထွေး မကျေနပ်နိုင်သေး။

"ငါ ပြောတောင် မပြောရသေးဘူး၊ အဆင်မပြေနိုင်ဘူး ဆိုတာက မင်းက ဘာကို ကြည့်ပြောနေတာလဲ"

သီဟက သူ့ဘက်သို့ လှည့်ကြည့်သည်။

"ခရေက မင်းကို ချစ်မှာမှ မဟုတ်တာ၊ သူ ချစ်တာ မျိုးဆွေလေ"

"အေးလေ… မျိုးဆွေအကြောင်းတွေ သိသွားလို့ သူတို့ ပြတ်သွားပြီဥစ္စာကို၊ ငါ ပြောပိုင်ခွင့် မရှိတော့ဘူးလား"

သီဟက ဖြည်းညင်းစွာ ခေါင်းခါသည်။

"ပြောပိုင်ခွင့် ရှိတာနဲ့ မရှိတာနဲ့ မဆိုင်ပါဘူးကွာ၊ မင်းကို သူ မချစ်လို့ သူ မျိုးဆွေကို ချစ်တာပေါ့ကွ၊ မျိုးဆွေနဲ့ ပြတ်ရုံနဲ့ မင်းကို ပြောင်းချစ်မယ့် မိန်းကလေးမျိုးမှ မဟုတ်တာ၊ အဲဒါကြောင့် မေ့လိုက်ပါ လို့ ငါ ပြောတာ"

သိုက်ထွေး ရင်ထဲတွင် နှလုံးသားကို သံမဏိလက်ဖဝါးဖြင့် ဆွဲညှစ်ထားသလို တင်းကျပ်စွာ ခံစားနေရသည်။

နောက်ဆုံး မခံစားနိုင်တော့သလို ပေါက်ကွဲထွက်မိသည်။

"မင်းကို ငါ မေးရင် မင်း စိတ်ဆိုးမလား"

သီဟက ပထမဦးဆုံးအကြိမ် ယဲ့ယဲ့ ပြုံးပြသည်။

"ဒါ မေးစရာ လိုလို့လား သိုက်ထွေးရာ၊ ငါ စိတ်ဆိုးတော့ ရော မင်း ကြောက်မှာမို့လို့လား၊ ပြီးတော့ ငါ စိတ်ဆိုးလည်း မင်းကို အကြာကြီးတော့ မဆိုးပါဘူး"

သိုက်ထွေး ရုတ်တရက် မျက်နှာ အမ်းသွားသည်။

"ကဲ… ဒါဆို ပြော၊ ခရေ့ကို မင်းပါ ချစ်နေတာလား"

သီဟက ဟက်ဟက်ပက်ပက် ရယ်သည်။ ပြီးကော့ တိုးတိုး ကလေး ခရေ့ကို ငါပါ ချစ်နေတာလား… ဟု တိုးတိုး ရေရွတ်သည်။ ပြီးတော့ ထပ်ရယ်သည်။

‘‘ဟော့ကောင် ရယ်မနေနဲ့၊ ဖြေလေကွာ’’

သီဟက အရယ်မပျက် ပခုံးတွန့်ပြသည်။

‘‘မသိဘူးလေကွာ၊ မင်း ပြောသလို ငါ တစ်ခါမှ ကိုယ့်ကိုယ်ကိုယ် မေးမကြည့်ဖူးဘူး’’

သိုက်ထွေး မကျေနပ်။

‘‘မင်း မလျှိုနဲ့’’

‘‘မလျှိုဘူး၊ ဒါ အမှန်ပဲ၊ အေး··· တစ်ခုတော့ ရှိတယ်၊ မင်းကို အခု ထားနေတာ ခရေ့ကို ငါ ချစ်နေလို့လို့တော့ မင်း မထင်နဲ့၊ မင်းကို ခရေ မချစ်ဘူးဆိုတာ ငါ သေသေချာချာ သိနေလို့ ထားတာ၊ ပြီးတော့ ငါကိုယ်တိုင် ခရေ့ကို ချစ်သွားလည်း ငါ ဘယ်တော့မှ ဖွင့်ပြောမှာ မဟုတ်ဘူး၊ အဲဒါ သိပ်သေချာတယ်’’

‘‘ဘာဖြစ်လို့လဲ’’

‘‘ဘာဖြစ်လို့လဲဆိုတော့ ခရေက ငါ့ကိုလည်း မချစ်ဘူးဆိုတာ ငါ သေသေချာချာ သိနေလို့ပဲ’’

အဲသည်ညက သီဟနှင့် လမ်းခွဲခဲ့ရသည့် အချိန်အထိ သိုက်ထွေး ရင်ထဲတွင် အစာမကြေပါ။ သီဟ သူ့ကို ပြောမပြဘဲ ထားတာ တစ်ခုခု ရှိကို ရှိနေရမည်ဟု သူ ခံစားရမိပါသည်။ ပြီးတော့ ထိုတစ်ခုခုသည် သီဟ ခရေ့ကို ချစ်နေတာပဲ ဖြစ်ရမည်ဟုလည်း သူ ထင်နေခဲ့ပါသည်။

‘‘အဲဒီတုန်းကလည်း မင်း တဖောက်ကန်းပဲ၊ ငါ ထားတဲ့ကြားထဲက ခရေ့ကို သွားပြောတယ်၊ မင်းသာ ငါ့စကား နားထောင်ရင် အခုလို စိတ်ထိခိုက်စရာလည်း တွေ့ရမှာ မဟုတ်ဘူး၊ အေးလေ···

မခံချင်စိတ်နဲ့ နိုင်ငံခြား သွားရန်းကန်ပြီး အောင်မြင်လာခဲ့ရတာတော့ အမြတ်ပေါ့"

သိုက်ထွေးက လက်ကာပြ၍ ခေါင်းခါသည်။

"မခံချင်စိတ်နဲ့လို့တော့ မပြောပါနဲ့ကွာ၊ ခရေ့ကို ငါ မခံချင်ဘာ ဘယ်တုန်းကမှ မရှိခဲ့ဖူးပါဘူး၊ မခံချင်ရအောင်လည်း ခရေက ငါ့အပေါ် ဘာမှ မလွန်ခဲ့ပါဘူး၊ ငါ့ဟာငါ မလုံမလဲနဲ့ ရှောင်နေတာတောင် အတင်းလိုက်ခေါ်တတ်တာ မင်းတို့ အသိ၊ နေဦး… ငါ ပြဦးမယ်"

သိုက်ထွေးက ကုတ်အင်္ကျီထဲမှ သားရေပိုက်ဆံအိတ်ကလေးကို နှိုက်ယူ၍ ဘေးဇစ်ကလေးကို ဖွင့်လိုက်ပြီး ဟောင်းနွမ်းဝါထိန်နေသော ဗလာစာရွက် ဖြတ်ပိုင်းကလေးတစ်ခုကို တယုတယ ထုတ်၍ သီဟာကို ပြသည်။

သီဟာက အလွန်အံ့ဩသွားသောဟန်ဖြင့် ဖွင့်ကြည့်သည်။

*'သိုက်ထွေး…*

*အဲသလိုကြီး မနေပါနဲ့ဟာ*

*နင်နဲ့ ငါ သူငယ်ချင်းအရင်းကြီးတွေပါ၊ နင့်လို သူငယ်ချင်းတစ်ယောက် ငါ မဆုံးရှုံးပါရစေနဲ့၊ ချစ်သူလို မချစ်နိုင်တာကလေး တစ်ခုတည်းနဲ့လည်း ငါ့ကို သူငယ်ချင်း အဖြစ်က မစွန့်လွှတ်လိုက်ပါနဲ့…*

*ခင်တဲ့*

*ခရေ*

သီဟာက စာရွက်ကို သိုက်ထွေးအား ပြန်ပေးရင်း မျက်စိမျက်နှာပျက်နှင့် တောက်ခေါက်သည်။

"အခုမှ ပြရလားဟ၊ ခွေးကောင်"

သိုက်ထွေးက ပခုံးတွန့်ပြသည်။

"ဟိုတုန်းက ပြတော့ မင်းက ဘာလုပ်မှာမို့လဲ"

"အနည်းဆုံးတော့ မင်းတို့ သူငယ်ချင်းလို ရင်းရင်းနှီးနှီး ဆက်ရှိနေနိုင်အောင် ငါတို့ နည်းမျိုးစုံနဲ့ ဝိုင်းကြိုးစားမှာပေါ့ဟ၊ မင်းလည်း နိုင်ငံခြား ပေးသွားဖြစ်ချင်မှ သွားဖြစ်မှာ၊ ဒါထက်… နေပါဦး၊ မင်း အခု လိုက်လာရတဲ့ ရည်ရွယ်ချက်က…"

သိုက်ထွေးက စာရွက်ကို တယုတယ ပြန်သိမ်းသည်။

"သူ့တပည့်တွေက ကျောက်ကပ် လှူတာ သူက လက်မခံဘူးတဲ့၊ အခု ငါ ဟိုမှာ အကုန်စစ်ဆေးလာခဲ့ပြီးပြီ၊ ငါ့ကျောက်ကပ်က လှူလို့ရတယ်၊ အဲဒါ အလှူခံအောင် သူ့ကို စည်းရုံးမလို့၊ ရပါ့မလားတော့ မသိဘူး"

သီဟက ခေါင်း တဆတ်ဆတ်ညိတ်သည်။

"သူ့ကြောင့် သူများ နစ်နာမှာ၊ ထိခိုက်မှာကို သူ သေရမှာထက် အမြဲကြောက်တတ်တဲ့ ကောင်မလေး၊ ခက်မှာတော့ အမှန်ပဲ၊ ကြိုးစားကြည့်ဖို့တော့ ကောင်းတယ်၊ မင်းမှာ လက်နက်ကောင်းလည်း ရှိနေတာပဲ"

"ဘာလဲ…"

သီဟက ပိုက်ဆံအိတ်ကလေးကို မေးငေါ့ပြသည်။

"အဲဒီစာကလေးလေ… ဒီစာကလေးကို မင်း ဒီလောက် နှစ်ပေါင်းများစွာ တယုတယ သိမ်းထားတာကို မြင်ရင် ခရေဟာ သူ့ကို မင်း ဘယ်လောက် တန်ဖိုးထားတယ် ဆိုတာကိုလည်း ယုံသွားလိမ့်မယ်၊

သူ မရှိရင် မင်း ဘယ်လောက် ထိခိုက်ခံစားရရှာလိမ့်မလဲလို့လည်း စိတ်ပူ ဒိမ့်မယ်၊ သူ့အတွက် မဟုတ်တောင် မင်းအတွက် ပြန်လည်ရှင်သန်ဖို့ ကြိုးစားကောင်း ကြိုးစားလိမ့်မယ်၊ ခရေခက် ဆိုတဲ့ ငါတို့ သူငယ်ချင်း ဟာ အဲသလို မိန်းကလေးမျိုးပဲ''

သိုက်ထွေး မျက်ရည်စို့သည်။

♦

ဆရာဝန်ကလေး လာချပေးသော စာရွက်စာတမ်းများကို သီဟ က လက်မှတ်ထိုးသည်။ ပြီးတော့ သိုက်ထွေးကို မော့ကြည့်သည်။

''ကိုင်း… မင်း သွားလို့ရပြီ၊ ငါလည်း ခဏထွက်လို့ ရတယ်၊ မင်းကို ခရေ့ဆီ ငါကိုယ်တိုင် လိုက်ပို့ပေးမယ်''

''မင်း အလုပ်တွေနဲ့ ဖြစ်ရဲ့လား၊ ငါ အငှားကား စီးသွားလို့ ရပါတယ်၊ လိပ်စာလည်း ပါတယ်''

သီဟက ရယ်သည်။

''အငှားကား စီးရအောင် မင်းမှာ မြန်မာငွေ တစ်ကျပ်တောင် ပါလို့လား၊ မင်းက မင်္ဂလာဒုံလေဆိပ်များ အိုးပင်းအိတ်ချိန်း မားကက် ကြီးနဲ့ မှတ်နေလား၊ လာပါ၊ ငါ့မှာ ကားပါပါတယ်''

♦

သီဟ ကားက ဆူပါဆလွန်း အဟောင်းကလေး ဖြစ်သည်

လေဆိပ်ထဲမှ သီဟက ကားကို ကျွမ်းကျင်စွာ မောင်းထွက်သော

ချိန်တွင်တော့ သိုက်ထွေး ရင်တို့ တဒိတ်ဒိတ် ခုန်သည်။

http://mmteashop.com
May 24, 2013



ခုန်နေသော ရင်ကို သက်သာလိုသက်သာငြား သီဟကို ငေး စကားပြောမိသည်။

"မင်းတို့ လေဆိပ်မှာ ဘာတွေ စစ်နေတာလဲ"

"အိတ်ချ်ဝမ်းအင်န်ဝမ်းကွ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အဆင့် ၆ တင်လိုက်ပြီလေ၊ မင်း မကြားဘူးလား"

သိုက်ထွေး ခေါင်းညိတ်ပြသည်။

"ပြန်တောင်ချတော့မှာပါကွာ၊ ထင်သလောက်မှ မပြင်းထန်တာ၊ ယူကေမှာတောင် ဖျားရင် အိမ်မှာပဲ နေပါ၊ အလုပ်မလာပါနဲ့လောက်ပဲ ညွှန်ကြားတာ၊ မင်းတို့က 'ကွာရင်တိုင်း' လုပ်တုန်းလား"

သီဟက ပခုံး တွန့်ပြသည်။

"ယူကေမှာ ဝင်တာနဲ့ ဒီမှာ ဝင်တာ ကွာမယ် မောင်၊ ဆားရ်စ်တို့၊ ကြက်ငှက်တုပ်ကွေးတို့တုန်းကလည်း တို့ ဒီလို တင်းကျပ်နိုင်လို့သာ ခံသာခဲ့တာ"

သိုက်ထွေး ငြိမ် စဉ်းစားနေသည်။

ကားကလေးက မြောက်ဥက္ကလာဘက် ချိုးဝင်လာတော့ ရင်က ခုန်ပြန်သည်။

"ဒါထက် မင်း ငါ့ကို ခုထိ ပြောမပြရသေးဘူးနော် သီဟ"

"ဘာကိုလဲ"

"အဲဒီတုန်းက မင်း ငါ့ကို ဘာလို့ တားတာလဲ ဆိုတာ..."

သီဟက ပြုံးသည်။

"ငါ ပြောသားပဲ၊ မင်းမှ မယုံတာ၊ မင်းကို ခရေ ချစ်မှာ မဟုတ်ဘူးလို့"

http://mmteashop.com
May 24, 2013



"အေးလေ… မင်းက ဘယ်လို သိတာလဲလို့ မေးတာ"

သီဟ မျက်နှာမှ အပြုံးလျော့သွားသည်။

"ဆွေဆွေဦး ပြောပြတာ၊ သူက ခရေ့ကို ပြောတယ်တဲ့၊ နင် မျိုးဆွေနဲ့ ကြိုက်မယ့်အစား တို့ သူငယ်ချင်းတွေထဲက သီဟဖြစ်ဖြစ်၊ သိုက်ထွေးဖြစ်ဖြစ်နဲ့ ကြိုက်လိုက်ရင်တောင် ဒီလို ခံစားရမှာ မဟုတ်ဘူး၊ တို့အားလုံးလည်း ပျော်ရမှာ ဆိုတော့ ခရေက… ငါလည်း သိတာပေါ့၊ ဒါပေမဲ့ သူတို့နှစ်ယောက်ကို ငါ့ရင်ထဲမှာ လိုက်လိုက်လှဲလှဲကို ဖြူစင် နေတာတဲ့၊ ဘယ်လိုမှ ချစ်သူလို သဘောထားလို့ ရမှာ မဟုတ်ဘူးတဲ့၊ အဲဒါ ဆွေဆွေဦးက… သူငယ်ချင်းဆိုတာလည်း ချစ်သူတွေ ဖြစ်ချင် ဖြစ်သွားတတ်တဲ့ အမျိုးပဲ၊ ဒီကောင် နှစ်ကောင်ထဲက တစ်ယောက်ယောက် တစ်နေ့နေ့မှာ နင့်ကို ချစ်ရေးဆိုချင်လည်း ဆိုလာမှာပေါ့လို့ ပြောတော့ ငါလည်း အဲဒါကိုပဲ ကြောက်တာပဲတဲ့၊ အဲသလို မဖြစ်ပါစေနဲ့လို့ပဲ အမြဲ ဆုတောင်းနေရမှာပဲ… တဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့သာ ချစ်ရေးဆို လာခဲ့ရင် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ငါက ငြင်းရမှာတဲ့၊ ငြင်းပြီးရင်လည်း ပျော်စရာကောင်းတော့မှာ မဟုတ်ဘူးတဲ့၊ အဲဒါ ငါ့ကို ဆွေဆွေဦးက ပြောပြထားတာ၊ မင်းကိုလည်း ပြောပြဖို့ ကြံစည်နေတာ ရှိမှာပေါ့၊ ဆွေဆွေဦး မပြောပြရသေးခင် မင်းက ခရေ့ကို ဖွင့်ပြောလိုက်တာလေ"

သိုက်ထွေး ကားထိုင်ခုံနောက်မှီကို ခေါင်းပါ မှီချ၍ သက်ပြင်း ချမိသည်။ အဲသည် အချိန်မှာပင် သီဟက ကားကို လမ်းသွယ်ကလေး တစ်ခုထဲသို့ ကွေ့ဝင်လိုက်ပြီး သိပ်မကျယ်ဝန်းလှသော ခြံကလေးတစ်ခု ရှေ့တွင် ထိုးရပ်လိုက်သည်။

ပြီးတော့ သိုက်ထွေးကို လှည့်ကြည့်၍ ပြုံးပြသည်။

Scan & Pdf - ရေသာဝ

http://mmteashop.com
May 24, 2013



"ကိုင်း… ကံကောင်းပါစေ သူငယ်ချင်း၊ ဆင်းကြစို့၊ ခရေ အခု နေနေတာ ဒီအိမ်ပဲ"

သိုက်ထွေး နှလုံးခုန် ထပ်ခနဲ ရပ်သည်။

❐

Scan & Pdf - ရေသာဝ

- ၆ -

ခြံထဲတွင် ပျဉ်ထောင်အိမ်ကလေး တစ်လုံးသာ ရှိသည်။

မီးခိုးပြာရောင် ဆေးက သစ်သစ်လွင်လွင် ရှိသော်လည်း အိမ်ကလေး၏ အသွင်အပြင်က နှစ်ဆယ်ရာစု အလယ်ပိုင်းလောက်မှာ ကျန်ခဲ့ပြီ။

အိမ်ရှေ့မှာ ပန်းအိုးကလေးတွေ အစီအရီ ချထားပြီး ပန်းပွင့်ကလေးတွေလည်း ဝေဝေဆာဆာ ရှိနေကြသည်မို့ လူမနေသော အိမ်နှင့်တော့ သိပ်မတူလှ။ သို့သော် အိမ်ရှေ့တံခါးရော၊ ပြတင်းပေါက်တွေပါ ပိတ်ထားသည်။

ရင်ခုန်လွန်းနေသဖြင့် သိုက်ထွေးက အိမ်ကလေးကို အကြောင်းသား ရပ်ကြည့်နေသည်။ ဒါကို သီဟက ရိပ်စားမိပုံဖြင့် အိမ်ရှေ့ဝရန်တာသို့ တက်သော လှေကားကလေးအတိုင်း အပြေးတက်သွားသည်။

သီဟ တံခါးကို လက်နှင့် ခေါက်မည် စိတ်ကူးလိုက်ရုံရှိသေး၊ တံခါးက ညင်သာစွာ ပွင့်လာသည်။ အရွယ် ခပ်လတ်လတ်၊ အရပ် ခပ်ပြတ်ပြတ် မိန်းမပျိုတစ်ဦး ထွက်လာသည်။ သီဟနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

သီဟက လှေကား ခြေရင်းတွင် ကျန်ရစ်နေခဲ့သော သိုက်ထွေးကို လှမ်း၍ လက်ညှိုးထိုးပြသည်။ မိန်းမပျိုက ကိုယ်ကို ဘေးသို့ငဲ့၍ သိုက်ထွေးကို လှမ်းကြည့်သည်။

နှစ်ယောက်စလုံး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"သိုက်ထွေး"

"ဆွေဆွေဦး"

♦

ဘာစကားမှ မဆိုကြသေးဘဲ ငယ်သူငယ်ချင်း သုံးဦး ညော့ခန်း ကြိမ်ထိုး သစ်သားကုလားထိုင်များတွင် ဝင်ထိုင်မိကြသည်။

ဆွေဆွေဦး၏ မျက်နှာ အမူအရာက မမျှော်လင့်ဘဲ သိုက်ထွေးကို ပြန်တွေ့ရသည့်အတွက် အံ့သြနေဟန်လည်း မပေါ်၊ ဝမ်းသာနေဟန်လည်း မပေါ်၊ ဖြေရှင်းရ ခက်သည့် ပြဿနာတစ်ခုအတွက် စိတ်ရှုပ်နေဟန်မျိုး၊ ပြောရခက်သည့် စကားတစ်ခွန်းအတွက် နှုတ်ဆွံ့နေဟန်မျိုး ဖြစ်နေသည်။

နောက်ဆုံး တိတ်ဆိတ်မှုကို သည်းမခံနိုင်တော့သော သိုက်ထွေးက စမေးရသည်။

"ဆွေဆွေဦး... ခရေရော..."

ဆွေဆွေဦးက သက်ပြင်းချ၍ ခေါင်းခါသည်။

"နင် နာရီပိုင်းကလေးပဲ လွဲသွားတာ၊ ခရေက မနက် ၈ နာရီ ကားနဲ့ ပြန်သွားတာ"

"ဘာ… ပြန်သွားတယ်၊ သူ ပြန်လို့မှ မရတာ၊ နင် မတားဘူး လား"

သီဟက ကမူးရှူးထိုး ဝင်မေးတော့ ဆွေဆွေဦးက လက်ကာ ပြသည်။

"ငါ ရောက်တော့ သူက ထွက်ဖို့ ပြင်ဆင်နေပြီ၊ သူ့တပည့်မ ကလေးလည်း ပါတယ်၊ မော်လမြိုင်အထိ လိုက်ပို့မှာတဲ့၊ ငါက ဒီမှာ သွေးမှန်မှန်လဲနေရတာ နင် ဘယ်လိုလုပ် ပြန်မှာလဲလို့ တားတော့ သူက ခဏပါတဲ့၊ သူ့အမေဂူကို သွားကန်တော့မယ်၊ မော်လမြိုင် အိမ်မှာ စီစဉ်စရာရှိတာ စီစဉ်မယ်၊ တစ်ပတ်လောက်ဆို ပြန်လာမယ်တဲ့"

သီဟ ခေါင်းခါသည်။

"တစ်ပတ်… တစ်ပတ်… နေလို့မရဘူး ထင်တယ်နော်"

ဆွေဆွေဦး ပခုံးတွန့်ပြသည်။

"နင်တို့လည်း ခရေ့အကြောင်း သိသားပဲ၊ ဘယ်တုန်းက ဘယ်သူ တားလို့ ရဖူးလို့လဲ၊ အဲဒါ ငါ့ကို မျိုးဆွေ ဦးလေးဆီ အိမ်သော့ ပြန်အပ်ပေးပါဆိုလို့ ငါ အိမ်မီးတွေ လိုက်စစ်၊ တံခါးတွေ လိုက်ပိတ်နေတာ"

ဘာပြောရမည်မှန်းကို မသိတော့။

သိုက်ထွေး ရင်ထဲမှာ ရှိသမျှ ကာလီစာအားလုံး အငွေ့ပြန် ပျောက်ဆုံးသွားသလို လိုက်ဟာနေသည်။ ခရေ မရှိတော့တာ သေချာ နေပြီ ဖြစ်သော အိမ်အတွင်းဘက်သို့သာ မချိတင်ကဲ ငေးကြည့်နေသည်။

ဆွေဆွေဦးက သိုက်ထွေးကို မေးငေါ့ပြသည်။

"ဒီတစ္ဆေသရဲက ဘယ်လိုလုပ်ပြီး ကိုယ် ထင်ပြလာရတာတဲ့တုံး"

သိုက်ထွေး ယဲ့ယဲ့ပြုံး၍ ညည်းဖြေကလေး ဖြေသည်။

"ပြောတော့ဟာ၊ ငါလည်း ခုမှ သတင်းကြားလို့ လိုက်လာတာပဲ၊ လေဆိပ်မှာ သီဟနဲ့ ဆုံတာ"

သီဟက ဆွေဆွေဦးကို မျက်ရိပ်ဖြင့် ဟန့်သည်။ ပြီးတော့မှ-

"ပြောမနေပါနဲ့တော့၊ ဒီကောင်လည်း ဟောင်ကောင်မှာ သတင်းကြားပြီး စင်ကာပူကို လိုက်တာ၊ ဟိုမှာ ထပ်လွဲလို့ ဒီကို ဆက်လိုက်လာရတာ"

သူငယ်ချင်း သုံးဦးသား ခဏ တိတ်ဆိတ် ငြိမ်သက်သွားကြပြန်သည်။

ခဏနေတော့ သိုက်ထွေး နေရာက ဝုန်းခနဲ ထရပ်သည်။

သီဟက မော့ကြည့်၍-

"ဘာလဲဟ" ဟု မေးသည်။

"ကားစင်းလုံး ငှားရင် ရမှာပဲကွ၊ ငါ မော်လမြိုင် ဆက်လိုက်သွားမယ်"

ဆွေဆွေဦးက ကျွတ်ခနဲ မြည်တမ်းသည်။

"သိုက်ထွေးရယ်··· နင်ဟာလေ ငယ်ငယ်တုန်းကအတိုင်းပဲ၊ ဘာမှ မပြောင်းလဲဘူး၊ နေနိုင်ပြီဆိုရင် လုံးဝပစ်ထား၊ အသည်းအသန်ဖြစ်ပြီဆိုရင်လည်း အရူးလိုပဲ"

သိုက်ထွေး မခံချင် ဖြစ်သွားသည်။

"ဘာအရူးလိုလဲဟ၊ ငါ လာကတည်းက ခရေနဲ့ တွေ့ဖို့၊ ခရေ့ကို စင်ကာပူ ပြန်ခေါ်သွားပြီး ငါ့ကျောက်ကပ်နဲ့ အစားထိုး ကုသဖို့ လာတာ၊ ဘာလို့ အချိန်ဖြုန်းနေဦးမှာလဲ"

ဆွေဆွေဦးက ဖြည်းညင်းစွာ ခေါင်းယမ်းသည်။

"နင် အခု တွေ့ရလည်း ခရေက အခု လိုက်လာမှာမှ မဟုတ်တာ၊ သူ ဟိုမှာ နည်းနည်းပါးပါး စိတ်အနည်ကျပါစေဦးလား၊ နင်လည်း ရန်ကုန်မှာ မိရင်း ဖရင်းတွေ ရှိသေးတယ်လေ၊ မပြောဘဲ ဆက်သွားတော့မလို့လား"

သီဟက ခေါင်းညိတ်၍ ဝင်ပြောသည်။

"ဆွေဆွေဦး ပြောတာ ဟုတ်တယ်ကွ၊ ထိုင်ပါဦးကွာ"

သိုက်ထွေး ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ် ပြန်ထိုင်ချမိသည်။

ခဏနေတော့ ဆွေဆွေဦးက တိုးတိုးရယ်သည်။

"နင့်မျက်နှာကြီးက နင့်ကို ငယ်ငယ်က ခရေ ငြင်းလိုက်ခါစက ရုပ်ကြီးအတိုင်းပဲ"

သိုက်ထွေးက မခံချင်ဟန်ဖြင့် ပြန်ပြောသည်။

"အပိုတွေ ပြောမနေနဲ့၊ ခရေ ငါ့ကို ငြင်းခါစက နင်တို့ သိလို့လား"

"သိတာပေါ့"

သိုက်ထွေး မျက်ခုံး ပင့်ကြည့်သည်။

"ခရေ ပြောလို့လား"

ဆွေဆွေဦးက ရယ်သည်။

"ခရေက ခုထိတောင် အဲသည့်ကိစ္စ မပြောပြသေးဘူး၊ နင် နောက်ပိုင်း ငါ့ကို ပြောပြထားတာလည်း သူ သိပုံမပေါ်ဘူး၊ ငါ ရိပ်မိတာက နင် လွယ်အိတ်ကြီးနဲ့ အအေးဆိုင်က စားပွဲ ရေစိုနေတာ သုတ်လိုက်တဲ့ နေ့ကတည်းက"

သီဟက မျက်ခုံးပင့်ကြည့်သည်။

"ဘယ်လို… လွယ်အိတ်နဲ့ စားပွဲကို သုတ်တယ်… ဟုတ်လား"

ဆွေဆွေဦးက ရယ်သည်။

"ဒီလိုဟ"

♦

"နင် ဘာဖြစ်နေတာလဲ"

ဘေးချင်းယှဉ် လျှောက်ရင်းက ဆွေဆွေဦးက စိတ်မရှည်သံနှင့် မေးသည်။

သူငယ်ချင်းတွေအားလုံး သည်နှစ်ထဲမှာ အရပ်နည်းနည်းစီ ထပ်ထွက်နေကြသေးသော်လည်း ၅ ပေ ကျော်ရုံသာ အရပ်ရှိသည့် ဆွေဆွေဦးက ထပ်ထွက်မလာသဖြင့် သိုက်ထွေးနှင့် ဘေးချင်းယှဉ် လျှောက်နေခိုက်တွင် သိုက်ထွေး ပခုံးလောက်မှာ သူ့ခေါင်းက ရောက်နေသည်။ သိုက်ထွေးက ငုံ့ကြည့်၍ တိုးတိုးရယ်သည်။

"ငါ ဘာဖြစ်လို့လဲ"

http://mmteashop.com
May 24, 2013



"နင် အကြောင်းရိုက်မနေနဲ့၊ သီဟာက ရန်ကုန်သွားပြီး ဆေးကျောင်းတက်ဖို့ ပြင်ဆင်နေပြီ၊ ငါနဲ့ ရည်ရည်ဝင်းက ကျောင်းတွေမဖွင့်ခင် ကွန်ပျူတာ တက်မယ်ဆိုပြီး တက်ဖြစ်တယ်၊ ခရေကလည်း အင်္ဂလိပ်စာ ဂိုက်လုပ်တယ်၊ နင် တစ်ယောက်တည်း ယောင်ချာချာဖြစ်နေတာ၊ ပြီးတော့ ခုတလော နင့်အဖေရဲ့ စစ်အင်္ကျီဟောင်းကြီးတွေပဲ ဝတ်၊ အဲဒီပခုံးကြိုးမှာ ဆွဲပြီး ပေါက်တောင်နေတဲ့ လွယ်အိတ်အစုတ်ကြီးကို လွယ်၊ လူကလည်း ဘယ်အချိန်ကြည့်ကြည့် ငူတူတူ ငိုင်တိုင်တိုင်နဲ့ နင် တစ်ခုခု ဖြစ်နေတာ သေချာတယ်"

သိုက်ထွေးက ခြောက်ကပ်ကပ် ရယ်သည်။

"ဘာမှ မဖြစ်ပါဘူးဟာ၊ နင်ကလည်း ကျောင်းမတက်ရသေးတဲ့ အချိန်မို့ အဟောင်းတွေပဲ ထုတ်သုံးတာပါ၊ ဘာဖြစ်လဲ"

ဆွေဆွေဦးက လက်မခံ။

"နင့်အမူအရာတွေက အသိသာကြီးပါဟာ၊ ငါ့ကို ခရေကတောင် ပြောသေးတယ်"

ခရေ··· တဲ့။

သိုက်ထွေး ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်သွားသည်။ သိချင်စိတ်ကြီးနေသည်ကို ဟန်ဆောင်ဖုံးဖိ၍ ပုံမှန်လေသံနှင့် ပြန်မေးမိသည်။

"ခရေက ဘာပြောလို့လဲ"

"သိုက်ထွေး ကြည့်ရတာ စိတ်လေနေသလား မသိဘူး၊ နင်တို့ဝိုင်းထိန်းကြဦးတဲ့"

သိုက်ထွေး သက်ပြင်းချမိသည်။

နင်ကိုယ်တိုင် လာထိန်းလိုက်တော့ ငါ တအားလိမ္မာသွားမှာ စိုးလို့လား ခရေ… ။

“ဘာမှ မဖြစ်ပါဘူးဟာ၊ အခု ဖွင့်ခါစ တပ်မတော် ဆေးတက္ကသိုလ်ကို ဖေဖေက အတင်းတက်ခိုင်း၊ ငါကလည်း စိတ်မပါနဲ့ အိမ်မှာ ပွစိပွစိ ဖြစ်နေကြတာနဲ့ ဒီလိုပဲ လျှောက်သွားနေတာပါ”

ခပ်လှမ်းလှမ်းတွင် အအေးဆိုင်ကလေး တစ်ဆိုင်ကို မြင်ရတော့ ဆွေဆွေဦးက ကလေးလေးလို လက်ခုပ်လက်ဝါး တီး၍ ရယ်သည်။

“ဟာ… အအေးဆိုင်ဟ၊ သိုက်ထွေး… ငါ အအေးသောက်မယ်၊ ငါ့ကို အအေးတိုက်”

သိုက်ထွေးက အင်္ကျီအိတ်ကပ်ကို ဖြဲ၍ ငုံ့ကြည့်သည်။ တစ်ဆယ်တန် ငါးရွက်ကို တွေ့ရသည်။

“ရတယ်လေ… လာ… သွားကြစို့”

အအေးဆိုင်က ထောင့်စားပွဲကလေးတစ်ခုသာ လွတ်နေသည်။ အဲသည် စားပွဲမှာလည်း ရှေ့လူတွေ ဖိတ်ကျထားဟန်နှင့် ရေများ စိုရွှဲနေသည်။

ဆွေဆွေဦးက စားပွဲသုတ်ရန်အတွက် စားပွဲထိုးကလေးကို လှမ်းခေါ်ရန် ဟန်ပြင်နေစဉ်မှာပင် သိုက်ထွေးက လွယ်ထားသော လွယ်အိတ်အဟောင်းကို စားပွဲပေါ် ပစ်တင်၍ ဘေးတိုက် ရွှေ့လျားပြီး ရေစိုကွက်များကို သုတ်ပစ်လိုက်သည်။

“ဟဲ့… သိုက်ထွေး၊ ဒါ ဘာလုပ်တာလဲ”

သိုက်ထွေးက အူကြောင်ကြောင် ပြန်လှည့်ကြည့်သည်။

“ရေသုတ်တာလေဟာ”

http://mmteashop.com
May 24, 2013



"ရေသုတ်တာ လွယ်အိတ်နဲ့ သုတ်စရာလား၊ ပြီးတော့ နင် သုတ်စရာလား၊ ငါ စားပွဲထိုးကို ခေါ်မှာပေါ့၊ နင် ဘာလို့ အဲဒီလောက် တေနေ… ပေနေ… ကြောင်နေရတာလဲ သိုက်ထွေးရယ်"

သိုက်ထွေး ရယ်၍ လျှာသာ ထုတ်ပြမိသည်။

♦

သီဟက ဟက်ဟက်ပက်ပက် ရယ်သည်။

"ဒါဆို ဒီကောင် ကြောင်သွားတာတော့ မကလောက်ဘူးဟ၊ ရူးသွားတာနေမှာ"

သိုက်ထွေးက မချိပြုံး ပြုံး၍ ကြိမ်ထိုးသစ်သား ကုလားထိုင် ပေါ် ခပ်လျှော့လျှော့ ထိုင်ချလိုက်သည်။

"ရေစိုတဲ့ စားပွဲကို လွယ်အိတ်နဲ့ သုတ်တာလောက်နဲ့ အဲဒီတုန်း က နင် ရိပ်မိတယ်ဆိုတာတော့ မဖြစ်နိုင်လောက်ပါဘူးဟာ"

"ဟဲ့… ဖြစ်နိုင်တာပေါ့၊ နင်က ငယ်ငယ်ကတည်းက တို့ထဲ မှာ တစူးစား၊ တဇောက်ကန်း၊ နင် တစ်ခုခုကို လိုချင်ပြီ ဆိုရင်လည်း အရူးအမူး၊ စားလည်း ဒီစိတ်‥ သွားလည်း ဒီစိတ်‥ အဲဒါ မရနိုင်တော့ ဘူး ဆိုရင်လည်း နင်က ရတာလေးလောက်နဲ့ မကျေနပ်တတ်ဘူး၊ ဘာမှ မလိုချင်တော့ဘူး ဆိုပြီး ရေစုန်မျှောပစ်ထားလိုက်ရော၊ အဲဒီနေ့က နင့် ရုပ်က နင့်ဘဝကို နင် ပြန်ပြီး မလိုချင်တော့တဲ့ ရုပ်ကြီး၊ အဲဒီရုပ်ရယ်… ခရေ ပြောခဲ့တဲ့ စကားတွေရယ်‥ ပြီးတော့ ငါ့ကို နင့်ကို ဂရုစိုက်လိုက် ပါလို့ မှာတာရယ်၊ ပေါင်းရင် အဖြေက ရှင်းရှင်းလေးပဲ"

သည်တစ်ခါတော့ သိုက်ထွေး စိတ်လိုလက်ရ ပြုံးမိသည်။

"အဲဒါနဲ့ နှင်လည်း ငါ့ကို ဂရုအစိုက်ကောင်းလိုက်တာ အပျိုကြီး ဖြစ်ရော မဟုတ်လား"

ဆွေဆွေဦးက လိုက်ရယ်သော်လည်း သီဟာက အူကြောင်ကြောင် ဝင်မေးသည်။

"အဲဒီဇာတ်လမ်းလည်း ငါ မသိသေးဘူး၊ လုပ်ပါဦး"

"ဒီလိုကွ"

♦

သူ လုပ်တာ တရားသလား၊ မတရားသလားတော့ သိုက်ထွေး သိပ်မသေချာ။ သို့သော် အဲသည်တုန်းက စိတ်ညစ်တိုင်း ဆွေဆွေဦးဆီ သွားစကားပြောမိသည်။

ဆွေဆွေဦး သင်တန်းဆင်းချိန်တွေမှာ သွားကြိုတော့ ရည်ရည်ဝင်း ပါ ပါပြီး အအေးဆိုင် ထိုင်ကြသည်။ တစ်ခါတလေလည်း ဆွေဆွေဦး တခြားကိစ္စ သွားတာတွေကို လျှောက်လိုက်နေမိသည်။

တက္ကသိုလ်တွေ ဖွင့်တော့လည်း ခရေ၊ ဆွေဆွေဦး၊ ရည်ရည်ဝင်း နှင့် သူတို့ မော်လမြိုင်တက္ကသိုလ်မှာ အတူတူ တက်ကြသော်လည်း မေဂျာ မတူသဖြင့် မဆုံဖြစ်။ သူကတော့ ဆွေဆွေဦးဆီ ခဏခဏ သွား၍ ဆွေဆွေဦးကို စာသင်ခန်းထဲက ခေါ်ထုတ်ပြီး တက္ကသိုလ်ဝင်းထဲ လျှောက်သွားနေမိပြန်သည်။

ဆွေဆွေဦးကလည်း ငြူစူတာ မရှိ။ မိန်းကလေး သိက္ခာ ထိပါးမည်ဟု စိုးရိမ်ဟန်မပြ။ ငြင်းတာ၊ မလိုက်တာ မရှိ။

တစ်ခါက သူ ကျောင်းမတက်ချင်သဖြင့် အတန်းလစ်ပြီး ဆွေဆွေဦး အတန်းဆီ သွားသည်။ တံခါး၀က ချောင်းကြည့်တော့ ဆွေဆွေဦးကို မမြင်ရ။ လက်ပြ ခြေပြ လုပ်၍ ခေါ်ထုတ်ဖို့ မဖြစ်နိုင်တော့သဖြင့် အတန်းလွှတ်အောင် စောင့်ဖို့ ဆုံးဖြတ်လိုက်သည်။

ဆွေဆွေဦးတို့ အတန်းနှင့် မလှမ်းမကမ်း အုတ်ခုံပေါ်မှာ ထိုင်သည်။

သူ့ဘေးမှာ ကျောင်းသူကျောင်းသားများ ဥဒဟို ဖြတ်လျှောက်နေကြသော်လည်း သူက မော့မကြည့်သဖြင့် သူ့မြင်ကွင်းထဲမှာ လုံချည်အနားစတွေ၊ ဘောင်းဘီအောက်ခြေတွေနှင့် ခြေထောက်တွေသာ မြင်နေရသည်။

၁၅ မိနစ်လောက် ကြာသွားသည်။

အဲသည် ခြေထောက်တွေထဲက မန္တလေး ပိန်းတန်း မိန်းကလေးဖိနပ် ရိုးရိုးကလေး စီးထားသည့် မိန်းကလေး ခြေဖမိုးကလေးတစ်စုံက သူ့ဘက် ခြေဦးလှည့်လာသည်။ သူ့ရှေ့မှာ စုံရပ်သည်။

မော့ကြည့်လိုက်၍ ရပ်နေသူကို မြင်ရတော့ သူ့နှလုံးသားက ကျဉ်ခနဲ တစ်ချက် ခါသွားသည်။

"ခရေ…"

ခရေက ထုံးစံအတိုင်း မဲ့ပြုံးကိုပင် လုပစွာ ပြုံးလေသည်။

"မခေါ်နဲ့ဟေ့၊ မခေါ်နဲ့၊ သိလား၊ ဘယ်တော့မှ မခေါ်နဲ့၊ ငါကလည်း မခေါ်ဘူး၊ နေ နေ… အဲဒီအတိုင်းနေ"

တဆတ်ဆတ် ခါနေသော ရင်က နှုတ်ခမ်းတို့ကို ဆွဲအစေသည်။

ခရေက မဲ့ပြုံးကို ပြုံးစူစူအသွင်သို့ ပြောင်း၍ ဘယ်ဘက်ပခုံးပေါ်မှာ လွယ်ထားသော ကမ္ဘောဇလွယ်အိတ်ကလေးထဲသို့ လက်နှိုက်၍ စာအိတ်ကလေး တစ်အိတ်ကို ဆွဲထုတ်ပြီး သူ့ကို လှမ်းပေးသည်။

"ရော့··· ဒါတော့ ဖတ်ကြည့်ဦး"

ပြောပြောဆိုဆို ချာခနဲ လှည့်၍ ထွက်သွားသည်။

စာအိတ်က အသည်းနှလုံးပုံ ရေစာများ ဖွဖွပါသော ကြည်ပြာရောင် စာအိတ်ကလေးပါ။ တဆတ်ဆတ် တုန်နေသော လက်တို့ဖြင့်ပင် သိုက်ထွေး စာအိတ်ကို အလောသုံးဆယ် ဖွင့်မိသည်။

ဗလာစာရွက်ခေါက်ကလေးတစ်ခု ထွက်လာသည်။

သိုက်ထွေး စာရွက်ကို ကမူးရှူးထိုး ဖြန့်ဖတ်သည်။

*'သိုက်ထွေး···*

*အဲသလိုကြီး မနေပါနဲ့ဟာ၊ နင်နဲ့ ငါ သူငယ်ချင်းအရင်းကြီးတွေပါ၊ နင့်လို သူငယ်ချင်းတစ်ယောက် ငါ မဆုံးရှုံးပါရစေနဲ့၊ ချစ်သူလို မချစ်နိုင်တာကလေး တစ်ခုတည်းနဲ့လည်း ငါ့ကို သူငယ်ချင်းအဖြစ်က မစွန့်လွှတ်လိုက်ပါနဲ့။*

*ခင်တဲ့*

*ခရေ'*

ဒါပဲလား··· ခရေရယ်···

ဒါက ငါ သိပြီးသား နင် ပြောချင်တဲ့ စကားတွေပဲဟာ။

နင့်စိတ်နေသဘောထား၊ ငါ နားလည်တာပေါ့။ ဒါပေမဲ့ ရင်ထဲက ဒီလောက် ချစ်နေမိပြီး ချစ်ခွင့်မရပါဘူး ဆိုတာ သိထားတဲ့ မျက်နှာကလေး

ကို ငေးကြည့်စရာ မလိုဘဲ အမြဲ မြင်နေနေရမယ့် ဘဝနဲ့ နင့်ဘေးမှာ ငါ သူငယ်ချင်း ဘယ်လိုလုပ် လုပ်နေရမှာလဲ။

သိုက်ထွေး စိတ်ပျက်လက်ပျက်နှင့် နေရာမှ ထ၍ စာရွက်ခေါက်ကလေးကို စာအိတ်ပြာကလေးထဲ ပြန်ထည့်ပြီး စာအိတ်ပြာကလေးကို လွယ်အိတ်ထဲ ထည့်လိုက်သည်။

ပြီးတော့ ဆွေဆွေဦးတို့ စာသင်ခန်း ရှိရာဘက် ခြေဦးလှည့်သည်။

♦

"အဲဒါကို ငါ ပြောပြောနေတာလေဟာ သိုက်ထွေး၊ နင့်မှာ မချိုမပဋိပဒါကို မရှိဘူး ဆိုတာ၊ ဒါရရင် ရ.. မရရင် ရတာလေးနဲ့ ရောင့်ရဲမယ် စိတ်မကူးဘူး၊ လှည့်ကို မကြည့်တော့တာ၊ နင်သာ အဲသလို တခောက်ကန်း မနိုင်ခဲ့ရင် တို့ သူငယ်ချင်းတွေ ခုထက်ထိ ဥမကွဲ သိုက်မပျက် ရှိချင်ရှိနေမှာ၊ ပြီးတော့ ခရေက ခုထက်ထိ အပျိုကြီး၊ နင်ကလည်း ခုထက်ထိ လူပျိုကြီး၊ နင်တို့ အဆင်ပြေချင်တောင် ပြေနေလောက်ပြီ၊ ခုတော့ ဒီရောဂါဆိုးကြီး ဝင်လာမှ ပြန်ဆုံရတယ်လို့"

ဆွေဆွေဦးက ဒေါနှင့် မောနှင့် ပြောနေတော့ သိုက်ထွေး ခေါင်းငုံ့၍ ခံနေသည်။ သီဟကတော့ မရှင်းသေးဟန်ဖြင့် ဝင်မေးသည်။

"နေပါဦး... ခရေ အပျိုကြီး ဖြစ်တာကိုထား၊ စောစောက သိုက်ထွေး ပြောတဲ့ သိုက်ထွေးကို ဂရုစိုက်မိလို့ နင် အပျိုကြီး ဖြစ်ရတာဆိုတာက ဘာလဲ"

"အလကားပါဟာ"

"အလကားလည်း သိချင်တာပဲ၊ သိုက်ထွေး ပြောပြ"

http://mmteashop.com
May 24, 2013



သိုက်ထွေးက ယဲ့ယဲ့ပြုံးသည်။

''ဒီလိုကွ…''

♦

ဆွေဆွေဦးတို့ စာသင်ခန်းရှေ့ အရောက်တွင် သိုက်ထွေး ခြေလှမ်းတို့ တုံ့ခနဲ ဖြစ်သွားသည်။

အတန်းက လွှတ်ထားပြီးပြီ။

ဆွေဆွေဦးက အတန်းရှေ့မှာ ယောကျ်ားကလေး သူငယ်ချင်း သုံးဦးနှင့် ရပ်စကားပြောနေသည်။ တစ်ဦးက မောင်မျိုး။

မောင်မျိုး ဆိုတာက ဆွေဆွေဦးကို ကြွေနေသည်ဟု အများက ထင်မြင်ချက် ပေးနေကြသော်လည်း ဆွေဆွေဦးကို ဖွင့်မပြောသေးသူ ဖြစ်သည်။

မောင်မျိုးက ဖိုင်တွဲတစ်ခုကို ကိုင်ထားပြီး အဲသည်ထဲက တစ်စုံတစ်ရာကို ဆွေဆွေဦးကို ပြ၍ ရှင်းပြနေရာမှ သိုက်ထွေး ရောက်လာသည်ကို မြင်တော့ မျက်နှာတစ်မျိုး ဖြစ်သွားပြီး ဖိုင်တွဲကို ပိတ်၍ နောက်ကို မသိမသာ ဆုတ်သွားသည်။

ဆွေဆွေဦး မျက်နှာကတော့ သိုက်ထွေးကို မြင်တော့ ပြုံးရွှင်သွားသည်။

''ဟဲ့… သိုက်ထွေး၊ အတန်း မရှိဘူးလား''

သိုက်ထွေးက ပခုံး တွန့်ပြသည်။

''ဆိုပါတော့ဟာ၊ ကင်တင်း သွားမလို့ နင့်ကို လာခေါ်တာ၊ နင် မအားဘူးလား''

http://mmteashop.com
May 24, 2013



ဆွေဆွေဦး မျက်မှောင်ကြုတ်သွားသည်။

"အတန်းကတော့ အစကတည်းက လစ်မလို့ပါဘဲဟာ၊ ဒါပေမဲ့ ငါ မောင်မျိုးတို့နဲ့ ဆရာကန်တော့ပွဲကိစ္စ သွားလုပ်ကြမလို့၊ နင် တစ်ယောက်တည်း သွားလို့ရမလား"

သိုက်ထွေး ခေါင်းတစ်ချက် ညိတ်သည်။

"လုပ်ပါဟာ သွားပါ၊ ငါလည်း ပျင်းလို့သာ သွားမှာ၊ မဆာပါဘူး၊ အိမ်ပဲ ပြန်တော့မယ်"

"နင် ဖြစ်ရဲ့လား"

ဆွေဆွေဦး အသံက တစ်မျိုး ဖြစ်သွားသည်။ သိုက်ထွေး မျက်နှာကို စူးစမ်းဟန်ဖြင့် စိုက်ကြည့်နေသည်။

"ဖြစ်ပါတယ်ဟာ၊ အေးဆေးပါ"

"ငါ့ စိတ်မဆိုးနဲ့နော်"

သိုက်ထွေးက ပေါ့ပေါ့ပါးပါး ရယ်သည်။

"စိတ်ဆိုးစရာလားဟာ၊ လုပ်ပါ၊ သွား သွား၊ ငါလည်း ပြန်ပြီ၊ တာ့တာ"

သိုက်ထွေး မောင်မျိုးတို့ကိုပါ ပြုံးပြ နှုတ်ဆက်ပြီး လှည့်ထွက်လာခဲ့သည်။ ခြေလှမ်းတို့ကတော့ သိသိသာသာ ယောင်ချာချာ ဖြစ်နေသည်။

လူကလည်း လွယ်အိတ်ထဲက ခရေစာကို နောက်တစ်ခေါက် ထပ်ထုတ်ဖတ်ဖို့ပဲ တစ်နေရာရာမှာ ထိုင်ရမလား၊ ဘတ်စ်ကားများ ပြေးရာ လမ်းမဘက်ပဲ လျှောက်ရမလား ဝေခွဲ၍မရ။

ကျောင်းဝင်းဝအနားတွင် ရပ်၍ ခဏ စဉ်းစားနေစဉ် သူ့ဘက်သို့ လိုက်လာသော ခြေသံသွက်သွက်ကို ကြားရသဖြင့် မော့ကြည့်လိုက်တော့ ဆွေဆွေဦးကို တွေ့ရသည်။

Scan & Pdf - ရေဘဝဲ

''ဟာ… ဆွေဆွေဦး၊ နင် ဟိုကောင်တွေနဲ့ မသွားဘူးလား''

ဆွေဆွေဦးက ခေါင်းခါပြသည်။

''ငါ နောက်နေ့မှ သွားတော့မယ်၊ ဟိုကောင်တွေကို ပြောခဲ့ပြီ၊ နင်နဲ့ ကင်တင်းသွားမယ်လေ၊ လာ''

သိုက်ထွေး အားတုံ့အားနာ ဖြစ်သွားသည်။

''ဟာ… နင်ကလည်း ငါ စိတ်မဆိုးပါဘူးဆို''

ဆွေဆွေဦး ခေါင်းညိတ်သည်။

''ငါ သိပါတယ်၊ ဒါပေမဲ့ နင့်မျက်နှာက တစ္ဆေ သရဲနဲ့ တွေ့လာတဲ့ မျက်နှာမျိုး ဖြစ်နေလို့၊ နင် တစ်နေရာရာမှာ တစ်ခုခု ဖြစ်ခဲ့တာ သေချာတယ်၊ ငါ့ကို ပြောပြချင်လို့ လာတာ မဟုတ်လား၊ လာ… သွားကြရအောင်''

သိုက်ထွေး ခေါင်းကို သွက်သွက်ခါသည်။

''နင် ထင်လို့ပါဟာ၊ မဟုတ်ပါဘူး၊ ငါ ဘာကိစ္စမှ အထွေအထူး မရှိပါဘူး''

''နင် မပြောချင်လည်းနေ၊ ငါက ဟိုကောင်တွေနဲ့ ဖျက်ခဲ့ပြီးသားပဲ ဆိုတော့ ကင်တင်းတော့ သွားမှာပဲ၊ လာ သွားစို့''

သိုက်ထွေး သက်ပြင်းချ၍ ဆွေဆွေဦးနှင့်အတူ လျှောက်လာခဲ့သည်။

♦

''အဲဒါပဲကွ၊ နဂိုကတည်းက မောင်မျိုးက ဆွေဆွေဦးနဲ့ ငါနဲ့ကို ထင်နေလို့ ဆွေဆွေဦးကို ဖွင့်မပြောတာ၊ ငါကလည်း တစ်ချိန်လုံး သွားနေမိတာကိုး၊ နောက်တော့ အဲဒီနေ့လည်း ပြီးရော မောင်မျိုးက

http://mmteashop.com
May 24, 2013



သေချာပါပြီ ဆိုပြီး အပြီးနောက်ဆုတ်သွားတာ နောက်ပိုင်း မောင်မျိုး သူငယ်ချင်းတစ်ယောက်က ငါ့သူငယ်ချင်း လာဖြစ်တော့မှ မောင်မျိုး သူ့ကို ရင်ဖွင့်တာတွေ ပြောပြတာ၊ ဒါကြောင့် ဆွေဆွေဦး အပျိုကြီး ဖြစ်တာလို့ ပြောတာ"

ဆွေဆွေဦးက မခံချင်ဟန်ဖြင့် မဲ့ပြသည်။

"သူ ဖွင့်ပြောတော့ရော ငါက ပြန်ကြိုက်မှာမှ မဟုတ်တာ၊ အပိုတွေ ပြောမနေပါနဲ့ သိုက်ထွေးရယ်၊ ကဲ… သီဟ လာ ငါတို့ သွားရအောင်"

သီဟက အူကြောင်ကြောင်နှင့် မော့ကြည့်သည်။

"ဘယ်လဲဟ၊ ငါ ဂျူတီ ပြန်ဝင်ရဦးမယ်"

"ဒီဝေဘာဂီထဲက ရည်ရည်ဝင်းတို့ အိမ်မှာ ငါနဲ့ သိုက်ထွေးကို ချပေးခဲ့၊ ငါတို့ အဲဒီကနေ ကိုယ့်အစီအစဉ်နဲ့ ကိုယ် ပြန်ကြမယ်"

သိုက်ထွေးက လှည့်ကြည့်သည်။

"ဘာရယ်… ဆွေဆွေဦး၊ ရည်ရည်ဝင်းကလည်း ရန်ကုန်မှာ ဟုတ်လား"

ဆွေဆွေဦး မျက်နှာ အိုစာသွားသည်။

"ဆေး လာကုနေတာဟ၊ တို့ သူငယ်ချင်းတွေထဲမှာ နေမကောင်း တာ ခရေတစ်ယောက်တည်း မဟုတ်ဘူးနော်… သိုက်ထွေး၊ နင် ဘာမှ မသိဘူး"

သိုက်ထွေး နှုတ်ဆွံ့သွားပြန်ပါသည်။

❐

Scan & Pdf - ရေဘာဝဲ

- ၇ -

စမ်းရေစီးကြောင်းကို ပြန်မြင်ယောင်သည်။

ချောင်းဘေးက မြက်ခင်းပေါ်မှာ သူ ဆယ်ထားသော ပန်းပွင့်ကလေးတွေမှ အများကြီး။ အားလုံးကို သူ တစ်ပွင့်မကျန် ဆယ်ခဲ့နိုင်သည်ဟု သူ ထင်ခဲ့ပါသည်။

သို့သော် စမ်းရေစီးကြောင်းဘက်ကို ပြန်လှည့်ကြည့်မိတော့ အဖြူရောင်ပန်းကလေးတစ်ပွင့်က ရေထဲမှာ မျောနေတုန်း။

♦

ဆွေဆွေဦးက အံကလေး မသိမသာ ကြိတ်ထားသည်။ ဘာမှ ပြန်မပြော။

အဲဒါတွေ တစ်ယောက်ယောက်ကို ဖွင့်အန်ပြောပြလိုက်ရလျှင် ရင်ထဲမှာ နည်းနည်းပေါ့သွားမည်ဟု ထင်မိခဲ့သော သိုက်ထွေး တစ်ယောက်

လည်း ထင်ထားသလို မခံစားရပါ။ ထင်းမီးဖိုထဲသို့ ထင်းချောင်းအသစ်များ ထပ်ထိုးထည့်လိုက်သလို မီးတောက်က ရင်ထဲမှာ ဝေ့၍ ဝေ့၍ တက်လာသည်။

မီးဖိုပေါ်မှာက ပြည့်လျှံနေသော ရေနွေးအိုးတစ်လုံး။

အဲသည်ထဲက ရေနွေးတွေက ဖိတ်တစ်ဝက်၊ စဉ်တစ်ဝက် ဆူတက်၍နေသည်။ ဘေးမှာ ထိုင်နေတာက သိပ်ချစ်စရာကောင်းသော သူငယ်ချင်းမကလေးတစ်ဦး။ သူ့ကို ဖိတ်သွား စဉ်သွားခဲ့လျှင်ဖြင့် သူလည်း အနာတရဖြစ်တော့မည်။ သိုက်ထွေးလည်း စိတ်ကောင်းနိုင်မည် မဟုတ်။

သို့သော် နောက်ကျသွားပြီ။ ရေနွေးအိုးက ဆူပွက်၍နေခဲ့ပြီ။ ဆွေဆွေဦးလည်း မျက်နှာအိုနေပြီ။

''ငါ မပြောပြမိရင် အကောင်းသား''

သိုက်ထွေးက တွန့်ဆုတ်စွာ ပြောတော့ ဆွေဆွေဦးက ကျွတ်ခနဲ မြည်တမ်းသည်။ သိုက်ထွေးက ဆက်ပြောသည်။

''နင်နဲ့လည်း မဆိုင်၊ နင်လည်း ဘာမှ မတတ်နိုင်တဲ့ကိစ္စကို နင့်ကိုပါ စိတ်ညစ်အောင် သက်သက်လုပ်သလို ဖြစ်နေတော့တာပေါ့''

ဆွေဆွေဦးက မျက်မှောင်ကြုတ်လျက်က လှည့်ကြည့်သည်။

''ငါ စိတ်မကောင်းတာ တစ်ခုပဲ ရှိတယ်၊ အဲဒါက ဒီကိစ္စကို နင်က ငါနဲ့ မဆိုင်ဘူးလို့ သဘောထားတာပဲ''

သိုက်ထွေး ခေါင်းကုတ်သည်။

''အဲဒါ နင် ဘာပြောတာလဲ''

ဆွေဆွေဦးက ကျွတ်ခနဲ မြည်တမ်းပြန်သည်။

"နင် ငါ့ကို အခု ပြောပြမယ့်အစား နင် ခရေ့ကို ဖွင့်မပြောခင်တုန်းက ပြောပြခဲ့ရင်တောင် ဒီစိတ်မကောင်းစရာတွေ ဖြစ်လာမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ငါ တားမှာမို့လို့ပေါ့၊ နင့်ကို ခရေ ငြင်းမှာ ငါ သိနေတာပဲ"

သိုက်ထွေးက ခြောက်ကပ်ကပ် ရယ်သည်။

"သီဟကလည်း ငါ့ကို နင့်လို ပြောပြီး တားတာပဲ၊ ငါမှ နားမထောင်တာ"

ဆွေဆွေဦးက ခေါင်းခါသည်။

"သီဟက ဘာသိလို့လဲ၊ ငါက မိန်းကလေးချင်း၊ ပိုသိတယ်၊ ခရေသာ နင့်ကို ချစ်မယ်ဆိုရင် မျိုးဆွေနဲ့တောင် ချစ်သူတွေ ဖြစ်စရာအကြောင်း မရှိဘူး၊ မိန်းကလေးတွေ စိတ်က အဲသလောက် လွယ်လွယ်ပြောင်းမချစ်တတ်ဘူး"

သိုက်ထွေး အသံမထွက်ဘဲ ရယ်သည်။

"ထားပါတော့ဟာ၊ ခုမှတော့ နင် ဆူလည်း ခံရုံပါပဲ"

"မဆူပါဘူး၊ နင့် ခံစားချက်နဲ့ နင်ပဲဟာ၊ ဒါပေမဲ့ နင် စိတ်တော့ လေမနေနဲ့ပေါ့၊ ကျောင်းမှန်မှန်တက်၊ ရှေ့ရေးအတွက် စဉ်းစား"

သိုက်ထွေးက သက်ပြင်းချ၍ ခေါင်းတစ်ချက် ဆတ်သည်။

"ငါက ဖေဖေ့လိုလည်း ဆရာဝန် စစ်ဗိုလ် မဖြစ်ချင်ပါဘူးဟာ၊ ဒီသင်္ချာဘွဲ့နဲ့လည်း ဘာလုပ်စားရမှန်း မသိပြန်ဘူး၊ ငါ့သဘောတော့ နိုင်ငံခြားထွက်ပြီး ရန်းကန်ကြည့်ချင်တယ်"

ဆွေဆွေဦးက မျက်လုံးပြူးကြည့်သည်။

"ဘာလဲ… နင်က သဘောင်္သား လုပ်မလို့လား"

သည်တစ်ခါတော့ သိုက်ထွေး လှိုက်လှိုက်လှဲလှဲ ရယ်မိသည်။

"ဆွေဆွေဦးရယ်… နိုင်ငံခြား ထွက်တယ် ဆိုတာက သဘောင်္သား အလုပ်တစ်ခုတည်း ရှိတာမှ မဟုတ်တာ၊ ငါက အလုပ်တစ်ခုခု လုပ်ရင်း တက္ကသိုလ် သွားတက်ချင်တာ"

ဆွေဆွေဦး အံ့အားသင့်ဟန် လုပ်ပြသည်။

"လွယ်လို့လားဟယ်"

"ပိုက်ဆံရှိပြီးသား လူတွေကတော့ လွယ်တာပေါ့ဟ၊ ငါက တော့ မြေစမ်း ခရမ်းပျိုးကြည့်ရမှာပဲ"

ဆွေဆွေဦး ခေါင်းတဆတ်ဆတ် ညိတ်သည်။

"အေးလေ… နင် ယောင်မနေဘဲ ဦးတည်ချက်တစ်ခု ထား တာတော့ ငါ ကြိုက်ပါတယ်၊ ငါဆို မိဘအလုပ်ပဲ ဆက်လုပ်ရမယ့်ပုံ ပေါက်နေတာပဲ၊ ရည်ရည်ဝင်းကတော့ စာပေးစာယူ ပြောင်းပြီး ရန်ကုန် က ကုမ္ပဏီတစ်ခုခုမှာ အလုပ်လျှောက်မလို့ ပြောနေတယ်၊ နောက်ဆို သူက ငါတို့ကို ခွဲသွားဦးမှာဟ"

တကယ်တမ်း လက်တွေ့တွင်တော့ အရင်ဆုံး ခွဲသွားသူမှာ သိုက်ထွေးသာ ဖြစ်ခဲ့လေသည်။

သိုက်ထွေး ဖခင်က ရန်ကုန်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ရသဖြင့် သိုက်ထွေးကိုလည်း ရန်ကုန်ရှိ ဒဂုံတက္ကသိုလ်သို့ ပြောင်းရွှေ့ပေးခဲ့သည်။

♦

အဲသည့်နေ့က လမ်းခွဲကြရခါနီးမှ ရုတ်တရက် သိုက်ထွေး ရင်ထဲသို့ ဘယ်က သတ္တိတွေ ဝင်လာခဲ့သည် မသိ။

အဲသည့်နေ့ ဆိုတာက သိုက်ထွေး ဒဂုံတက္ကသိုလ်သို့ ပြောင်း တက်ရန် မော်လမြိုင်မှ ထွက်ခွာမှာမို့ သူငယ်ချင်းတွေ စုစားရင်း ခရေ့ အိမ်မှာ နှုတ်ဆက်ပွဲသဘောမျိုးလေး လုပ်သည့်နေ့ပါ။

ဘယ်သူမှတော့ မပါ။ သူတို့ ငါးယောက်တည်း။

အဲသည့်နေ့က နဂိုစကားနည်း၍ အေးသော ရည်ရည်ဝင်းကို မဆိုထားနှင့် နှုတ်သွက်သော ဆွေဆွေဦးပင်လျှင် ငူငူငိုင်ငိုင် ဖြစ်နေသည်။ ရန်ကုန်မှာ ဆုံနေဖြစ်မည့် သီဟပင်လျှင် ခြောက်ကပ်ကပ် တစ်ချက် နှစ်ချက်သာ ရယ်နိုင်သည်။

လုံးဝမထူးခြားတာက ခရေ… ရယ်လို့ မောလို့။

ဘယ်လိုလဲ… ခရေရယ်…

'နင့်လို သူငယ်ချင်းတစ်ယောက် ငါ မဆုံးရှုံးပါရစေနဲ့' ဆို…။ သူငယ်ချင်းတစ်ယောက် အပြီးခွဲသွားမှာကိုတောင် ဝမ်းနည်းတဲ့ အမူအရာ နင့်မျက်နှာမှာ ဘာလို့ ငါ မမြင်ရတာလဲ။

တွေးရင်း တွေးရင်း ခရေ့ကိုပဲ စိတ်ဆိုးရမလိုလို။ သူ့အတွက် သူပဲ ဝမ်းနည်းရမလိုလို သိုက်ထွေး ဖြစ်နေခဲ့သည်။

"စာရေးကွာ… ဟော့ကောင်၊ ဒီက သူငယ်ချင်းတွေဆီ၊ ငါ လည်း ရေးမယ်"

သီဟက တိုးတိုးပြောတော့ ခရေက အဝေးက တစ်ချက် လှမ်း၍ ဖျတ်ခနဲ ကြည့်သည်။ သိုက်ထွေးက ခရေ့မျက်နှာကို မသိမသာ တစ်ချက် ခိုးကြည့်ရင်း ဖြေသည်။

"ငါ လာလည်း လာမှာပါကွ"

"ပြောတော့ လွယ်တယ်ကွ၊ မိဘကလည်း ဟိုမှာ၊ ကျောင်းကလည်း ဟိုမှာ၊ လာချင်းလာရင် ငါပဲ လာဖြစ်မှာ"

"မင်း လာရင် ငါ့ကို ခေါ်ပေါ့ကွ"

ခရေ့ဆီက သည်တော့မှ အသံကြားရသည်။

"စိတ်မကောင်းစရာတွေ ပြောမနေကြပါနဲ့ဟာ၊ ဟိုမှာ ဆွေဆွေဦးက မျက်ရည်ဝဲနေပြီ၊ ငါတို့ သူငယ်ချင်းတွေ ပြန်မဆုံစရာ အကြောင်း မရှိပါဘူး၊ လာ လာ… အချိုပွဲတွေ ငါနဲ့ ကူသယ်ကြဦး"

ပြန်ကြမည် လုပ်တော့ မှောင်စပြုနေပြီ။

သိုက်ထွေး၊ သီဟနှင့် ရည်ရည်ဝင်းတို့ကို ပြန်ပို့ပေးဖို့ ဆွေဆွေဦး အိမ်က ကားကလေး ရပ်ထားရာ ခြံဝင်းဝသို့ လေးယောက်သား ခြေဦး လှည့်ကြတော့ သိုက်ထွေး ခြေထောက်တွေက လေးကန်ကန်။

ခရေတို့ ခြံထဲမှာလည်း မီးတိုင်သတ်သတ် မရှိသဖြင့် အိမ်ရှေ့ လှေကားမှ ခြံဝသို့ သွားသော လမ်းကလေးမှာ အိမ်ထဲက မီးဝါရောင် ကလေးသာ ဟပ်၍ မှောင်ပျပျ။

ခရေက သူတို့ လေးယောက်နောက်က လိုက်ဆင်းလာပြီး လှေကားရင်းတွင် ဖိနပ်ကို စီး၍ တစ်လှမ်းခန့် လှမ်းဟန်ပြင်ပြီးမှ ရပ် လိုက်သည်။

"သွားကြတော့ဟာ၊ အထဲမှာ အမေ ပန်းကန်တွေ ဆေးနေဦး မယ်၊ ငါ ပြန်တက်တော့မယ်၊ သိုက်ထွေး… တာ့တာနော်၊ သီဟလည်း တာ့တာ"

လေအေးနှင့် ပြော၍ ခြေစုံရပ်ပြီး လက်ပြသည်။ သိုက်ထွေး လှည့်ကြည့်တော့ မှောင်ရိပ်ကျနေ၍ မျက်နှာ အမူအရာကို မမြင်ရ။ ရှည်လျား ပျော့ပျောင်းသော ဆံနွယ်စတို့ ဆောင်းလေတွင် ဝှေ့သည်ကို တော့ နောက်က မီးလုံးရောင် ဝါကြန့်ကြန့် ဟပ်သဖြင့် ဝိုးတဝါး မြင်ရ သည်။

ခြံဝဘက်ကို လှည့်ကြည့်လိုက်တော့ သူငယ်ချင်းသုံးဦးစလုံး ခြံဝကို ရောက်နှင့်နေကြပြီး ကားပေါ် တက်နေကြပြီကို လှမ်းမြင်လိုက် သည်။

အဲသည့်အချိန်မှာပါ။

သိုက်ထွေး ရင်ထဲသို့ ဘယ်ကမှန်း မသိသော သတ္တိတွေ ရောက် လာသည်။

နောက်ပြန် နှစ်လှမ်းလောက် လှမ်း၍ ခရေနား တိုးသွားလိုက် သည်။

"ခရေ…"

"… …"

မသဲမကွဲ ထူးသံ ကြားရသည်။ ဘယ်လို ထူးလိုက်မှန်း မသိ။ သိုက်ထွေး သိတာက သူ့ရင်တွေ တဝုန်းဝုန်း တဒိုင်းဒိုင်း ခုန်နေတာပဲ ဖြစ်သည်။

"ငါ့ရင်ထဲမှာ နင်တစ်သက်လုံး ရှိနေမှာ… သိလား၊ အဲဒါကို နင် ဘယ်တော့မှ သံသယမရှိလေနဲ့"

တိုးသည်။ ညင်သာသည်။ သို့သော် လေသံက ပြတ်သားနေ သည်။ ရင်ထွေ့ရိုက်၍ လှိုက်လှဲနေသည်။

ခရေ ပခုံးကလေး တွန့်ခနဲ ဖြစ်သွားသည်။ နေရခက်ဟန် ပေါ်သွားသည်။ တိုးတိုးကလေး… 'နင်ကလည်းဟာ…'ဟု ညည်းတွား သည်။

''သိုက်ထွေး… လာလေဟာ''

ကားဘက်က ဆွေဆွေဦး ခေါ်သံ ပေါ်လာသည်။

အိမ်ထဲဘက်မှလည်း… သမီးရေ… ဟု ခရေ့ မေမေ ခေါ်သံ ထွက်လာသည်။ ခရေက အိမ်ထဲဘက်သို့ လှည့်အကြည့်မှာ ဖြူနုသော မျက်နှာကို မီးဝါရောင်က တစ်ချက် လျှပ်စီးလက်သလို ခတ်သည်။

ဘုရားရေ… အဲဒါ ဘာလဲ ခရေ…

ခရေ့ မျက်တောင်မှာ လက်လက် လက်လက်နှင့် ခိုစီးနေတာ တွေ ရှိသည်။ မျက်ရည်လား… နှင်းပွင့်ကလေးတွေလား… ။

ခရေက သူ့ဘက် ပြန်လှည့်၍-

''သွားတော့ဟာ…''

ဟု တိုးတိုးပြောပြီး အိမ်ပေါ်ကို ခပ်သွက်သွက် ပြန်တက်သွား ခဲ့ပါသည်။

♦

''ရည်ရည်ဝင်းက ဘာဖြစ်တာလဲ''

ဝေဘာဂီ ဆေးရုံရှေ့ လမ်းပေါ် ရောက်မှ ကားမောင်းနေသော သီဟကို သိုက်ထွေး လှည့်မေးမိသည်။

သီဟက သက်ပြင်းချ၍ ခေါင်းသာ ခါပြသည်။ ဘာမှ မဖြေ။

ဆွေဆွေဦးက-

http://mmteashop.com
May 24, 2013



''နှင် ထွက်သွားပြီးနောက်ပိုင်း ရန်ကုန်မှာ နှင်နဲ့ ရည်ရည်ဝင်း အေးအေးဆေးဆေး တွေ့ကြပြီးတော့ ငါပါ တစ်ခေါက် ရောက်တာ၊ အဲဒါ နှင် ရည်ရည်ဝင်းနဲ့ တွေ့တာ နောက်ဆုံး မဟုတ်လား''

ဟု နောက်ခန်းမှ လှမ်းမေးသည်။

''အေး... ဟုတ်တယ်၊ သူ ဆေးကုမ္ပဏီမှာ စလုပ်နေတုန်း ကလေ၊ ဒါပေမဲ့ အဲဒါကိုက ၁၅ နှစ်မကတော့ဘူးလေ''

သီဟက ကားကို လမ်းကျဉ်းတစ်ခုထဲ ကွေ့ဝင်လိုက်သည်။

♦

အမေက ဖုန်းကို စားပွဲပေါ် ဘေးတိုက်ချ၍ သူ့ကို မေးငေါ့ပြသည်။ လက်ထဲတွင် ကိုင်ထားသော စင်ကာပူတက္ကသိုလ်ဝင်ခွင့် စာရွက် တစ်ထပ်ကြီးကို ဧည့်ခန်း စားပွဲပေါ် ချခဲ့၍ သူ ဖုန်းကောက်ကိုင်လိုက်သည်။

''ဟဲလို...''

''သိုက်ထွေးလား...''

''ဟုတ်ပါတယ်၊ ဘယ်သူပါလဲ''

''ဟဲ့... ငါ့အသံ မမှတ်မိဘူးလား''

ရိုးရိုး ရယ်တာတောင် ရှက်ကိုးရှက်ကန်းသံ ပေါက်အောင် ရယ်တတ်သော စကားနည်းလွန်း၊ အေးလွန်းသည့် သူငယ်ချင်းမကလေး အသံကို သူ ကျက်မိသွားသည်။

''ရည်ရည်ဝင်းလား''

''အေးပေါ့ဟ''

Scan & Pdf - ရေဘဝ

"နင် ဘယ်က ဆက်နေတာလဲ"

"ရန်ကုန်ကဟ၊ ငါ အခု ဆေးကုမ္ပဏီမှာ အလုပ်လုပ်နေပြီ၊ ငါ့ရုံးက ပြည်လမ်းမှာပဲ၊ နင်နဲ့ မတွေ့တာ ကြာလို့ တွေ့ချင်လို့၊ နင် လာမလား"

သိုက်ထွေး စာရွက်ပုံကို လှည့်ကြည့်သည်။

"ငါ အခု ပြီးရမယ့် အဆိုင်းမင့်တွေ ရှိနေတယ်ဟ၊ မနက်ဖြန် လာခဲ့မယ်လေ"

ရည်ရည်ဝင်းက ရက်ကိုးရက်ကန်း အသံနှင့် ရယ်ပြုန်သည်။

"နင် မအားရင် နေပါဟာ၊ မနက်ဖြန်က ငါ ဆေးရုံတွေ လျှောက်သွားရမှာဟ၊ နင် ထွက်သွားတာက နှစ်နှစ်လောက် ရှိပြီဆိုတော့ နင် ဘယ်ပုံ ဖြစ်နေလဲလည်း သိချင်တာရယ်.. ဆွေဆွေဦးတို့.. ခရေတို့ အကြောင်းတွေလည်း ပြောပြချင်တာရယ်ကြောင့် ချိန်းတာပါ၊ နင် အားတဲ့ နေ့မှ ဆက်လိုက်လေ"

ခရေတို့ အကြောင်းတွေ... တဲ့။

သိုက်ထွေး အောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။

"အေးဟာ... ငါလည်း တွေ့ချင်ပါတယ်၊ နင် အခု အားနေရင် ငါ ခဏလာခဲ့မယ်လေ"

"အေး အေး... သူငယ်ချင်း၊ ကျေးဇူးပဲ"

ဘာမဆိုင် ညာမဆိုင် ကျေးဇူးတင်၍ ဖုန်းချသွားပါသည်။

ရည်ရည်ဝင်းတို့ကတော့ အရင်အတိုင်း။

♦

ဘုရားရေ…

ဒါ ရည်ရည်ဝင်း… တဲ့လား။

မျက်မှန်အထူကြီးလည်း မရှိတော့။ မျက်ကပ်မှန် တပ်ထားဟန်တူသည်။ ခါတိုင်း နောက်မှာ ဖြစ်သလို လက်ကိုင်ပဝါနှင့် စုချည်ထားတတ်သော ဆံပင်ရှည်တို့မှာလည်း ပုံဖော်ထားသဖြင့် ညီညာစွာ ပခုံးမှာ ဝဲနေသည်။ သနပ်ခါး နေရာမှာ မိတ်ကပ်ပါးပါး ရှိနေသည်။ ရင်စေ့အင်္ကျီကလေး နေရာမှာ ဖြူလွှသော ကုမ္ပဏီယူနီဖောင်း ဘလောက်စ်အင်္ကျီ၊ အပွင့်စိတ်စိတ်လုံချည် အမြဲဝတ်နေကျ ခါးမှာ ခေတ်မီသော်လည်း သပ်ရပ်ကျနွေရသည့် စကတ်အမည်းရောင် အကျပ်က ဒူးအထိ ရှိနေသည်။ အောက်မှာက စတော့ကင် ခြေအိတ်ရှည် အသားရောင်၊ နှစ်လက်မလောက် မြင့်သော ခွာမြင့်ဖိနပ်နှင့်။ နဂိုက အနည်းငယ် ပုသည် ထင်ရသော အရပ်ပင် မသိသာတော့။

သူ့ရှေ့မှာ ရပ်နေသော မိန်းကလေးသည် မော်လမြိုင်က သူ့သူငယ်ချင်း မွန်မြန်မာမကလေး ရည်ရည်ဝင်းထက်တော့ နိုင်ငံခြားတိုင်းပြည်တစ်ပြည်က ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်လုပ်နေသော အတွင်းရေးမှူးမကလေးတစ်ဦးနှင့်သာ ပို၍တူနေလေတော့သည်။

"ဘာကြည့်နေတာလဲ ဟ"

ရှက်ကိုးရှက်ကန်း ရယ်လိုက်တော့လည်း ရည်ရည်ဝင်းက ရည်ရည်ဝင်းပါပဲ။ သိုက်ထွေး မျက်နှာ ခပ်နွေးနွေးနှင့် လိုက်ရယ်မိသည်။

"နင်က လှနေလို့ မမှတ်မိတော့လို့ဟ"

ရည်ရည်ဝင်း ရယ်ပြန်သည်။

"အေးပါဟာ… နင့်ကို ငါ နေ့လယ်စာ ကျွေးပါ့မယ်၊ နို့… နင်ကရော ဘယ်လိုဖြစ်ပြီး နှုတ်ခမ်းမွေးကြီးနဲ့ ဖြစ်နေရတာတုံး"

သိုက်ထွေး အရှည်ထားထားသော သူ့နှုတ်ခမ်းမွေးကို သူ ယောင်ယမ်း၍ စမ်းကြည့်ပြီး ရယ်သည်။

"ခန့်မလားလို့ ထားတာဟ၊ ငါ မခန့်ဘူးလား"

"မခန့်ဘူး၊ နင့်ရုပ်က ကြွက်စုတ်နဲ့ တူတယ်"

သိုက်ထွေး အော်ရယ်မိသည်။ ပြီးမှ အရှိန်သတ်၍ မေးသည်။

"ကဲပါ… ကျွေးစရာရှိတာ နောက်မှကျွေး၊ ငါ့ကို ဟိုကောင်တွေအကြောင်း ပြောပြစမ်းပါဦး"

ရည်ရည်ဝင်းက အူကြောင်ကြောင်နှင့်-

"ဘယ်ကောင်တွေလဲ" ဟု မေးသည်။

"ဟ… ဆွေဆွေဦးနဲ့ ခရေလေ၊ နင်ပဲ ပြောမယ်ဆိုပြီး…"

ရည်ရည်ဝင်းက ရှက်ကိုးရှက်ကန်းဟန်ဖြင့် ရယ်ပြန်သည်။

"ဟ… အဲသလို အလောသုံးဆယ် ပြောစရာတော့လည်း ဘယ်ရှိမလဲဟ၊ သူတို့ ဒီလိုပဲ ကျောင်းပဲ တက်နေကြတာ၊ တို့ထဲမှာ ထူးခြားတာ နင်ရယ်၊ ငါရယ်ပဲ ရှိတာ၊ ငါက ရန်ကုန် ပြောင်းလာရတယ်လေ"

"ငါကရော.."

"နင်က နှုတ်ခမ်းမွေး ရှည်လာတယ်"

သိုက်ထွေး ခေါင်းကုတ်၍ ရယ်မိပြန်သည်။

"ကဲပါဟာ… ဒါဆိုလည်း လာ သွားကြစို့၊ တစ်ခုခု စားရင်း ပြောရအောင်"

ဟု ပြောလိုက်သည်။

ရည်ရည်ဝင်းက- "အေး…" ဟု ပြော၍ သူ့နံဘေးမှ ယှဉ်တွဲလျှောက်ပါလာရင်း-

"ငါ သီဟကိုတောင် ချိန်းသေးတယ်ဟ၊ သူက အတန်းဖျက်လို့ မရဘူးလို့ ပြောတာနဲ့"

ဟု ဆက်ပြောသည်။

♦

သည်ကြားထဲတွင် သုံး လေးလလောက် သူနှင့် ရည်ရည်ဝင်း ခဏခဏ ဆုံဖြစ်သည်။ တစ်ခါတလေ သီဟလည်း ပါသည်။ တစ်ခါမှာတော့ ဆွေဆွေဦး ရန်ကုန် တက်လာသည်နှင့် လေးယောက်ပင် ဆုံမိသေးသည်။

ခရေကတော့ တစ်ခါမှ မလာပါ။

"ဆွေဆွေဦး… နင် ပန်းဘဲတန်းထဲမှာ နားသွားကလော်တယ်ဆို"

ဆွေဆွေဦးက-

"အေးလေ… ဘာဖြစ်လို့လဲ" ဟု မေးသည်။

"ဟ… အဲဒါ လမ်းဘေးဆိုင်တွေဟ၊ မသန့်မပြန့်နဲ့၊ နင့်နားထဲ ပိုးဝင်သွားမှာစိုးလို့ ပြောတာ"

"နင်က စိတ်ပူနေ၊ ငါက အစကတည်းက ပိုးဝင်ပြီး ပြည်တွေတည်နေလို့ သွားဆေးတာ"

သိုက်ထွေး ရှုံ့မဲ့ပြသည်။

“ပိုဆိုးတာပေါ့၊ နင် မေးခိုင်ပိုးပါ ဝင်သွားဦးမယ်၊ မလုပ်ပါနဲ့ ဟာ”

သီဟက ပခုံးတွန့်ပြသည်။

“ငါလည်း တားတာပဲကွာ၊ နားမထောင်ဘူး၊ ယောက်ျားကလေး အဖော်မရှိလို့ ဆိုပြီး ငါတောင် လိုက်စောင့်ပေးလိုက်ရသေးတယ်”

“အေးလေ… ဆွေဆွေဦးရယ်၊ နင် စဉ်းစားလည်း ကြည့်ပါဦး၊ သီဟက ဆရာဝန်လောင်းဟ၊ နင်က ကုလားတွေ နားကလော်တဲ့နားမှာ ရပ်စောင့်ခိုင်းထားတယ်၊ သိတဲ့လူသာ တွေ့လို့ကတော့ ဆေးကျောင်းသား တွေလည်း ဒီလူတွေနဲ့ လာကလော်တာပဲလို့ ပြောမှာပေါ့”

ဆွေဆွေဦးက မျက်လုံးကလေး ပိတ်အောင် ရယ်သည်။

“အေးပါဟာ… ငါ ကောင်းလည်းသွားပါပြီ၊ နောက် မလုပ် တော့ပါဘူး၊ ဒါနဲ့… ရည်ရည်ဝင်း နင် အရမ်းလှလာပါလား၊ ရည်းစား ရနေပြီလား”

ရည်ရည်ဝင်းက သည်တစ်ခါ တကယ်ကို ရှက်ကိုးရှက်ကန်း နှင့် ရယ်သည်။ သိုက်ထွေးက ကြားထဲက ဝင်ဖြေသည်။

“တပ်မတော် ဆေးတက္ကသိုလ်က ကောင်လေးတစ်ယောက် လိုက်နေတယ်ကွာ၊ အဲဒါ သူက သူ့ထက် ငယ်လို့ အင်နေတယ်”

ဆွေဆွေဦးက ရယ်၍-

“ငါ့ ပြကြည့်လေ၊ ငါ စဉ်းစားပေးမယ်”

ဟု စ သည်။ သိုက်ထွေးက ခဏ စဉ်းစားနေပြီးမှ အမှတ်တမဲ့ မေးသည်။

“ခရေရော… ဘာတွေ လုပ်နေလဲ၊ အဆင်ပြေလား”

ဆွေဆွေဦးက အမှတ်တမဲ့ မဖြစ်ပါ။ သူ့ဘက်လှည့်၍ မသိမသာ မျက်စောင်းထိုးပါသည်။

“နှင့်ဟာနှင် မေးပါလား၊ ဘာလို့ နှင် တစ်ခေါက်မှ မလာလဲ”

သိုက်ထွေး သက်ပြင်းချသည်။

“ငါ လာမှာပါ၊ ရှေ့လ သို့မဟုတ် နောက်တစ်လဆိုရင် ငါ စင်ကာပူ ကျောင်းသွားတက်တော့မယ်၊ အဲဒီမတိုင်ခင် ငါ မော်လမြိုင် ဆင်းလာခဲ့မယ်၊ နှင်တို့ နှစ်ယောက်စလုံးကို လာနှုတ်ဆက်မှာပါ၊ အခုက စာမေးပွဲတွေ… စာရွက်စာတမ်း ကိစ္စတွေနဲ့ ရှုပ်နေလို့”

ဆွေဆွေဦးက ခေါင်းညိတ်သည်။

“ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ လာလိုက်ပါဟယ်၊ ခရေကလည်း အိမ်မှာ ဖုန်းမရှိလို့သာ မဆက်တာ၊ နှင့်ကိုတော့ ခဏခဏ မေးပါတယ်”

ရင်ထဲမှာ နွေးခနဲ ဖြစ်သည်။

“အိမ်ကတော့ ဒီလောက် ခရီးသွားဖို့ အလုပ်တွေ ရှိနေတာ ဘာလို့ သွားမှာလဲ၊ ဘာ ညာပေါ့ဟာ၊ ငါ ဒါပေမဲ့ ရောက်အောင် လာမှာပါ၊ ဟိုမှာက ၆ လ တစ်ခါ ကျောင်းပိတ်ပေမယ့် ငါက မပြည့်မစုံနဲ့ တက်ရတာဆိုတော့ အလုပ်ကလည်း ထွက်လုပ်ရဦးမှာဟ၊ ဘယ်တော့ ကျမှ ပြန်ရောက်ပြီး နှင်တို့နဲ့ ပြန်ဆုံရမယ် မသိဘူး”

သူငယ်ချင်း လေးယောက်စလုံး တိတ်ဆိတ်ညှိုးနွမ်းသွားကြသည်။

လက်တွေ့တွင်တော့ အဲသည် 'ဘယ်တော့ကျမှ' ဆိုတာသည် ၁၅ နှစ်ကျော် ကြာမြင့်ခဲ့ပါသည်။

♦

ရင်ထဲတွင် နင့်၍ တက်သည်။ မျက်ရည်စို့သည်။

ရည်ရည်ဝင်းကတော့ ဘာမှ မဖြစ်လေဟန်နှင့် သူ့ကို ပြုံးပြ၍-

"ဟဲ့ သိုက်ထွေး… ဝမ်းသာလိုက်တာ သူငယ်ချင်းရာ၊ လာ‥ ထိုင်"

ဟု ခေါ်သည်။

သူငယ်ချင်း သုံးယောက်သား ညှော်ခန်းဆက်တီမှာ ဝင်ထိုင်ကြတော့ ရည်ရည်ဝင်းကို တွဲ၍ လမ်းလျှောက်ပေးနေသည့် တူမကလေးက ရည်ရည်ဝင်းကိုလည်း ဆက်တီတစ်လုံးတွင် တွဲ၍ ချပေးသည်။

ရည်ရည်ဝင်းက ခေါင်းတုံးနှင့်ပါ။ လူက နောက်ဆုံး တွေ့ဖူးစဉ်ကထက် တစ်ဆခွဲလောက် ဝနေပါသည်။ အသားက ဖြူဖျော့ဖျော့။ မျက်နှာကတော့ သိသိသာသာ ကျမသွား။ ရှက်ကိုးရှက်ကန်း အပြုံးနေရာတွင်တော့ တည်ငြိမ်ရင့်ကျက်သော အပြုံးက နေရာယူထားနေလေပြီ။

"နင် တော်တော်ချောလာပါလား၊ သိုက်ထွေးရဲ့၊ ငါ့စကားနားထောင်တယ်၊ နှုတ်ခမ်းမွေးလည်း မထားတော့ဘူး၊ ကြွက်စုတ်နဲ့ မတူတော့ဘူးပေါ့၊ မိန်းမရော မရသေးဘူးလား"

ဘာမှ မဖြစ်သလိုဟန်နှင့် မေးသော ရည်ရည်ဝင်းကို ကြည့်၍ သိုက်ထွေး စိတ်မကောင်းဟန်ကို ဖုံးဖိပြီး ဖြေသည်။

http://mmteashop.com
May 24, 2013



"မရသေးပါဘူးဟာ၊ စင်ကာပူမှာ ခရေ ဆေးလာကုသွားတာ ကြားလိုက်လို့ လိုက်လာတာ၊ နင် နေမကောင်းတာတော့ ငါ မသိဘူး"

ရည်ရည်ဝင်းက ပြုံးသည်။

"လျှကြီးမီးယားဟ၊ သွေးကင်ဆာပေါ့၊ ကုရခက်တဲ့ အမျိုးအစားလို့ ပြောတယ်၊ ပထမတော့ ဆေးတွေ သွင်းတယ်၊ ဆံပင်တွေ ကျွတ်တော့ ခေါင်းတုံး တုံးလိုက်ရရော၊ ခြင်ဆီ ပြန်စစ်တော့ မထူးခြားလို့တဲ့။ ရပ်လိုက်တယ်၊ နေသာသလိုသာ နေပါတော့တဲ့၊ ကောင်းပါတယ်၊ ငါ လည်း နေသာပါတယ်၊ လူတောင် စတီးရှိုက်တွေ သောက်ပြီး ဝလာတာ နင် မြင်တဲ့အတိုင်းပဲ"

သွေးကင်ဆာ ဆိုသည့် စကားလုံးက သိုက်ထွေး နားထဲသို့ သံရည်ပူ လောင်းချလိုက်သလို ရှိသော်လည်း ကာယကံရှင်ကမူ အပြုံးမပျက်။

"နို့… ခရေက ကျောက်ကပ် အစားထိုးရင် ရရက်သားနဲ့ ပြန်လာတာဆို"

"ဟုတ်တယ်၊ အဲဒါကို သိုက်ထွေးက ကြားလို့ လိုက်ခေါ်တာ၊ ဟိုမှာလည်း သိုက်ထွေး ကျောက်ကပ်နဲ့ အစားထိုးဖို့ စီစဉ်ခဲ့ပြီ"

ဆွေဆွေဦးက ဝင်ပြောရင်း သိုက်ထွေး ဟောင်ကောင်မှ စခဲ့သည့် ခရီးစဉ်တစ်ခုလုံးကို ရည်ရည်ဝင်းကို ပြန်ပြောပြသည်။

ရည်ရည်ဝင်းက ခေါင်းတညိတ်ညိတ်နှင့် ဘာမှ ဝင်မပြောဘဲ နားထောင်နေသည်။ ပြီးတော့ အတွင်းခန်းဘက် လှည့်၍-

"သား… ကိုတူးရေ…"

ဟု အော်ခေါ်သည်။ အသက် ၂၀ ခန့်အရွယ် လူငယ်တစ်ဦး ထွက်လာသည်။

"ဒေါ်လေး… ဘာလိုလို့လဲ"

"ဘာမှ မလိုဘူး၊ သား ဒီညနေ မော်လမြိုင် ပြန်မှာ ကားက လူဘယ်နှယောက် ပါသလဲလို့"

"ကျွန်တော်နဲ့ သူငယ်ချင်းတစ်ယောက်ပဲ ဒေါ်လေး"

"ကောင်းတယ်၊ အဲဒါဆို ဒီဦးဦးသိုက်ထွေးကိုပါ ခေါ်သွားလိုက်၊ သိုက်ထွေး… နင့်အိမ် ဝင်မနေနဲ့တော့ဟာ၊ ငါ့တူနဲ့ လိုက်သွား၊ မနက်ကျ ခရေ့ကို သွားတွေ့၊ အဆင်ပြေရင် ခေါ်လာခဲ့ပေါ့"

သူကိုယ်တိုင် သွေးကင်ဆာ ဖြစ်နေသည့်ကြားက သူများကိစ္စကို စိတ်ဝင်တစား ဝင်စီစဉ်ပေးနေသော သူငယ်ချင်းကို ကြည့်၍ သိုက်ထွေး ရင်နင့်နေမိသည်။

ကောင်ကလေးက ခြံထဲသို့ ဆင်းသွားသည်။ သိုက်ထွေး မျက်နှာ ပျက်နေတာကို ရိပ်မိသော ရည်ရည်ဝင်းက ပြုံးပြသည်။

"စိတ်မကောင်း ဖြစ်မနေပါနဲ့ သူငယ်ချင်းရာ၊ ဒီခရီးက ငါတို့ အားလုံး သွားကြရမယ့် ခရီးပဲဥစ္စာ၊ လူဖြစ်ရတုန်းကလေးမှာ ဗုဒ္ဓဘာသာဝင် ဖြစ်ခွင့်ရလိုက်လို့ ရှေ့ဆက်ရမယ့် ခရီးအကြောင်း သိတန်တာကလေး တွေလည်း သိ၊ ပြင်တန်တာကလေးတွေလည်း ပြင်ဆင်ခွင့်ရလိုက်တာပဲ အမြတ် ပြောရမှာပဲ၊ ငါက ခရေ့နဲ့ ငါ ဘယ်သူ အရင်သွားရမလဲ… ပေါ့၊ ငါ့မှာက အပျိုကြီး ဆိုပေမယ့် ဆွေမျိုးတွေ အားကောင်းသေးတယ်၊ ခရေ့ခမျာမှာက တစ်ယောက်တည်း ဆိုတော့ ပိုအားငယ်မှာ၊ အခု ခရေ့ ကို ထားခဲ့လို့ရမယ့် လမ်းစ ပေါ်တာ ငါ သိပ်ဝမ်းသာတာပဲ၊ နင် အချိန် ဆွဲမနေနဲ့၊ ဒီမှာပဲ ရေချိုး၊ တစ်ခါတည်း လိုက်သွားတော့"

အတန်တန် တားသည့်ကြားမှ သိုက်ထွေးကို ရည်ရည်ဝင်းက ခြံထဲ ဆင်း၍ ကားပေါ်အထိ လိုက်ပို့ပေးသည်။

http://mmteashop.com
May 24, 2013



ကားပေါ် တက်ခါနီးတွင် ရည်ရည်ဝင်းက ပြုံး၍ တိုးတိုးပြောသည်။

"နှင် ဟို တပ်မတော်ဆေးတက္ကသိုလ်က ကောင်လေး မှတ်မိလား"

သိုက်ထွေး ခေါင်းညိတ်ပြသည်။

"နှင် တွေ့သေးလို့လား"

"တွေ့တယ်၊ ငါ့ကို ကုတဲ့ သမားတော်ကြီးဆီမှာ လက်ထောက် လုပ်ရင်း ဘွဲ့လွန်တက်နေတာ၊ ဒါပေမဲ့ ငါ့ကို မှတ်မိပုံမရဘူး၊ ငါ့နာမည်ကို ရကောက် လုံးကြီးတင်ဆန်ခတ်နဲ့ ပေါင်းတယ်"

"နှင်နဲ့ မတွေ့တာ ကြာပြီလား"

"နှင် သွားခါစကတည်းကပဲ၊ သူ လူကြီး သမီးတစ်ယောက်နဲ့ ယူလိုက်တယ်လေ၊ တော်သေးတာပေါ့၊ ငါနဲ့များ ရေစက်ပါရင် သူ့ အစောကြီး မုဆိုးဖို ဖြစ်ရှာမှာ"

"ရည်ရည်ဝင်းရယ်... နှင်ဟာလေ"

သိုက်ထွေးက ညည်းပြောလေး ပြောရင်း ကားနောက်ခန်းသို့ ဝင်ထိုင်သည်။ ရည်ရည်ဝင်းက ကားတံခါးကို ဂျိမ်းခနဲ ပိတ်ပေးသည်။

သိုက်ထွေး နှလုံးခုန်သံက တစ်ချက် ရပ်ပြန်သည်။

ကဲ... မော်လမြိုင်... တဲ့။

❒

Scan & Pdf - ရေဘဝဲ

- ၈ -

ဗင်ကားကလေးက ညီညာသော ကတ္တရာလမ်းအတိုင်း မော်လမြိုင်မြို့ ဘက်သို့ ဦးတည်၍ လျင်မြန်စွာ ပြေးလွှားနေသည်။

"ဦး… ကံကောင်းတယ်၊ လမ်းတွေက ကောင်းသွားတာ မကြာသေးဘူး"

ရည်ရည်ဝင်း၏ တူကလေးက ကားမောင်းနေရင်းက လှမ်း ပြောသည်။

ဦး… တဲ့။

ဟုတ်ပါရဲ့၊ သူ့အသက်က သုံးဆယ်ကျော်။ သည်ကလေးတွေ က ၂၀ ပင် မပြည့်တတ်သေး။ ပြီးတော့ သူက သူတို့အဒေါ်၏ သူငယ်ချင်း ပေပဲ။

နောက်ခန်း မှန်ပြတင်းပေါက် ပိတ်ထားသော်လည်း ဖွင့်ထား သည့် ရှေ့ပြတင်းပေါက်များမှ လေများက သူ့မျက်နှာကို အဆက်မပြတ်

http://mmteashop.com
May 24, 2013



တိုးဖော့နေသည်။ သူ ကျင်လည်ခဲ့သည့် နိုင်ငံများတွင် ဘယ်သူမှ မော်တော်ကားကို မှန်ဖွင့်စီးလေ့ မရှိသည့်အတွက် ယခု တိုက်နေသော လေက သူ့အတွက် ကျင့်သား၊ နေသား မကျ။ သို့သော် အဲသည့်လေကို ဂရုမမူမိလောက်အောင် သူ့ရင်ခုန်သံက ဆူညံနေခဲ့သည်။ ကလေးတွေကိုလည်း ဘာမှ ပြန်မပြောမိ။

သည်လမ်းကို ကားနှင့် သူ အကြိမ်ကြိမ် သွားခဲ့ဖူးသည်။

အင်းလေ…

လွန်ခဲ့သည့် ၁၅ နှစ်လောက်အထိ ဆိုပါစို့။

အကြိမ်ကြိမ် သွားခဲ့ဖူးသဖြင့် အလွတ်ရနေခဲ့သော ခရီးသည်ပင် လျှင် ရင်ထဲက တုန်ရီ ယိမ်းခါနေမှုနှင့် ပေါင်းလိုက်တော့ ချောက်ချားစရာလိုလို။

အဲသည် ခံစားမှုက အသစ် ဖြစ်သည်။

ထိုခံစားမှုကို သူ မနှစ်မြို့ပါ။

နေပါဦး…

ရင်ထဲက သည်လို ဖြစ်နေလျက်သားကြီးနှင့် သည်လမ်းပေါ်မှာ သူ ခရီးသွားခဲ့ဖူးသည်ဟု ထင်သည်။

ဟုတ်တာပေါ့။

လွန်ခဲ့သည့် ၁၅ နှစ်။

စင်ကာပူမှာ ကျောင်းတက်ဖို့ သူ အပြီးအပိုင် ထွက်ခွာခါနီး သူငယ်ချင်းတွေကို နှုတ်ဆက်ဖို့ သွားခဲ့တုန်းက… ။

အင်းလေ…

ခရေ့ကို နှုတ်ဆက်ဖို့ သွားခဲ့တုန်းကဟု ဆိုပါစို့။

Scan & Pdf - ရေဘာဝ

အဲသည်တုန်းကတော့ ဟိုင်းလပ်ကားကလေး နောက်ခန်းထဲမှာ ခရီးသည်တွေ တစ်ပုံကြီးနှင့်။

♦

ကားက တော်တော်ကျပ်နေသည်။ သို့သော် သူ စိတ်မဝင်စား။

ခရီးသည်တွေက ပြွတ်သိပ်နေသဖြင့် လူနံ့တွေရော၊ လူငွေ့တွေပါ မွန်းသိပ်၍ နေသည်။ ဒါကိုလည်း သူ စိတ်မရောက်။

ဘေးတိုက် စီးရတာ ဖြစ်၍ ကားက အရှိန်တုံ့လိုက်တိုင်း၊ ပြန်တင်လိုက်တိုင်း လူတွေက ဘယ်ညာ ယိမ်းခါနေသည်။ လမ်းကလည်း ချိုင့်ခွက်တွေ များလွန်းသဖြင့် ကားက ကွေ့ပတ်မောင်းနေရသည်။ လမ်းကလည်း ကျဉ်းသဖြင့် မျက်နှာချင်းဆိုင်မှ ကားလာတိုင်း ဘေးကို ဆင်းဆင်းပေးရသည်။ စပယ်ယာကလည်း ကရားရေလွှတ် တတွတ်တွတ် မြည်တွန်တောက်တီး၍ လာသည်။

ဒါတွေ အားလုံးလည်း သူ့အာရုံမှာ လာမထင်ပါ။

ရန်ကုန်က စထွက်ကတည်းက သူ့အာရုံကို စိုးမိုးထားတာ ခရေပါ။

ခရေ့အကြောင်း တရစပ် တွေးနေမိရင်းက လက်ဖျား ခြေဖျားတွေပါ အေးစက်၍ ရင်ထဲက လှိုက်၍လှိုက်၍ တက်နေသည်။ လက်ဖဝါး နှစ်ဖက်ကို အချင်းချင်း ကျစ်ကျစ်ပါအောင် ဆုပ်ထား၍ ကိုယ်ကို ကျုံ့ထိုင်သော်လည်း ရင်ထဲက ချမ်းနေတာက နွေးထွေး၍မသွား။

"ခရေ… ငါ သွားတော့မယ်နော်"

ဒီတစ်ခါ ငါ အဲသလို ပြောရင် နင် ဘယ်လို တုံ့ပြန်မှာလဲ ခရေ။ ခါတိုင်းလိုပဲ ရှီးရှီးကလေး ပြုံးပြီး… တာ့တာ စာ မှန်မှန်ရေးနော်… လို့ ဘာမှ မဖြစ်သလို ပြောမှာလား၊ ဒါမှမဟုတ် ငါ ရန်ကုန် ပြောင်းခါနီး ညတုန်းကလို နင် တိတ်တိတ် မျက်ရည်ခိုးကျနေမှာလား။

နေပါဦး…

အဲဒီညက သူ မျက်ရည်ကျတယ်လို့ ငါ တကယ် သေချာလို့ လား။ တကယ်တော့ ထင်တာသက်သက် မဟုတ်ဘူးလား။ ရင်ထဲက မြင်ချင်တာကို မျက်စိက ဖွတ်မြင်ပေးလိုက်တာလား မသိ။

သက်ပြင်းချ၍ ခေါင်းကိုသာ ယမ်းမိသည်။

ဘေးက ကလေး နို့လှန်တိုက်နေသည့် မိန်းမကြီးရော၊ သူ့ရှေ့ ဒူးတည့်တည့်က အလယ် ခွေးခြေပုကလေးမှာ ကျပ်ကျပ်ညပ်ညပ် ထိုင် လိုက်လာသည့် မုတ်ဆိတ် တဖွားဖွားနှင့် ကုလားကြီးရော သူ့ကို စိတ်မနှံ့ သည့်လူလို လှည့်ကြည့်ကြပါသည်။

♦

ခရေတို့ ခြံဝင်းထဲသို့ အပြေးတစ်ပိုင်း ခြေလှမ်းများနှင့် ဝင် ရောက်သွားတော့ ခြံဝင်းထဲက သုံးဆင့်ချိုင့်တစ်လုံး ဆွဲ၍ ထွက်လာသည့် ဆွေဆွေဦးနှင့် တည့်တည့်တိုးမိသည်။

"ဟယ်… သိုက်ထွေး၊ နင် ဒီမှာ ဘာလာလုပ်တာလဲ"

သိုက်ထွေး အိမ်ဘက်ကို ကျီးကန်းတောင်းမှောက် လှမ်းကြည့် မိသည်။ အိမ်ရှေ့တံခါးက ပိတ်ထားသော်လည်း လူရိပ်လူယောင် မတွေ့ ရပါ။

"ဟဲ့… သိုက်ထွေး၊ ငါ မေးနေတယ်လေ"

သူ သက်ပြင်းချ၍ ခေါင်းကုတ်သည်။

"ငါ နိုင်ငံခြား သွားခါနီးလို့ နင်တို့ကို လာနှုတ်ဆက်တာဟ၊ ငါ ပြောထားသားပဲ"

ဆွေဆွေဦး မျက်လုံး ပြူးသွားသည်။

"ဘုရားရေ… နင် ဒါဆို ခရေ့ ဖိတ်စာရလို့ လာတာ မဟုတ်ဘူးပေါ့"

"ခရေ့ ဖိတ်စာ… ဟုတ်လား၊ ဘာဖိတ်စာလဲ၊ ဘယ်သူနဲ့ ပေးလိုက်တာလဲ"

ဆွေဆွေဦး သက်ပြင်းချသည်။

"ရည်ရည်ဝင်းနဲ့ ပေးလိုက်တာဟ၊ ခရေတို့ သားအမိ ဆွမ်းကျွေး လုပ်တယ်လေ၊ ဒီနေ့ပဲ၊ ငါက နင် အဲဒီကို လာရမှာ ကျောင်းမှာ မတွေ့ခဲ့ဘဲ အိမ်မှာ လာတွေ့နေလို့ အံ့သြနေတာ၊ နင်က သိကို မသိတာပေါ့"

"ရည်ရည်ဝင်းနဲ့ ငါ တွေ့ကို မတွေ့ရသေးဘူးဟ၊ ဒါဆို ခရေက အခု ဘုန်းကြီးကျောင်းမှာပေါ့… ဟုတ်လား"

ဆွေဆွေဦး မျက်နှာက ရယ်ချင်ဟန်ပေါ်လာသည်။

"မဟုတ်ဘူးဟ… ခရေက သီလရှင်ကျောင်းမှာ"

သိုက်ထွေး မျက်မှောင်ကြုတ်သည်။

"ဘုန်းကြီး ဆွမ်းကျွေးဘာ မဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဒါပေမဲ့ ဆွမ်းက ကျွေးပြီးသွားပြီလေ၊ ကဲပါ… လာ နင် လိုက်ခဲ့"

♦

သီလရှင်ကလေး၏ မျက်နှာက ရိုတ်ထားပြီးခါစ အသစ်စက်စက် ခေါင်းတုံးစိမ်းကလေးနှင့် လိုက်ဖက်စွာပင် အေးချမ်းစွာ ပြုံးနေသည်။

သူငယ်ချင်း ဆိုတာလည်း မရှိ။

သံယောဇဉ် ဆိုတာလည်း မမြင်ရ။

လွမ်းတသ ကျန်ခဲ့ဖို့ကတော့ ဝေးရော။

သေစမ်းပါ… သိုက်ထွေးရယ်… ဘာကိစ္စများ အစစအရာရာ တလွဲလွဲ တချော်ချော်ချည်း ဖြစ်နေရတာတဲ့လဲ။

သည်ဘဝမှာတော့ သည်ဖူးစာ မပါတာ သေချာပြီ ထင်ပါရဲ့။

''သိုက်ထွေးက ဘယ်တော့ သွားမှာလဲ''

တော်သေးတာပေါ့။ ဒကာလေးလို့ မခေါ်လို့။

ဆွေဆွေဦးက ပြုံးစေ့စေ့ လုပ်နေသည်။

''သည်စနေ သွားမှာ၊ ခရေက… အဲ… ဆရာလေးက ဘယ်လောက် ဝတ်မှာလဲ''

''တစ်လလို့ မှန်းထားတာပဲ၊ မပြောတတ်ဘူးလေ၊ နေရင်းနဲ့ ပျော်တော့လည်း တစ်မျိုးပေါ့''

ဘုရားရေ… ဒါက ဘာစကားလဲ။

အပြီးများ ဝတ်တော့မလို့လား… ခရေရယ်။

သီလရှင်ဝတ်နှင့်ပင် ကျက်သရေရှိလွန်းနေသည့် မျက်နှာကလေးကို မငေးဘဲလည်း မနေနိုင်၊ ငေးမိလျှင်လည်း ငရဲကြီးမှာစိုး၍ သိုက်ထွေး တစ်ယောက် ခေါင်းမော့ချည်၊ ငုံ့ချည် ဖြစ်နေသည်။

''ဘယ်တော့လောက် ကျောင်းတစ်ခါ ပိတ်မှာလဲ''

သီလရှင်ကလေးက မေးသည်။

ရင်ထဲမှာ တင်းကျပ်နေသဖြင့် ရုတ်တရက် မဖြေနိုင်။ အတော်ကြာမှ ခေါင်းငုံ့၍ တိုးတိုးဖြေမိသည်။

"အလုပ်လုပ်ရမှာ"

"ပြန်မလာဖြစ်ဘူးပေါ့... ဟုတ်လား"

"ဟုတ်တယ်"

သီလရှင်ကလေးက မျက်လွှာချ၍-

"အင်းလေ..."

ဟုသာ တိုးတိုးပြောသည်။

တကယ်တော့ သိုက်ထွေး စင်ကာပူ ရောက်ပြီး ၆ လအကြာမှာ ပြန်လာဖို့ ကြိုးစားပါသေးသည်။

ကြိုးစားတာက လုံ့အိပ်၍မရ၊ ထလမ်းလျှောက်၍ မရ ဖြစ်လောက်အောင် ခရေ့ကို သတိရစိတ်က ကြီးမားလွန်းနေ၍ပါ။

ပြန်မလာဖြစ်တာကတော့ သီဟနှင့် ဖုန်းပြောခွင့် တစ်ခါ ရလိုက်၍ပါ။

♦

"အဆင်ပြေလား... ဟော့ကောင်"

ခြောက်လနေမှ တစ်ခါ ဖုန်းဆက်သော သူငယ်ချင်းကို သီဟက ဖုန်းထဲမှာ အေးအေးဆေးဆေးပင် မေးသည်။

"အေး... ငါ စကော်လာ ရတယ်"

"ဟာ... ဝမ်းသာတယ်ကွာ၊ ကွန်ဂရက်ကျူလေးရှင်း"

"နေဦးဟ၊ ငါက စဉ်းစားနေတုန်း"

http://mmteashop.com
May 24, 2013



"ပိုက်ဆံရတာ မင်းက ဘာလို့ စဉ်းစားနေရတာတုံး၊ မင်းက သူဌေးသားမို့လို့လား"

"ဥရောပက အဖွဲ့အစည်းတစ်ခုက ပေးတာကွ၊ ယူပြီးရင် နောက်နှစ်လောက်ဆိုရင် ငါ ယူကေဘက် သွားတက်ချင် တက်ရမယ်"

"ငါတော့ သိပ်နားမလည်ဘူး၊ အဲဒါ ပိုကောင်းတာ မဟုတ်ဘူးလား"

သိုက်ထွေး သက်ပြင်းချသည်။

"တက်လမ်းတော့ ပိုရှိတာပေါ့ကွ၊ ဒါပေမဲ့ မြန်မာပြည်ကိုတော့ တော်တော်နဲ့ ပြန်လာနိုင်မှာ မဟုတ်တော့ဘူး"

"အေးအေးသာ သွား သူငယ်ချင်း၊ မင်းမိဘတွေလည်း အဆင်ပြေနေကြတာပဲဟာ၊ ငါ သွားသွားကြည့်ဆိုလည်း ကြည့်ပေးမယ်"

စိတ်ထဲက ကျွတ်ခနဲ မြည်တမ်းမိသည်။

"ငါ ပြန်လာချင်တာ မော်လမြိုင်ကွ"

သီဟက အကြာကြီး တိတ်ဆိတ်နေသည်။ ပြီးမှ တိုးတိုးပြောသည်။

"သွေးအေးလိုက်ပါတော့ကွာ··· အနေက ဝေးနေမှပဲ"

သိုက်ထွေး ရင်ညွန့်ထဲမှနေ၍ အောင့်ခနဲ ခံစားလိုက်ရသည်။

"ဘာလဲကွ··· ဘာဖြစ်လို့လဲ၊ ခရေ အခု ဘာဖြစ်နေလို့လဲ"

သီဟက တိုးတိုးရယ်သည်။

"ခရေ ဘာမှ မဖြစ်ပါဘူး၊ ခရေကို ပြန်မဖြစ်သေးတာ··· ဆရာလေးမသုန္ဒရီ ဘဝပဲ ရှိသေးတယ်"

သိုက်ထွေး မျက်လုံးပြူးသွားသည်။

Scan & Pdf - ရေဘဝဲ

''ဘာပြောတယ်၊ ဖြ လတောင် ရှိနေပြီလေ၊ သူက အပြီးဝတ် လိုက်တာလား''

''မသိဘူးလေကွာ… ငါလည်း တွေ့ဖြစ်တာမှ မဟုတ်တာ၊ မထွက်သေးဘူး ဆိုတာတောင် ဆွေဆွေဦး လာလို့ သိရတာ၊ သူ ဘယ်တော့ ထွက်မလဲက အဓိကမကျဘူးကွ၊ အဓိကကျတာက သူက အေးအေး ဆေးဆေးပဲ၊ မင်းက မင်းဘဝရှေ့ရေး တိုးတက်ရာ တိုးတက်ကြောင်းကို မလုပ်ဘဲ ဒီခံစားချက်ထဲမှာ နစ်မနေနဲ့၊ မင်း နစ်ပြနေလို့လည်း သူက အသိအမှတ်ပြုလာမှာမှ မဟုတ်တာ၊ ကိုယ့်လမ်းကိုယ် ဆက်လျှောက်''

သီဟ ပြောသည့်စကား သွေးထွက်အောင် မှန်နေမှန်း ရိပ်မိ သဖြင့် သိုက်ထွေး အာစေးမိနေခဲ့ရပါသည်။

♦

''သိုက်… မင်းက မိန်းကလေးတွေကို စိတ်ဝင်စားလို့မရတဲ့ ယောက်ျားမျိုးတော့ မဟုတ်တန်ရာပါဘူးနော်''

တစ်အိမ်တည်းမှာ ငှားနေသူ တိုင်ဝမ်တရုတ် 'တန်'၏ မေးခွန်း ကြောင့် သိုက်ထွေး မျက်နှာ ရှုံ့မဲ့သွားရပါသည်။

''စွဲချက်ကြီးက ပြင်းထန်လှချည်လား တန်ရယ်… ငါ ရာနှုန်း ပြည့် ရိုးရိုးယောက်ျားပါ၊ မင်းက ဘာကြည့် မသင်္ကာ ဖြစ်နေရတာလဲ''

'တန်'က အားတုံ့အားနာ ရယ်သည်။

''ငါလည်း အဲသလိုပဲ ထင်ပါတယ်၊ ဒါပေမဲ့ မင်းက ဘယ် မိန်းကလေးနဲ့မှလည်း မတွဲ၊ ညကလာတဲ့ 'ပတ်'ဆိုရင် အင်မတန်လှတဲ့ ကောင်မလေး၊ အဲသလောက် လှတဲ့ မိန်းကလေးက အဲသလိုမျိုးလေး

http://mmteashop.com
May 24, 2013



ဝတ်ပြီး ကိုယ့်အခန်းတံခါးကို ည ၁၁ နာရီ လာခေါက်တာ မင်းက အတင်းပြန်လွှတ်လိုက်တယ် ဆိုတော့ ငါက မေးစရာ ဖြစ်လာလို့ပါ”

ပတ် ဆိုတာက သိုက်ထွေးကို လိုက်စိတ်ဝင်စားနေသော တစ်တန်းတည်းသား ကိုရီးယားမကလေးပါ။

သိုက်ထွေးနှင့် သူငယ်ချင်းမက ရင်းနှီးလိုကြောင်းကို သွယ်ဝိုက်၍ တစ်မျိုး၊ တည့်တည့် တစ်မျိုး စကားလမ်းကြောင်းလိုက်၊ အမူအရာပြလိုက် လုပ်နေတာ တော်တော်ကြာခဲ့ပါပြီ။

သိုက်ထွေး မကြာခင် ယူကေဘက် ပြောင်းရတော့မည် ဆိုတာ သိပြီး နောက်ပိုင်းတွင်တော့ ကမ်းလှမ်းမှုများက ပို၍သိပ်သည်းလာသည်။

ညကတော့ မမျှော်လင့်ဘဲ သိုက်ထွေးတို့ စုငှားနေသည့် အိမ်သို့ ရောက်လာသည်။ တန်က တံခါးဖွင့်ပေးသည်။ သိုက်ထွေး အခန်းကို ပြပေးသည်။ ပတ်က တံခါး လာခေါက်သည်။

ဖွင့်ပေးလိုက်တော့ သိုက်ထွေး ရင်ခွင်ထဲသို့ ယိုင်ဆင်းလာသည်။ သိုက်ထွေးက ဆီး၍ ပွေ့ယူလိုက်တော့ တန်က နောက်ကနေ၍ မျက်စိမှိတ်ပြီး လက်မ ထောင်ပြသည်။

သူငယ်မက တော်တော်သောက်ထားပုံရသည်။

သိုက်ထွေးကို သူ ဘယ်အချိန်ကတည်းက ဘယ်လို စွဲလမ်းခဲ့ရကြောင်းနှင့် ဘယ်သူ့ကိုမှ အဲသည်လို မစွဲလမ်းဖူးကြောင်းတွေ တတွတ်တွတ် ပြောသည်။ သိုက်ထွေးက ဖျောင်းဖျသည်။ ဝအောင် ပေးငိုသည်။ ပြီးတော့ အနွေးထည်တစ်ထည် ထပ်လွှမ်းခြုံပေးပြီး အမ်မ်အာရ်တီ ခေါ် မြေအောက်ရထားဖြင့် အိမ်တိုင်ရာရောက် ပြန်ပို့ပေးလိုက်သည်။

အဲဒါကို အားမလိုအားမရ ဖြစ်သော တန်က သိုက်ထွေးကို အပြစ်တင်နေတာပါ။

"ငါ့ချစ်သူမှ မဟုတ်တာ တန်ရယ်၊ သူ လှတာ ငါ သိပါတယ်၊ ငါမှ သူ့ကို မချစ်ဘဲ"

တန်က လက်ညှိုးကလေး ထောင်၍ ယမ်းပြသည်။

"Love (အချစ်)ဆိုတာ လူတိုင်းအပေါ်မှာ ထားလို့ မရပေမယ့် Lust (တပ်မက်မှု)ဆိုတာ ဆွဲဆောင်မှုရှိတဲ့ ဘယ်သူ့အပေါ်မှာမဆို ဖြစ်နိုင်တာပဲ၊ မင်းက Lust (တပ်မက်မှု) ဆိုတာကို မှားယွင်းတဲ့ ခံစားချက်တစ်ခုလို့ ပြောချင်တာလား၊ မင်းတို့လူမျိုးတွေ သိပ်စောင့်စည်းတတ်ကြတာ ငါလည်း ကြားဖူးပါတယ်၊ တစ်ချိန်က တို့လည်း အဲဒီလိုပါပဲ၊ အခုခေတ်မှာတော့ ရိုးရာ အစဉ်အလာကို အကြောင်းပြပြီး စိတ်ထဲမှာ တကယ် ဖြစ်ပေါ်လာတဲ့ black thoughts (ညစ်နွမ်းတဲ့ အာရုံ) တွေကို ညာနေ၊ ဖုံးဖိနေရမယ့်အချိန် မဟုတ်တော့ဘူးလို့ ငါ ထင်တာပဲ"

သိုက်ထွေးက ခေါင်းခါသည်။

"ငါ မညာပါဘူး၊ ပတ်က တော်တော်ဆွဲဆောင်မှု ရှိတာ ငါ သိပါတယ်၊ မင်း ပြောတဲ့ Lust (တပ်မက်မှု) ဆိုတာ မီးနဲ့ တူတယ်၊ ဘယ်သူ့ရင်ကိုမဆို လောင်စေတာပဲ၊ Love (အချစ်)ကို ငါတို့က Mitta (မေတ္တာ) ဆိုတဲ့ တရားနဲ့ တော်တော်နီးနီးစပ်စပ် ထားတယ်၊ 'အေးမြခြင်း'လို့ သမုတ်တယ်၊ 'ရေ'နဲ့ တူတယ် ဆိုပါတော့၊ ငါ့ရင်ထဲမှာ Lust မရှိဘူး ငါ မပြောပါဘူး၊ ဒါပေမဲ့ မီးနဲ့တူတဲ့ Lust ကို နေရာပေးဖို့အတွက် ငါ့ရင်ထဲမှာ ရေနဲ့တူတဲ့ Love က နေရာတွေ အများကြီး ယူထားတယ်၊ ဝင်ရ သိပ်ခက်တယ်၊ ဒါကြောင့်ပါ"

http://mmteashop.com
May 24, 2013



ဆက်၍ သိုက်ထွေးက တန်ကို ခရေ့အကြောင်း အကျဉ်းချုပ် ပြောပြလိုက်သည်။

တန်က တစ်လုံးမှ ဝင်မဖြတ်ဘဲ အစအဆုံး နားထောင်နေပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ငါ ထင်တဲ့အတိုင်းပါပဲ၊ မင်းက အသည်းကွဲနေတာကိုး၊ မင်း ပြောတဲ့ ကောင်မလေးများ ငါ့ညီမ ဖြစ်ရင် တော်တော်ကောင်းမယ်ကွာ"

"ဘာဖြစ်လို့လဲ"

"သူသာ ငါ့ညီမ ဖြစ်ပြီး သူ့ကို မင်းလောက် မြတ်မြတ်နိုးနိုး ချစ်တဲ့သူ တစ်ယောက် တကယ် ရှိနေတာ ငါ သိရင် ဘယ်နေမလဲကွ၊ အတင်း ပေးစားမှာပေါ့"

သိုက်ထွေး ခြောက်ကပ်ကပ် လိုက်ရယ်မိပါသည်။

♦

ယူကေ ရောက်ပြီး နောက်ပိုင်းမှာတော့ စင်ကာပူကတည်းက စခဲ့သည့် ဘဝစိန်ခေါ်မှုတွေက ပို၍ လှိုင်းတံပိုး ထန်လာခဲ့သည်။

တစ်နှစ် တစ်နှစ် ဘယ်လို ကုန်သွားမှန်းပင် မသိ။

တစ်နှစ် မပြောနှင့်၊ တစ်လစာပင် ဘာလုပ်မည်၊ ဘယ်သွားမည်၊ ဘဝကို ကြိုတင်စီမံကိန်းချ၍ မရ။ မနက်ဖြန် ဘာလုပ်ရမည် ဆိုတာကို စီစဉ်ရင်းကပင် သည်ကနေ့တွေကို စဉ်ဆက်မပြတ် သုံးစွဲနေခဲ့ရသည်။

ခရေ့အကြောင်း စုံစမ်းဖို့ နေနေသာသာ မိဘဆီတောင် တစ်ပတ် တစ်ခါ၊ တစ်ခါတလေ တစ်လ တစ်ခါသာ ဖုန်းဆက်ဖြစ်တော့သည်။

ခရေ တစ်နှစ်လောက် သီလရှင်ဝတ်ပြီးမှ လူပြန်ထွက်ပြီး ကျောင်း ဆက်တက်ကြောင်း ဆွေဆွေဦး ပို့စကတ် နောက်ကျောမှာ ရေးပေးလိုက်

Scan & Pdf - ရေဘဝဲ

http://mmteashop.com
May 24, 2013



သည့် စာကလေးက ပထမ Myanmar ဆိုသည့် ပေးပို့သူ လိပ်စာကို မှားဖတ်၍ မလေးရှား ရောက်၊ အဲသည်က စင်ကာပူ၊ အဲသည်ကနေ လန်ဒန်၊ နောက်ဆုံး သိုက်ထွေး တကယ်ရှိနေသည့် ဘာမင်ဟန်ကို ရောက်လာတော့ တစ်နှစ်လောက် နောက်ကျနေပြီ။ နောက်ပိုင်း ပြောင်းရွှေ့ရတာတွေ ပိုများတော့ ဆွေဆွေဦးနှင့်ရော သီဟနှင့်ပါ အဆက်အသွယ် ပြတ်သွားခဲ့သည်။

သီဟ ပြောသလို သွေးအေးလိုက်တာတော့ မဟုတ်။ သီဟ စကားထဲမှာ ပါသလိုပင် ကိုယ်က သွေးမအေးဘဲ နေလို့လည်း ဘာမှ ထူးလာမှာ မဟုတ်တော့ဘူး ဆိုတာကို လက်မခံချင်ဘဲ လက်ခံလိုက်ရတာမျိုး ဖြစ်ပါသည်။

♦

အိပ်ချင်လွန်း၍ ကျိန်းစပ်နေသော မျက်လုံးများကို ပွတ်ရင်း ဓာတ်လှေကားဝမှာ ရပ်၍ အဆင်းခလုတ်ကို နှိပ်လိုက်ချိန်တွင် ဓာတ်လှေကားက အထပ် နှစ်ဆယ်ကနေ တက်လာတာကို တံခါးအပေါ်က မီးလင်းနေသည့် ဂဏန်းများတွင် တွေ့လိုက်ရသည်။

ဓာတ်လှေကား ပွင့်၍ ဝင်မည်ကြံတော့ အထဲက လူတစ်ဦး ထွက်လာသည်။ သိုက်ထွေး ပါးစပ်အဟောင်းသား ဖြစ်၍ နောက်ပြန်ဆုတ်၍ အရှိအသေပေးလိုက်သည်။ ကုမ္ပဏီဥက္ကဋ္ဌ မစ္စတာဒန်းစ်ပါ။

မစ္စတာဒန်းစ်ကလည်း အံ့ဩဟန်ဖြင့် လက်ထဲက လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"သိုက်... ည ၈ နာရီတောင် ထိုးပြီ၊ မင်း ခုမှ ပြန်တာလား"

"ဟုတ်ကဲ့၊ ကျွန်တော် မနက်ဖြန် အစည်းအဝေးမှာ တင်ပြရမယ့် ဆလိုက်ကလေးတချို့ ပြန်ပြင်နေတာပါ၊ လုံခြုံရေးကို ခွင့်တောင်းထားပါတယ်"

မစ္စတာဒန်းစ်က ခေါင်း တစ်ချက်ညိတ်သည်။

Scan & Pdf - ရေဘာဝဲ

http://mmteashop.com
May 24, 2013



"အောက်ကတော့ ပြောလိုက်သား၊ ငါက မင်းလို့ မထင်တာ၊ မင်းကို အရင် အပတ်ကပဲ ငါ ပြောတယ် မဟုတ်လား၊ အလုပ် ကြိုးစားတာ ကောင်းပါတယ်၊ ဒါပေမဲ့ စက်ရုပ်လို မလုပ်ပါနဲ့၊ လူလိုပဲ လုပ်ပါလို့၊ မင်းကို ကြည့်ရတာ လူမှုရေးတို့၊ အပျော်အပါးတို့ ဘာမှ မရှိသလိုဘဲ၊ ကြိုးစားတဲ့ လက်ထောက်မန်နေဂျာတစ်ယောက် ရရုံနဲ့ ငါက ကျေနပ်တတ်တဲ့လူ မဟုတ်ဘူး၊ အဲဒီလက်ထောက်မန်နေဂျာက ပျော်နေတဲ့ ဘဝကလေးပါ ရှိမှ ငါက ငါ့ကိုယ်ငါ တာဝန်ကျေသလို ခံယူတတ်တာ၊ ကဲ… ဒီလိုလုပ်၊ ငါ အခု ပါတီတစ်ခု သွားမလို့၊ အလုပ်ကိစ္စလည်း ပါတယ်၊ အပန်းဖြေတာလည်း ပါတယ်၊ ငါ မှတ်စုစာအုပ်ကလေး တစ်အုပ် ကျန်ခဲ့လို့ ပြန်လာယူတာ၊ မင်းလည်း ညစာ မစားရသေးဘူး မဟုတ်လား၊ ငါနဲ့ လိုက်ခဲ့"

သိုက်ထွေး ကြက်သီး တဖြန်းဖြန်း ထသွားသည်။ ဖြတ်လျှောက်သွားလျှင်တောင် မော်မကြည့်ရဲလောက်သည့် အမြင့်က လူက သူနဲ့ တစ်တန်းတည်း ထား၍ ဖိတ်နေတာပါလား။

"မစ္စတာဒန်းစ်… ကျွန်တော့်အဆင့်နဲ့ အဲဒီပါတီနဲ့ အပ်စပ်ပါ့မလား ခင်ဗျာ"

မစ္စတာဒန်းစ်က ရယ်သည်။

"လက်ထောက်မန်နေဂျာတော့ တစ်ယောက်မှ ပါမှာ မဟုတ်ဘူး၊ ကိစ္စမရှိပါဘူး၊ မနက်ဖြန်ကစပြီး မင်းကို ငါ မန်နေဂျာအဆင့် တိုးပေးတော့မှာပဲဥစ္စာ၊ လိုက်သာ လိုက်ခဲ့၊ မနက်ဖြန် တင်ပြမယ့် ကိစ္စတွေလည်း ငါ နည်းနည်းထပ်မှာချင်တာ ရှိတယ်၊ စားရင်း ပြောကြတာပေါ့၊ ကဲ… ခဏစောင့်၊ ငါ စာအုပ် သွားယူဦးမယ်"

သိုက်ထွေး ကြောင်တက်တက်နှင့် ခတ်လှေကား ဘေးတွင် ရပ်ပြီး ကျန်ရစ်ခဲ့ပါသည်။

http://mmteashop.com
May 24, 2013



တကယ်တော့ ထိုညသည် သိုက်ထွေးကို အောင်မြင်သော စီးပွားရေး ပညာရှင်တစ်ဦး ဖြစ်လာရန် လမ်းခင်းပေးသည့် ကော်ဖေနီ လှေကားထစ်များ၏ ပထမအဆင့်ကို စနင်းခွင့် ရခဲ့သည့် ညတစ်ည ဖြစ်လာခဲ့ပါတော့သည်။

♦

သံလွင်တံတားကြီးကို ကားက ဖြတ်ချိန်တွင် အတိတ်ဆီသို့ လွင့်နေသော သိုက်ထွေး၏ အတွေးစများ ပစ္စုပ္ပန်သို့ ပြန်ရောက်လာခဲ့သည်။

"ဦး ဘယ်မှာ တည်းမှာလဲ၊ ဟိုတယ်ရော စီစဉ်ထားရဲ့လား၊ ကျွန်တော်တို့ စီစဉ်ပေးရမလား"

ရည်ရည်ဝင်း၏ တူကလေးက ကားမောင်းနေရင်းက လှည့်မေးသည်။ သိုက်ထွေးက မှောင်ရီပျိုးနေပြီဖြစ်သော သံလွင်မြစ်ကို ငေးကြည့်နေရင်းက ခေါင်းကို ဖြည်းညင်းစွာ ခါသည်။

"ဦးက နတ်တောင်ဘက်ကို တစ်ခါတည်း တန်းသွားချင်တာ၊ ဒီအချိန် မုဒုံကားတွေ ရှိနေဦးမလား မသိဘူး"

လူငယ်က ရယ်သည်။

"ဦးကလည်း၊ ပို့မယ့်ပို့မှ အရောက်ပို့ပေးမှာပေါ့ ဦးရဲ့၊ နတ်တောင်ဘာဝေးတာ မှတ်လို့၊ ဟိုရောက်မှသာ ကျွန်တော်တို့ကို လမ်းပြ... ဟုတ်လား"

မိနစ်ပိုင်းအတွင်း ခရေ့ကို ပြန်တွေ့ရတော့မည်။

တုန်ရီသော ရင်ကို သက်သာလိုသက်သာငြား နောက်မှီပေါ် ကျောကို လှန်ချမိသည်။

□

- ၉ -

အရင်အတိုင်းပါပဲ။

ဘာဆိုဘာမှ မပြောင်းလဲ။

ခရေတို့အိမ် ခြံဝင်းကလေး ရှေ့မှာ ပိတ်ထားသော သစ်သားတံခါးက ဆေးအနီရောင်တွေ ဆွေးမြည့်လွင့်ပြယ်နေပုံကပင်လျှင် အရင်အတိုင်း။ ဆေးလည်း တစ်ခါမှ ပြန်သုတ်ဟန် မတူ။ အဲသည့် တံခါးဝမှာ ချိတ်ဆွဲထားသည့် ဒေါ်မြင့်မြင့်ခက်၊ ကျောင်းအုပ်ဆရာမကြီး၊ အ·လ·က ဝွေးကုန်းရွာ ဆိုသည့် သံဖြူပြား ဆိုင်းဘုတ်ကလေးတောင် သည်အတိုင်း။

၁၅ နှစ်လုံးလုံး အချိန်နှင့် တစ်ပြေးညီ လိုက်ထမပြေးဘဲ အိပ်မောကျ၍ ကျန်နေခဲ့သည့် အိမ်ကလေးပါလား။

တစ်ချိန်က ခြံဝနား ရောက်တိုင်း သုတ်ထားသည့် ဆေးအနီရောင်နှင့် ဒိုင်းလွှားသဖွယ် ရက်ထားသည့် ကြက်ခြေခတ်သက္ကာန်

သစ်သားချောင်းကြီး နှစ်ချောင်းကို ကြည့်ပြီး ခရေ နှလုံးသားထဲကို သူ ဝင်ရောက်ဖို့ တံခါးပိတ်ခံထားရသလိုပါပဲဟု ကြံဖန် အတွေးခေါင်ပြီး ဝမ်းနည်းခဲ့ဖူးသည်ကိုတောင် ပြန်၍ အမှတ်ရမိသေးတော့။

ငါ ရူးများသွားပြီလား မသိ။

တိတ်ဆိတ်မှောင်မိုက်နေသော ခြံကလေးရှေ့တွင် ငြိမ်သက်စွာ ရပ်နေရင်းက သိုက်ထွေး သူ့ကိုယ်သူ မကျေမနပ် ဖြစ်မိသည်။

ဘာလုပ်နေတာလဲ··· သိုက်ထွေး။

မင်းဘဝမှာ အရေးကြီးဆုံးလူ၊ အဲဒီအိမ်ထဲမှာ အခု ရှိနေတယ်လေ။ အဲဒီလူကို တွေ့ရဖို့ မင်း မိုင်ပေါင်းထောင်ချီပြီး လာခဲ့ရပြီးပြီလေ။ အအိပ် မမှန်၊ အစား မမှန်နဲ့ တစ်ပတ်လုံးလုံး ခရီးကြမ်း နှင်ခဲ့ပြီးပြီလေ။

အဲဒီလူကိုတော့ ဝင်မတွေ့ဘဲနဲ့ ဒီခြံရှေ့မှာ ဘာရပ်ပြီး မိန်းမောနေတာလဲ။ မင်းက တကယ်ရော ခရေ့ကို ချစ်တာ ဟုတ်ရဲ့လား။ ခရေ့ကို ရူးရူးမူးမူး ချစ်ခဲ့ဖူးတဲ့ သိုက်ထွေး ဆိုတဲ့ ဆယ်ကျော်သက် ချာတိတ်ကလေးရဲ့ ဘဝကို ပြန်တမ်းတနေတာသက်သက်ပဲလား။

အခု ခရေ ဘယ်လိုပုံ ဖြစ်နေတယ်ဆိုတာ မင်း မသိဘူး။

အသက် ၃၀ ကျော် ဆိုပေမယ့် ရောဂါတွေ ဖိစီးနှိပ်စက်ထားတော့ အိုစာ အကျည်းတန်နေပြီလား။ ဖောရောင်ပြီးပဲ ရုပ်ပျက်နေပြီလား။

အဲဒီပုံစံမျိုးနဲ့ မင်း တွေ့လိုက်ရရင် ဟိုတုန်းက မင်း ကိုးကွယ်မတတ် ချစ်ခဲ့ရတဲ့ မိန်းကလေးကို မင်း ချစ်နိုင်ဦးမှာမို့လား။

ဘာလဲကွာ··

ချစ်နိုင်တာပေါ့၊ ဘာလို့ မချစ်နိုင်ရမှာလဲ။

ခရေက လှသည့် မိန်းကလေးထဲမှာ ပါသည် ဆိုသော်လည်း ခရေ လှတာကို တစ်ခါမှ သတိမထားမိဘဲ ချစ်ခဲ့တာလေ။

ခရေက ခရေပါပဲ။

လှလည်း ခရေပဲ။ အရုပ်ဆိုး အကျည်းတန်သွားလည်း ခရေပဲ။ နုနယ်ပျိုမျစ်နေလည်း ခရေပဲ။ အိုမင်းရွတ်တွသွားလည်း ခရေပဲ။

နွမ်းသွား ခြောက်သွားလို့ ခရေယန်းရန့် ဘယ်တုန်းက ဆိတ်သုဉ်းသွားဖူးလဲ။ ခရေခက် ဆိုသည့် မိမိကိုယ်မိမိထက် သူတစ်ပါးကိုသာ အမြဲဦးစားပေးတတ်လွန်းသော မိန်းကလေးလည်း ဘယ်လို ရုပ်မျိုး ဖြစ်သွား ဖြစ်သွား ခရေ၏ ဂုဏ်၊ ခရေ၏ သတ္တိတို့နှင့် ခရေ၏ ရန့်က ချစ်မြတ်နိုးဖွယ်ရာ ရှိနေဦးမည်က အမှန်။

"ဦး… စောင့်ပေးရမလား"

ကားပေါ်က ရည်ရည်ဝင်း၏ တူကလေးက လှမ်းအော်မေးသည်။ သူ ဘာဖြေရမှန်း မသိ။ အိမ်ကလေးက မီးတစ်လုံးမှ ထွန်းမထား။ ပကတိ မည်းမှောင်တိတ်ဆိတ်နေသည်။

သို့သော် ခြံချင်း ကပ်လျက် မီးလင်းနေသော အုတ်ခံတိုက်ကလေးဆီက ချိုးချိုးချွတ်ချွတ် အသံတွေ ကြားရသည်။

သစ်သား ပြတင်းပေါက်တစ်ခု ပွင့်လာသည်။ အသက် ၄၀ ခန့် မိန်းမတစ်ဦး၏ ခပ်ဝဝ ကိုယ်ဟန်ကို မီးလုံးအဝါရောင် နောက်ခံဖြင့် ခပ်မည်းမည်း အရိပ်အဖြစ် မြင်ရသည်။

"ဆရာမဆီ လာတာလား"

ဆရာမ… သိက်ထွေး ရတ်တရက် ကြောင်သွားပြီးမှ သတိရသည်။

ဟုတ်သားပဲ။ ခရေ့ မိခင် မရှိတော့သော်လည်း ခရေက ဆရာမပဲ။

"ဟုတ်ပါတယ်၊ ဆရာမ ဒေါ်ခရေခက်တို့ မရှိဘူးလား"

“ရှိပါတယ်၊ ဒီအချိန်လောက်ဆိုရင် ရွှေနတ်တောင်ဘုရားပေါ်မှာ ဖြစ်မယ်၊ ဒီဘက် လာစောင့်ချင် စောင့်လေ”

ရွှေနတ်တောင်ဘုရား…

သိုက်ထွေး မှောင်မည်းနေသော ပတ်ဝန်းကျင်ကို လှည့်ကြည့်မိသည်။

စောစောက အမျိုးသမီးက အိမ်ရှေ့ သံတံခါးကို တွန်းဖွင့်၍ ခြံထဲ ဆင်းလာသည်။ လက်နှိပ်ဓာတ်မီးနှင့် သူ့ကို ဝေ့ခနဲ တစ်ချက် ထွန်းကြည့်ပြီး ဆက်ပြောသည်။

“ဆရာမက ညနေတိုင်း ဘုရားပေါ်မှာ တရား သွားထိုင်တတ်တယ်၊ အိမ်မှာ မီးလာနေတယ်၊ မှိတ်ထားရင် သူရော သူ့တပည့်မကလေးရော ဘုရားပေါ်မှာပဲ၊ သေချာတယ်၊ အဝေးက လာရတာ ထင်တယ်”

အဝေးဆုံး နေရာက လာတာပေါ့။ ဒါပေမဲ့ ကျွန်တော်က သူ့ရဲ့ အနီးဆုံးလူ တစ်သက်လုံး ဖြစ်ချင်နေခဲ့ရတဲ့ သူပါဗျာ… ဟု စိတ်ထဲက ဖြေမိသည်။

ရည်ရည်ဝင်း တူကလေးကို လှည့်၍-

“သားတို့ သွားချင်ရင် သွားတော့လေ၊ ဦး နေခဲ့တော့မယ်”

ဟု ပြော၍ ကားပေါ်က ကျောပိုးအိတ်ကို ယူလွယ်သည်။ ကောင်ကလေးက လက်ပြ၍ ကားမောင်း ထွက်ခွာသွားသည်။

အိမ်နီးချင်း အမျိုးသမီးက-

“ပြန်လာခါနီးပါပြီ။ ကျွန်မတို့က အိမ်နီးချင်း ဆိုပေမယ့် ကျွန်မ ကလေးတွေရဲ့ ဆရာမ ဆိုတော့ အမျိုးလိုပါပဲ၊ ဆရာမ ဧည့်သည် ဆို ကျွန်မ ဧည့်သည်ပေါ့၊ အိမ်ထဲမှာ စောင့်ပါလား”

http://mmteashop.com
May 24, 2013



ဟု ဖော်ရွေစွာ ဖိတ်ခေါ်သည်။ ပြီးတော့ ရယ်သည်။

“အင်းလေ… တစ်ရွာလုံးရဲ့လည်း ဧည့်သည်ပေါ့၊ ဒီရွာမှာ ဆရာမကို မချစ်တဲ့သူ တစ်ယောက်မှ မရှိဘူး၊ ခုလည်း ဆရာမ နေမကောင်းဘူးဆိုလို့ တစ်ရွာလုံး စိတ်မကောင်း ဖြစ်နေကြတာ၊ ခု ပြန်လာတော့ ဆရာမက ကြည်ကြည်လင်လင် တက်တက်ကြွကြွကလေးပဲ မြင်ရတော့ စိတ်ချမ်းသာနေကြတာ၊ ရန်ကုန်ကပဲလား”

ယောင်ယမ်း၍ ခေါင်းညိတ်ပြမိသည်။

သူ ဘယ်က လာသလဲ ဆိုတာ သည်အမျိုးသမီးကို နားလည်အောင် ပြောဖို့ တော်တော်ပဲ ခက်ပေလိမ့်မည်။

“ကျွန်တော် လိုက်သွားပါ့မယ် ခင်ဗျ၊ လမ်းက လွဲစရာ မရှိပါဘူး၊ သူ ပြန်လာလည်း လမ်းမှာ ဆုံမှာပေါ့၊ ကျွန်တော့် အိတ်ကလေးသာ ခဏ ထားခဲ့ပါရစေ”

“ရတယ်လေ၊ ပိုက်ဆံတွေ ဘာတွေတော့ ယူသွား၊ ဘာရယ်တော့ မဟုတ်ပါဘူး၊ သိတယ် မဟုတ်လား”

သူ ပြောမှ သတိရသွားပြီး ကိုယ့်အဖြစ်ကိုယ် ပြုံးမိသည်။

သူ့မှာ မြန်မာငွေ တစ်ကျပ်တောင် ပါမလာပါ။

ဒါလည်း ရှင်းပြရ ခက်နေဦးမည် ဖြစ်၍ ခေါင်းသာ ညိတ်ပြလိုက်ရပါသည်။

ရွှေနတ်တောင့်ဘုရား အတက် လှေကားမှာ လျှပ်စစ်မီး မှုန်ပျပျရှိနေသည်။

နေဝင်၍ အမှောင် ဖုံးနေသော ပတ်ဝန်းကျင်သို့ ဘုရားအတက်လှေကားထစ်များမှ အလင်းရောင် စိမ့်ဖြာထွက်နေသည်။

Scan & Pdf - ရေဘာဝ

ပတ်ဝန်းကျင်တွင် ပုစဉ်းရင်ကွဲသံများမှအပ ပကတိ တိတ်ဆိတ်လျက်။

ကိုယ့်နှလုံးခုန်သံကို ကိုယ် ပြန်ကြားရဖို့ ကောင်းသည့် အနေအထားမျိုး။ ထူးဆန်းတာက သူ့နှလုံးသားက ယခုတော့ ငြိမ်ချက်သား ကောင်းနေပြန်သည်။

အဲသည့် ဘုရားပေါ်မှ ခရေ ဆင်းလာမည်။ သည်တစ်ခါ မလွဲနိုင်တော့။ ဆုံကို ဆုံကြရတော့မည်။

အနှစ် သုံးဆယ်ကျော်ကျော် ဘဝမှာ အနှစ် နှစ်ဆယ်လောက် မြတ်မြတ်နိုးနိုး ချစ်ခဲ့ရသူကို နှစ်ပေါင်းများစွာ မတွေ့ရဘဲ ရှိပြီးခါမှ ပြန်တွေ့ရမည့်ကိစ္စ ခုခါမှ သည်ရင်က ဘာကိစ္စ ငြိမ်နေရသည်ကို သူ စဉ်းစား၍မရ။

သိုက်ထွေး လှေကားထစ်တွေကို စတက်သည်။

စတက်ပြီး မကြာမီမှာပင် အပေါ်က ဆင်းလာသံကို ကြားရ၍ မော့ကြည့်သည်။ မျက်နှာကို မသဲကွဲသော်လည်း ကိုယ်ဟန်သွယ်သွယ်နှင့် အပျိုအရွယ် မိန်းမငယ်နှစ်ဦး ဆိုတာ ကျက်မိသဖြင့် ခရေတို့ မဟုတ်သေး··· ဟု ကိုယ်ကို ယို့၍ လမ်းဖယ်ပေးလိုက်သည်။

မိန်းမပျိုနှစ်ဦး သူ့ဘေးက ဖြတ်၍ ဆင်းသည်။

လှေကားနှစ်ထစ်လောက် ကျော်ပြီး ခြေလှမ်းတို့ ရပ်သွားသဖြင့် လှည့်ကြည့်မိသည်။

တစ်သက်လုံး ဘယ်တုန်းကမှ မမေ့ခဲ့ဖူးသည့် မျက်နှာလှလှ ကလေးက တစ်သက်လုံး မှတ်မိထားခဲ့သည့်အတိုင်း မပြောင်းမလဲ သူ့ကို စိုက်ကြည့်နေသည်။

ခါတိုင်း ပြုံးနေကျ မထိတထိ အပြုံးကလေးတော့ မရှိ။ အံ့ဩဝမ်းသာဟန်ကလေးက ထင်းနေသည်။

"ဟယ်… သိုက်ထွေး၊ နင်… နင် ဘယ်လိုလုပ် ရောက်လာတာလဲ"

ရင်ဝက ခုခါမှ တစ်ဆို့လာသည်။

ခရေ… ခရေ ဘာမှ ပြောင်းလဲမသွားခဲ့ပါလား။

"ငါ… ငါ နင့်ဆီ လိုက်လာတာ"

ဟု သူ အထစ်ထစ်အငေါ့ငေါ့နှင့် ပြောဖြစ်လိုက်သည်ဟု ထင်၏။

♦

ဖိနပ်ချွတ်နှင့် ဧည့်ခန်း ဆက်စပ်ရာ ဘောင်ကလေးမှာ သိုက်ထွေး ဝင်ထိုင်သည်။ ဒါ… ခရေ့ကို သူ ချစ်ရေးဆိုခဲ့စဉ်က ခရေ ထိုင်ခဲ့သော နေရာကလေးပါပဲ။ ဘာမှ ပြောင်းလဲမသွား။ အဲဒီတုန်းကလိုပဲ ဧည့်ခန်းက မှောင်ပျပျကလေး။

ခရေက ဘလောက်စ် အဖြူကလေး တစ်ထည်နှင့် ကျောင်းစိမ်းလုံချည်အဟောင်းကလေး တစ်ထည် လဲ၍ ပြန်ထွက်လာသည်။

ဒီအတိုင်းပါပဲလား… ခရေရယ်။

၁၆ နှစ်အရွယ်က သူ ချစ်ရေးဆိုခဲ့သော မိန်းကလေး ဝတ်စားထားပုံမျိုးကိုပင် ဝတ်စားထားသည့် သည်သက်လတ်ပိုင်းအရွယ် ကျောင်းဆရာမမှာ လွန်ခဲ့သော အနှစ်နှစ်ဆယ်အတွင်း တစ်စက်မှ ပြောင်းလဲမသွားခဲ့သော ဟိုမိန်းကလေးပါပဲ။ ကျောက်ကပ်ရောဂါသည်လည်း ကြည်လင်သည့် အတွင်းသဏ္ဌာန်ကို လက်မြှောက် အရှုံးပေးခဲ့ရလေဟန် တူလေသည်။

ခရေက ဖျာတွင် လာမထိုင်သော သူ့ကို အတင်းမခေါ်ဘဲ သူ့ဘေး ဘောင်ကလေးတွင် လာထိုင်သည်။

"နင် ရန်ကုန်ကနေ လိုက်လာတာလား"

ခရေ့ မျက်နှာကလေးကို ငေးကြည့်နေရင်းက သူ ဖြည်းဖြည်း ခေါင်းခါသည်။

"ငါ ဟောင်ကောင်မှာ နင့်တပည့်ဟောင်း တစ်ယောက်နဲ့ တွေ့လို့ နင် နေမကောင်းတာ ကြားတာ၊ စင်ကာပူကို လိုက်သွားတော့ နင် တက်ခဲ့တဲ့ ဆေးရုံကို ရောက်တယ်၊ မသီတာက နင် ပြန်သွားတာ ပြောတယ်၊ မျိုးဆွေဆီက ရန်ကုန် လိပ်စာရတယ်၊ ရန်ကုန် ရောက်တော့ သီဟက မြောက်ဥက္ကလာက အိမ်ကို လိုက်ပို့ပေးတယ်၊ အဲဒီမှာ ဆွေဆွေဦး နဲ့ တွေ့တယ်၊ နင် ပြန်သွားတာ ပြောတယ်၊ ရည်ရည်ဝင်းဆီ ရောက် တော့ သူ့တူကလေး မော်လမြိုင်ကို ကားနဲ့ ဆင်းမလို့ လုပ်နေတော့ ငါ တစ်ခါတည်း လိုက်လာခဲ့တာ"

ခရေက သက်ပြင်းချသည်။

"အေးလေ… ရည်ရည်ဝင်းလည်း သနားပါတယ်၊ နင်လည်း ပင်ပန်းလိုက်တာ၊ အခု ဘယ်မှာ တည်းမှာလဲ'

သူ ကြောင်တက်တက်နှင့် ပခုံးတွန့်ပြတော့ ခရေက ရယ်သည်။

"နင် မစဉ်းစားထားဘူး မဟုတ်လား၊ ငါ့အိမ်မှာ တည်းလို့ ရပါတယ်၊ ငါတို့က မိန်းကလေး နှစ်ယောက်တည်း နေတာ ဆိုပေမယ့် နင် ဧည့်ခန်းမှာ အိပ်လို့ရတယ်၊ ဟိုဘက်အိမ်က ခြင်ထောင်တွေ စောင် တွေ ငှားပေးမယ်၊ ညစာရော စားပြီးပြီလား"

သူ ခေါင်းခါသည်။

http://mmteashop.com
May 24, 2013



ခရေ မျက်နှာတစ်မျိုး ဖြစ်သွားသည်။

"မနက်စာရော"

သူ ခရေ့မျက်နှာကို ကြောင်တက်တက် ဆက်ကြည့်နေမိသည်။ ခရေက သက်ပြင်းချ၍-

"သိုက်ထွေးရယ်..." ဟု တိုးတိုးကလေး ညည်းသည်။

သူ့တပည့်မကလေးကို လှည့်၍ သုံးယောက်စာ ညစာပြင်ရန် ပြောသည်။ ပြီးတော့ နေရာမှ ဖျတ်ခနဲ ထ၍ အိမ်အောက် ဆင်းသွားသည်။ ဟိုဘက်ခြံသို့ ကူးသွားတာ မြင်လိုက်ရသည်။

ပုံမှန် နေ့လယ်စာ၊ ညစာ စားဖို့ကို မေ့လျော့နေခဲ့တာ ရက် အနည်းငယ် ကြာပြီမို့ပဲလား။ ချစ်ခဲ့ဖူးသူ၊ ချစ်နေရသေးသူက ဂရုတစိုက် ဟင်းထည့်ပေးနေတာကို သာယာမိ၍ပဲလား မသိ။ သိုက်ထွေး တော်တော် ထမင်းစားဖြစ်သွားသည်။

ထမင်းစားပြီးတော့ သူငယ်ချင်းနှစ်ယောက် ဖိနပ်ချွတ် အစပ် ကလေးတွင်ပင် ထိုင်ဖြစ်ကြသဖြင့် ခရေ့ တပည့်မကလေးက စောစောက ခင်းထားသော ဖျာမှာ မီးပူတိုက်သည်။

"မသီတာ ပြောတာ မှန်တယ်၊ နင်က တစ်ရက်မှ အသက် ကြီးမသွားသလိုဘဲ၊ နေမကောင်း ဖြစ်နေတယ်လို့လည်း မထင်ရဘူး"

ခရေက ပြုံးသည်။

"ငါ့စိတ်ကတော့ ငါ့ကိုယ်ငါ နေကောင်းနေတယ်လို့ပဲ သဘော ထားတာပါပဲဟာ၊ နင်ရော ဘာထူးလို့လဲ၊ ရုပ်နရုံတင်မကဘူး၊ အသားပါ ဖြူဖွေးနေတာပဲ၊ မျိုးဆွေဆို ထိပ်ကြီးကို ပြောင်လို့ ဟား ဟား ဟား"

Scan & Pdf - ရေဘဝဲ

မျိုးဆွေ ပုံစံကို ပြန်မြင်ယောင်၍ သိုက်ထွေး လိုက်ရယ်မိသည်။

"နင်က ငါ့နောက်က ခြေရာကောက် လိုက်လာတာ ဆိုတော့ ငါ့အကြောင်းတွေ အားလုံး သိပြီးရောပေါ့၊ နင့်အကြောင်းတွေ ပြောပြပါဦး၊ နင် ယူကေမှာပဲလား၊ စီးပွားရေးလုပ်ငန်းတွေ အောင်မြင်တယ်ဆို၊ မြန်မာလူငယ်ကလေးတွေကိုလည်း ကူညီနေတယ် ကြားတယ်၊ နင် တကယ်ပဲ သူဌေးကြီး ဖြစ်နေပြီလား"

သိုက်ထွေးက တိုးတိုးရယ်သည်။

"ငါ့ကို နင့်အိမ်နီးချင်းတွေက ငါ အိတ် ခဏသွားအပ်တော့ ပိုက်ဆံတော့ မထားခဲ့ပါနဲ့တဲ့၊ သူတို့ ပြောမှ ငါ သတိရတယ်၊ ငါ့မှာ မြန်မာပိုက်ဆံ တစ်ကျပ်တောင် သုံးစရာ ပါမလာဘူး၊ နင် ပိုက်ဆံတစ်ပြားမှ မရှိတဲ့ သူဌေး တွေ့ဖူးလို့လား"

ခရေက မရယ်ပါ။ မျက်နှာကလေးတောင် ညှိုးသွားပါသည်။

"သိုက်ထွေးရယ်... နင်ဟာလေ၊ ငယ်ငယ်ကလိုပဲ ဖွတ်တရွတ် တဖောက်ကန်း လုပ်တတ်နေတုန်းပဲ၊ ကလေးလေး ကျနေတာပဲ၊ ဒါနဲ့များ နင့်ဘဝမှာ ဘာဖြစ်လို့ ဒီလောက် အောင်မြင်မှုတွေ ဆက်တိုက် ရခဲ့သလဲ၊ တော်တော်အံ့ဩစရာ ကောင်းတယ်"

သိုက်ထွေး ပခုံး တွန့်ပြသည်။

"အင်္ဂလိပ်တွေက ဖွတ်တရွတ် တဖောက်ကန်းသမားတွေကို ကြိုက်လို့ ဖြစ်မှာပေါ့"

သည်တစ်ခါတော့ ခရေ ရယ်သည်။

"ငါ့ဟာငါပဲ မှန်းကြည့်ပါ့မယ်၊ ဟုတ်သလား၊ မဟုတ်သလား၊ နင် ဖြေလေ"

သိုက်ထွေး ခေါင်းညိတ်ပြသည်။

"နင် အခု ကုမ္ပဏီ တစ်ခုခုတော့ ပိုင်နေပြီ"

သိုက်ထွေးက ရယ်၍-

"အစုရှယ်ယာ ဝင်တာလောက်ပါဟာ" ဟု ဖြေသည်။

"ယူကေမှာ အိမ်ပိုင် ရှိနေပြီ"

"အခန်းပါဟာ၊ အရစ်ကျ ချေနေရတာ၊ ငါ အခုပိုင်တာ ညှော်ခန်းတစ်ခန်းစာလောက်တော့ ရှိပြီ ဆိုပါတော့"

"ကားတော့ ပိုင်ပြီ"

"ဒါတော့ ဟုတ်တယ်"

"တခြားနိုင်ငံ တချို့မှာလည်း အခန်းပိုင်နေနိုင်သေးတယ်"

သိုက်ထွေး ရယ်သည်။

"မြန်မာနိုင်ငံမှာတော့ မရှိပါဘူး"

"မိန်းမတော့ မရလောက်သေးဘူး"

သိုက်ထွေး ပြုံးသည်။

"နင် ဘယ်လိုလုပ် သိသလဲ"

"မိန်းမသာ ရှိရင် သူငယ်ချင်း မိန်းကလေး နေမကောင်းတဲ့ ကိစ္စ နင် ဒီလို လိုက်လာရဲပါ့မလား ကဲ"

သိုက်ထွေး ရယ်၍ လက်မြှောက်ပြလိုက်သည်။

"အိမ်ထောင်တစ်ခု ထူထောင်ဖို့ကျတော့ ငါ မဆယ်လိုက်နိုင်တဲ့ ပန်းကလေး ဖြစ်သွားတယ် ဆိုပါစို့ဟာ"

ခရေက မျက်မှောင်ကြုတ်သည်။

"ဘာလဲဟာ... ဘာပန်းလဲ" ဟု မေးသည်။

သိုက်ထွေး အနည်းငယ် အမ်းသွားပြီးမှ ဖြေသည်။

"ဒီလိုဟာ… ငါ့မှာ ခဏခဏ မက်တတ်တဲ့ အိပ်မက် ရှိတယ်၊ ငယ်ငယ်တုန်းက ဒီနတ်တောင်မှာ နေခဲ့တုန်းက အိမ်နောက်က ချောင်းကလေးဆီ သွားသွားပြီး ပန်းအကြွေကလေးတွေ ဆယ်တုန်း တွေ့ခဲ့ရတာ တစ်ခုကို စွဲလမ်းပြီး မက်တာ"

သိုက်ထွေးက ချောင်းကလေးထဲတွင် မဆယ်လိုက်နိုင်သော ပန်းကလေးတစ်ပွင့် ကျန်ခဲ့သည့် အိပ်မက်ကို ပြောပြသည်။ ခရေက ဝင်မဖြတ်ဘဲ ပြုံးပြုံးကလေး နားထောင်နေသည်။

"နိုင်ငံခြား လာပြီး ဘဝတိုးတက်ရာ တိုးတက်ကြောင်း ရှန်းကန်ချင်တဲ့ မြန်မာလူငယ်တွေကတော့ ငါ့ကို အားကျကြတာပေါ့ဟာ၊ ငါ့ဘဝမှာ လိုတာမှန်သမျှ ရခဲ့တယ်လို့ ထင်ကြတာပေါ့၊ တကယ်တော့ ငါ့မှာလည်း မဆယ်နိုင်ခဲ့တဲ့ ပန်းကလေးတစ်ပွင့် ကျန်ပါတယ်၊ အဲဒီပန်းဟာ ကျန်တဲ့လူတွေရဲ့ ဘဝမှာ ပုံမှန် ဆယ်နိုင်ခဲ့တဲ့ပန်း ဖြစ်ချင်လည်း ဖြစ်နေမှာ၊ ငါ့ဘဝမှာတော့ အရေးကြီးဆုံး ကွက်လပ် ဖြစ်နေတာ ဖြစ်ချင်လည်း ဖြစ်နေမှာ"

သိုက်ထွေးက ခရေ့ မျက်နှာကို အကဲခတ်ရင်းက တိုးတိုး ဆက်ပြောနေသည်။ ခရေကတော့ မျက်နှာအမူအရာ ပြောင်းမသွားဘဲ ပြုံးပြုံးကလေး ခေါင်းညိတ်သည်။

"မရှူးအားလို့ ဆူးကြားမှာ ကျန်ခဲ့တာ မဟုတ်ဘူးလား"

သိုက်ထွေး မျက်ခုံးပင့်ကြည့်သည်။

"နင် အဲဒါ ဘာပြောတာလဲ"

ဟု မေးသည်။ ခရေက ပြုံးပြုံးကလေး ရှင်းပြသည်။

"ဆရာတင်မိုး တို့တစ်တွေ မမွေးခင်လောက်ကတည်းက စပ်ခဲ့တဲ့ ကဗျာကလေးလေ၊ နာမည်က **'လက်ကျန်တစ်ပွင့်'** တဲ့၊

*သခင့်ခြံတွင်*

*တစ်ပွင့်ကျန်သော ယန်းကလေး*

*မခူးအားဍ်*

*ဆူးကြား ကျန်ရစ်ခဲ့သလော။*

*မခူးရက်ဍ်*

*ဆူးထက် ချန်ခဲ့လေသလော။*

*မခူးလို၍*

*ဆူးညိုကြားတွင်၊ သူ့ကံပင်ဟု*

*တမင် စွန့်ခဲ့လေသလော*... တဲ့၊ နောက် ရှိသေးတယ်၊ ငါ ငယ်ငယ်ကတည်းက သဘောကျလို့ ကူးထားတာ၊ နင် လိုချင်ရင် ငါ ကူးပေးပါ့မယ်"

**ကြည့်စမ်း**...

*မခူးလို၍*

*ဆူးညိုကြားတွင် သူ့ကံပင်ဟု*

*တမင် စွန့်ခဲ့လေသလော*... တဲ့။

ပြောရက်လိုက်တာ ခရေရယ်... ငါ့ရင်ထဲပဲ ဝင်ကြည့်ပါဦးတော့။

ဖြာကျနေသော လရောင်ဘက်ကို မျက်နှာ လွှဲကြည့်ရင်းက သိုက်ထွေး မျက်ရည်ဝိုင်းသည်။

♦

ခရေ့ တပည့်မကလေးက မီးပူတိုက်ပြီးသွားသော နေရာတွင် ဖျာကို ဆက်ခင်း၍ သိုက်ထွေး အိပ်ရန် ခြင်ထောင်၊ ခေါင်းအုံးတို့ကို ပြင်ဆင်နေသည်။

"နင့်အကြောင်းလည်း ပြောပြဦးလေ"

ခရေက ပခုံးတွန့်ပြသည်။

"ငါ့အကြောင်းက ဘာထူးဆန်းလို့လဲ၊ Story of nobody ဘာမှ မဟုတ်တဲ့လူရဲ့ ဇာတ်လမ်း ဖြစ်နေမှာပေါ့"

သိုက်ထွေး သက်ပြင်းချသည်။ နင့်အကြောင်းက နင် ဖြစ်နေရုံနဲ့ လုံလောက်ပါတယ်။ ငါ့အတွက် စိတ်ဝင်စားစရာ အကောင်းဆုံး ဇာတ်လမ်း ဖြစ်နေပြီးသားပါဟု စိတ်ထဲက ပြောမိသည်။ ခရေက ခေါင်းကို ဆတ်ခနဲ တစ်ချက် ခါ၍ ဆက်ပြောသည်။

"နင် သွားခါစက ငါ သီလရှင် အကြာကြီး ဝတ်နေတယ်၊ နောက် ပြန်ထွက်ပြီး ကျောင်းပြန်တက်တယ်၊ ဘွဲ့ရပြီး ဆရာမ လုပ်တယ်၊ ပထမ ဒီဗွေးကုန်းရွာမှာပဲ၊ နောက် ကျောက်တစ်လုံးရွာဘက် ခဏ ပြောင်းရသေးတယ်၊ နောက်တော့ မော်လမြိုင် အ·ထ·က ကို ရောက်တယ်၊ မေမေ ဆုံးတယ်၊ တပည့်တွေ ဒီလိုပဲ တစ်ယောက်ပြီး တစ်ယောက် လာနေပေးကြတာပဲ၊ နေမကောင်းတော့ ရန်ကုန် သွားကုတယ်၊ ကျောက်ကပ်က နှစ်ဖက်စလုံး ကောင်းကောင်း အလုပ်မလုပ်တော့ဘူးတဲ့၊ ရန်ကုန်က ဆရာဝန်ကြီးတွေက တော့ ရန်ကုန်မှာပဲ နေပြီး ကျောက်ကပ်ဆေးစက်နဲ့ မှန်မှန်ဆေးဖို့ ပြောတယ်၊ သတင်းကြားတဲ့ တပည့်ဟောင်းတွေက စုလာပြီး နိုင်ငံခြား ပို့ဖို့ စီစဉ်ကြတာ၊ ကျန်တာတော့ နင် သိတဲ့အတိုင်းပဲ"

သိုက်ထွေး ငြိမ်နားထောင်နေသည်။ ပြီးမှ တိုးတိုးပြောသည်။

"စင်ကာပူမှာ နင် နေနေဖို့ကောင်းတာ" ခရေက ရယ်သည်။

"ဆယ့်ငါးနှစ် အနှစ်နှစ်ဆယ် ပျောက်နေတဲ့ နင်က အဲသလို တရှူးထိုး လိုက်ချလာလိမ့်မယ်လို့ ဘယ်ထင်မှာလဲဟ၊ ပြီးတော့ မမျှော်လင့်တဲ့သူနဲ့က တွေ့ရသေးတယ်"

"မျိုးဆွေလား"

ခရေက ခေါင်းခါပြသည်။

"ဖေဖေပါ"

သိုက်ထွေး ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

♦

တရုတ် သူနာပြုဆရာမကလေးက ခေါင်းကလေး ပြူ၍-

"ဧည့်သည် လာပါတယ်ရှင်၊ မစ္စတာစတီဗင်ကောင်းပါတဲ့၊ လွှတ်လိုက်ရပါမလား"

ဟု အင်္ဂလိပ်လို ယဉ်ကျေးစွာ မေးသည်။

ခရေ အံ့သြသွားသည်။ သည်နာမည်မျိုး သူ တစ်ခါမှ မကြားဖူးခဲ့တာ အမှန်ပင်။ လွှတ်လိုက်ပါ… ဟုသာ ပြောလိုက်ရသည်။

အသက် ၆၀ အရွယ်ခန့်ဟု ခန့်မှန်းရသော ဆံပင်တွေ တစ်ခေါင်းလုံး ဖြူနေသည့် တရုတ်လူမျိုးဟု ယူဆရသည့် လူကြီးတစ်ဦး ဝင်လာသည်။ သူ့ထက် ၁၀ နှစ်လောက် ငယ်မည့်ပုံပေါ်သည့် ဂါဝန်အရှည်ဝတ် တရုတ်မတစ်ဦးလည်း ပါလာသည်။

ခုံတွေ ဆွဲ၍ ဝင်ထိုင်ကြတော့ တရုတ်မက မျက်နှာက ခပ်တင်းတင်း။ ဟိုလူကြီး မျက်နှာကတော့ အရေးအကြောင်း အားလုံး အောက်ကို စိုက်ဆင်းနေသည်။

"ဘယ်ကပါလဲလို့ မေးပါရစေရှင်"

ခရေက အင်္ဂလိပ်ဘာသာနှင့် ယဉ်ယဉ်ကျေးကျေး လှမ်းမေးလိုက်တော့ မိန်းမက ယောက်ျားကို ကြည့်သည်။ ယောက်ျားက အံ့သြဟန် ပေါ်လာသည်။

ပြီးတော့ ပီသသော မြန်မာစကားနှင့် ဖြေပါသည်။

"ဖေဖေပါ သမီးရယ်... သမီးရဲ့ ဖေဖေပါ၊ သမီးရဲ့ဖေဖေ ဦးမြတ်ကောင်းပါ"

♦

ခရေက မဲ့ပြုံး ပြုံးသည်။

"တစ်သက်လုံး မမြင်ဖူးလို့ မြင်ဖူးချင်ခဲ့တဲ့ အဖေကို ပထမဦးဆုံး စမြင်ခွင့်ရတော့ ကုမရတော့ဘူးဆိုတဲ့ ရောဂါ ဖြစ်မှတဲ့လေ၊ ရယ်စရာ မကောင်းဘူးလား"

သိုက်ထွေးက ခေါင်းခါသည်။

"နင့်ရောဂါ ကုလို့မရဘူးလို့ ဘယ်သူ ပြောလဲ၊ အခု နင့်ရောဂါကို ရအောင်ကုဖို့ ငါ အကုန်စီစဉ်ခဲ့ပြီးပြီ၊ ငါ့ကျောက်ကပ်နဲ့ အစားထိုးလို့ ရတယ်တဲ့၊ လိုတာအားလုံး စီစဉ်ခဲ့ပြီးသား၊ ငါ နင့်ကို လာခေါ်တာ"

ခရေက တိုးတိုးရယ်သည်။

"မဖြစ်နိုင်ဘူး ဆိုတဲ့ စကားကို မပြောတတ်တဲ့ လူမျိုးတွေကြားထဲမှာ နေနေတဲ့ နင်၊ နဂိုကတည်းကလည်း ခေါင်းမာမာ တစ်ဇွတ်ထိုးသမား၊ နင် လိုက်လာကတည်းက ဒီလိုမျိုးကိစ္စ ပါလာမယ်လို့ ငါ ထင်သားပဲ၊ နင်

မေ့နေတာက ငါ့မှာ ကျောက်ကပ် လှူမယ့်လူ မရှိတာ မဟုတ်ဘူး၊ ငါက လက်မခံတာ ဆိုတာပဲ''

သိုက်ထွေး အံကြိတ်သည်။

''နင့်တပည့်တွေကို နင် ငဲ့ပြီး လက်မခံတာ ငါ သိတယ်၊ ဒါပေမဲ့ ငါ့ကိုတော့ ဒီအခွင့်အရေး နင် ပေးရမယ်''

''ဘာဖြစ်လို့လဲ''

''ဘာဖြစ်လို့လဲဆိုတော့ ဒီအခွင့်အရေးကို ငါ မရလိုက်လို့ နင့်ကို ဆုံးရှုံးရရင် ငါဟာ ကျန်နေသမျှ သက်တမ်းတစ်လျှောက်လုံး ယူကျုံးမရနဲ့ စိတ္တဇဖြစ်နေမယ့် လူမို့လို့ပဲ၊ ဒါကိုလည်း နင် ယုံမယ်လို့ ငါ ယုံကြည်တယ်''

ခရေ မျက်လွှာချ၍-

''သိုက်ထွေးရယ်…'' ဟု တိုးတိုးညည်းပြန်သည်။

♦

လရောင်ကို မော့ကြည့်နေကြရင်းက ခရေက တိုးတိုးရယ်သည်။

''ဖေဖေ့ မျက်နှာက သိပ်ကျဉ်းကျပ်နေသလိုပဲ၊ အနှစ် သုံးဆယ် ကျော်အောင် ပစ်ထားခဲ့တဲ့ သမီးကို ရောဂါကြီးနဲ့ကျမှ ပြန်တွေ့ရတော့ သူ့ ကိုယ်သူလည်း အပြစ်တင်မဆုံး၊ အားပါးတရ ပြောဖို့ ဆိုဖို့ကျတော့လည်း ဘေးမှာ ပါလာတဲ့ ငါ့မိထွေးက သိပ်ကြည်ဖြူပုံမပေါ်ဘူး၊ ဖေဖေ ဘာလုပ်ပေးရ မလဲ တစ်ခွန်း မေးလိုက်၊ ငါ့မိထွေးက ချောင်းဟန့်လိုက်နဲ့ သိပ်ရယ်ရတယ်၊ သူတို့ စင်ကာပူမှာပဲ နေနေကြတာတဲ့၊ နောက်ရက်တွေလည်း လာဦးမှာတဲ့''

''နင် အဲဒါကြောင့် ပြန်လာတာလား''

"အဲဒါလည်း ပါတယ်၊ ငါက ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တာ၊ အခုတော့ ပထမဦးဆုံး စတွေ့ဖူးရတဲ့ အဖေကိုပါ ဒုက္ခပေးနေမိလျက်သားလေ"

သိုက်ထွေး ခေါင်းခါသည်။

"အဲဒါ ထားပါဟာ၊ ငါနဲ့ လိုက်ခဲ့ဖို့ ကိစ္စကိုသာ ပြော"

ခရေက ပြုံးသည်။

"ကလေးဆိုးကြီး လုပ်ချင်တုန်းပဲလား သိုက်ထွေးရယ်၊ ညဥ့်ပဲနက်နေပြီ၊ နင်လည်း ဒီလောက် ပင်ပန်းလာတာ၊ နားပါဦးလား၊ မနက်ကျမှ ငါတို့ အေးအေးဆေးဆေး ပြောရအောင်"

သိုက်ထွေး သက်ပြင်းချ၍ စိတ်လျှော့လိုက်သည်။

♦

ခရေ အထဲတွင် ရှိနေသည် ဆိုသည့် အသိနှင့်ပင် ပင်ပန်းသည့်ကြားထဲက သိုက်ထွေး တော်တော်နှင့် အိပ်မပျော်။ ပျော်တော့လည်း ဆူးကြားထဲမှာ တင်ကျန်နေရစ်သည့် ပန်းကလေးတစ်ပွင့်ကို အိပ်မက် မက်လေသည်။

❒

## - ၁၀ -

ခပ်လှမ်းလှမ်းက စကားသံသဲ့သဲ့ကြောင့် သိုက်ထွေး ဖျတ်ခနဲ နိုးလာသည်။

ထွက်ခါစ နေရောင်ဖြူလွလွ မှိန်ပျပျကလေးက အိမ်ရှေ့ သံဆန်ခါပေါက်ကို ဖောက်ထွင်း၍ သိုက်ထွေး အိပ်နေရာ ဧည့်ခန်းထဲ ရောက်စပြုနေပြီ။

လက်ထဲမှာ ပတ်ထားသော 'အိုဂျီဘယ်လ်' အော်တိုမက်တစ် နာရီကို ထောင်ကြည့်လိုက်တော့ ၇ နာရီခွဲ။ ဟာ··· ဒါ မဖြစ်နိုင်ဘူး ထင်တယ်။ ၇ နာရီခွဲဆိုရင် နေရောင်က ထိန်နေရောပေါ့။ ညကတည်းက ရပ်နေတာလား မသိ။

ရုတ်တရက် ပြန်သတိရသွားသည်။

ဟုတ်ပါရဲ့။ သူ့နာရီက စင်ကာပူ စံတော်ချိန်ပဲ ရှိနေသေးသည်။

သိုက်ထွေး… သိုက်ထွေး… မင်း ဖြစ်နေပုံတွေသာ မစ္စတာဒန်းစ် မြင်ရင် မင်းကို ဒါရိုက်တာအဖွဲ့က ထွက်ခိုင်းတော့မှာ။

နေရာမှ လူးလဲထ၍ အိမ်ရှေ့ ခြံဝင်း အသံလာရာဆီသို့ လှမ်းကြည့် လိုက်တော့ ပန်းသည်ဆီက သစ္စာပန်းများ ဝယ်ရင်း စကားပြောနေသော ခရေ့ကို တွေ့ရသည်။ ပန်းသည် ထွက်ခွာသွားတော့ အိမ်ဘက် ပြန်လှည့် လာသော ခရေနှင့် အိမ်ပေါ်မှ ဆင်းလာသော သိုက်ထွေး ဆုံမိသည်။

ခရေက ငြိမ်းချမ်းသော အပြုံးကလေးနှင့် ခေါင်းညိတ်ပြသည်။

"နင် မျက်နှာသစ်တော့မလား၊ ငါ ဒီမှာ သွားပွတ်တံအသစ် ထုတ်ထားတယ်၊ သွားတိုက်ဆေးလည်း အဆင်သင့်ပဲ၊ လာ… ငါ ရေလောင်းပေးမယ်"

အိမ်ရှေ့ ရေကန်ကလေးဆီသို့ ခေါ်သွားသည်။ သိုက်ထွေးက သွားပွတ်တံကို သွားတိုက်ဆေး ထည့်အပြီး ခရေက လက်ထဲက ပန်းများ ကို အနီးရှိ စဥ့်အိုးအဖုံးတစ်ခုပေါ် ခဏတင်၍ သိုက်ထွေး လက်ထဲက သွားပွတ်တံကို ရေလောင်းပေးသည်။ ပြီးတော့ သိုက်ထွေး သွားတိုက် နေသည်ကို အနားမှ ပြုံး၍ ရပ်ကြည့်နေသည်။

သိုက်ထွေး ရင်ထဲတွင်တော့ တလှပ်လှပ် ခံစားနေရသည်။

ငါ တစ်သက်လုံး နေချင်ခဲ့တာ ဒီဘဝပါ ခရေရယ်… ငါ တစ်သက်လုံး လိုချင်ခဲ့တာလည်း ဒီလို အချိန်မျိုးလေးပါပဲ၊ ငါ ကြိုးစားပြီး ရလာခဲ့တဲ့ စည်းစိမ်ချမ်းသာတွေက ငါ့ကို ဒီလို ကြည်နူးမှုမျိုးလေး ဘယ်တုန်းကမှ မပေးခဲ့ဖူးပါဘူး။

"နင် မုတ်ဆိတ်ရိတ်ဖို့ရော ပါရဲ့လား"

ငယ်ငယ်က ပြုံးစူစူ မျက်နှာမျိုးကလေးနှင့် မေးလိုက်တော့ သိုက်ထွေး ချမ်းမြေ့စွာ ရယ်မိသည်။

"ပါပါတယ်၊ နင့်အိမ်မှာ မုတ်ဆိတ်ရိတ်ဓားတော့ အပိုမရှိလောက်ဘူး ဆိုတာလည်း ငါ သိပါတယ်"

သူငယ်ချင်းနှစ်ဦး ပြိုင်တူ ရယ်မိကြသည်။

♦

ခရေ ကျွေးသော ကောက်ညှင်းပေါင်းနှင့် ဘူးသီးကြော်ကို ပူပူကလေး အငွေ့တထောင်းထောင်းနှင့် စားရတာ အရသာရှိလှသည်။

ခရေ့ တပည့်မကလေးက ဈေးခြင်းကလေး ဆွဲပြီး ထွက်သွားတော့ သူငယ်ချင်းနှစ်ယောက်သား ဖိနပ်ချွတ်အစပ် အထစ်ကလေးတွင်ပင် ထိုင်ဖြစ်ကြသည်။

အတန်ကြာအောင် တိတ်ဆိတ်စွာ ထိုင်နေကြပြီးမှ ခရေက ထူးဆန်းစွာ ပြုံး၍ လှမ်းမေးသည်။

"နင် ပျော်တယ် မဟုတ်လား"

သိုက်ထွေး နားမလည်နိုင်။

"နင် ဘာကို မေးတာလဲ၊ ငါက ဘာလို့ ပျော်ရမှာလဲ"

ခရေက ဖွဖွရယ်သည်။

"မနေ့က နင်နဲ့ စတွေ့တုန်းက နင့်မျက်နှာတစ်ခုလုံး အကြောတွေ အကုန်တင်းနေတာပဲ၊ အခု တော်တော်လျော့သွားပြီ၊ ဒါကြောင့် မေးတာ၊ နင် အခု နည်းနည်းပျော်ပြီ မဟုတ်လားလို့"

သိုက်ထွေးက ပြုံး၍ ခေါင်းခါသည်။

"နင့်အိမ်မှာ နေရတာ နင်ကလည်း ရှိနေတယ်၊ နေလည်း ကောင်းနေတယ်၊ ပြုံးလည်း ပြုံးနေတယ်၊ ငါ နည်းနည်းပျော်တာ မဟုတ်ဘူး၊ ငါ့ရင်ထဲမှာ အရမ်းချမ်းမြေ့တယ်၊ သိလား"

ခရေက ပြုံးစစနှင့် မျက်စောင်းထိုးသည်။

"လာပြန်ပြီ ဒီစကား"

"ဒီစကားက ငါ တစ်ခါမှ မရုပ်သိမ်းခဲ့ဖူးတဲ့ စကား၊ ပြီးတော့ ဘာသံသယရှိစရာ ရှိလို့လဲ ခရေရယ်"

ခရေက တိုးတိုးရယ်သည်။

"ငါလည်း တစ်ခါမှ သံသယမရှိခဲ့ဖူးပါဘူးဟာ၊ ဒါပေမဲ့ နင် အခုပြောနေတာက နင့်ထက် အများကြီး စောပြီး လူ့ဘဝကို စွန့်ခွာသွားတော့မယ့် လူတစ်ယောက်ကို ပြောနေတာဆိုတော့ ဆီလျော်ရဲ့လားလည်း တွေးကြည့်ဦး"

ရင်ထဲတွင် နင့်ခနဲ ခံစားလိုက်ရသည်။ ဘာစကား ပြန်ပြောရမည်မှန်း မသိလောက်အောင် ကြက်သေ သေလျက်က ခရေ့ မျက်နှာကလေးကို ငေးကြည့်နေမိသည်။

ခရေကတော့ အပြုံးမပျက် ဆက်ပြောသည်။

"ဒါပေမဲ့ ငါ နင့်ကိုတော့ တကယ် ကျေးဇူးတင်ပါတယ်၊ လောကမှာ ငါ့ထက် အသက်နှစ်ပြန်လောက် ရှည်သွားတဲ့ မိန်းမတွေ အများကြီး ရှိခဲ့ဖူးပေမယ့် ယောကျ်ားတစ်ယောက်က ဒီလို တန်ဖိုးထားပြီး ချစ်တာကို ခံသွားရဖူးတဲ့ မိန်းမတော့ တော်တော်ရှားမယ် ထင်တယ်၊ အဲဒါကို ဂုဏ်ယူစရာလို့ တွေးပြီး ကိုယ့်ကိုယ်ကိုယ် ကျေနပ်ရမယ်

ဆိုရင်တော့ ငါ့ရဲ့ ဒီတိုစိစိ သက်တမ်းကလေးဟာ နင့်ကြောင့် တော်တော် တန်ဖိုးတက်လာတယ် ဆိုရမှာပဲ”

သိုက်ထွေး စကားပြောဖို့ အားရှိလာသည်။

“ဒါဆိုလည်း နင့်အတွက် နင် မဟုတ်ရင်တောင်မှ ငါ့အတွက် တော့ နင် ငါ့အစီအစဉ်ကို လက်ခံဖို့ ကောင်းတာပေါ့”

ခရေက ပြုံးပြုံးကလေး ခေါင်းခါသည်။

“အသက်အတွက် တစ်ချိန်လုံး ပူပင်ရုန်းကန်နေရတဲ့ ဘဝမျိုးနဲ့ ငါ ကျန်သေးတဲ့ဘဝကို အချိန်မဖြုန်းချင်ဘူးဟာ၊ အချိန်တန်ရင် သွေးသန့် စက်ကလေး သွားတပ်လိုက်၊ တရားပြန်နှလုံးသွင်းလိုက် နေချင်တယ်၊ ငါလေ… နင့်သူငယ်ချင်း ဖြစ်ခဲ့ရတာကိုလည်း ကျေနပ်တယ်၊ နင် ချစ်တာခံခဲ့ရတာကိုလည်း ကျေနပ်တယ်၊ နင့်ဆီက ကျောက်ကပ်တစ်ဖက် ယူထားတဲ့သူဘဝနဲ့တော့ အဲဒီလမ်းကို ငါ မသွားချင်ဘူး၊ ငါ့အသက် အတွက်ရော… နင့်ကျန်းမာရေးအတွက်ရော ပူပင်ပူလောင်နေရရင် ဒီ ခရီးမှာ ငါ ဘာမှ နှလုံးသွင်းနိုင်မှာ မဟုတ်ဘူး”

သိုက်ထွေး ဘာပြန်ပြောရမှန်း မသိတော့။

ရွာလမ်းကျဉ်းကလေးအတိုင်း သူငယ်ချင်း နှစ်ယောက်သား ဖြည်းဖြည်း လျှောက်လာကြရင်းက လမ်းဘေး မြက်ခင်းမှာ အလေ့ကျ ပေါက်နေကြသော ထိကရုံးပင်ကလေးများကို ငေးကြည့်ရင်း ခရေက တိုးတိုးရယ်သည်။

“ဘာလဲ ခရေ”

ခရေက ထိကရုံးပင်ကလေးများကို လက်ညှိုးထိုးပြသည်။

“နင် ငယ်ငယ်က ထိကရုံးပင် မြင်ရင် မနေနိုင်ဘူး၊ သွားသွား တို့တယ်၊ အခု ထိကရုံးပင် ဆိုတာတောင် မမှတ်မိတော့ဘူး မဟုတ်လား၊ အင်းလေ··· အင်္ဂလန်မှာ ထိကရုံးပင်တော့လည်း ဘယ်ရှိမလဲ”

သိုက်ထွေးက မပြုံးချင် ပြုံးချင် ပြုံးသည်။

“နင့်ကို ဘယ်လို နားချရမလဲ စဉ်းစားလို့ မရတာနဲ့တင် ငါ့ရင် ထဲမှာ ဗလောင်ဆူနေတယ်၊ ထိကရုံးကို ဘယ်စိတ်ဝင်စားနိုင်မလဲဟ”

ခရေက အပြုံးမပျက်ပါ။

“နင် အခုပြန်လာရင် အဲဒီ ဗလောင်ဆူနေတဲ့ကိစ္စ ပျောက်သွား ပြီး နောက်ထပ် ဗလောင်ဆူစရာတွေ ပါလာဦးမှာ၊ ဗလောင်ဆူတာ·· မဆူတာနဲ့ တွက်ရင် ငါကတောင် နင့်ထက် ကျန်းမာနေသေးတယ်”

“နင် ဘာကို ပြောတာလဲ”

“အခု ထောက်ပို့တပ်က တပ်ရင်းမှူးအိမ်မှာ သူ့သမီး ငါ့တပည့်မ ကလေးရဲ့ အင်တာနက်ကို သွားသုံးမှာ မဟုတ်လား၊ နင့်အလုပ်က လူ တွေနဲ့ အဆက်အသွယ် ရမယ်၊ အဲဒီကျရင် ဒီလောက် အရေးကြီးတဲ့ တာဝန် ထမ်းဆောင်နေတဲ့ သူတို့ ဒါရိုက်တာအဖွဲ့ဝင်တစ်ယောက် ဘယ်သူ့ ကိုမှ မဆက်သွယ်ဘဲနဲ့ ဘယ်သူမှ ဆက်သွယ်လို့မရတဲ့ နေရာမှာ တစ်ပတ် လောက် ပျောက်နေတာနဲ့တင် နင် တော်တော်ဖြေရှင်းနေရပြီ၊ လုပ်စရာ အလုပ်တွေလည်း တစ်ပုံကြီး ပေါ်လာမယ်၊ ဒီတော့ နင် ယူကေကို ပြန်ပြေးရမယ်၊ တကယ်တမ်းကျတော့လည်း နင် မပြန်ချင်ဘူး၊ အဲဒီတော့ နင့်ရင်ထဲမှာ ဗလောင်ဆူစရာ အသစ်ရသွားရော၊ သနားတယ် သိုက်ထွေး ရယ်··· နင့်ကို ငါ တကယ် သနားတာ”

သိုက်ထွေးက ပြုံးသည်။

"သနားရင် ငါ ကျန်နေခဲ့မယ့် ပန်းလေးတစ်ပွင့် ငါနဲ့ ပါလာလိုက်ပေါ့၊ အဲဒါ ငါ့ကို ကူညီတာပဲ"

ခရေက သက်ပြင်းကို ဖြည်းဖြည်းချ၍ ခေါင်းငုံ့ပြီး ခါသည်။

"နင် ကျန်နေခဲ့တဲ့ ပန်းကလေးတစ်ပွင့်က ငါ မဟုတ်ပါဘူး သိုက်ထွေးရာ"

"ဘာပြောတယ်... ခရေ"

ခရေက ရွှာလမ်းကလေးတစ်လျှောက်ရှိ စိမ်းစိုအေးမြသော ပတ်ဝန်းကျင်ကလေးကို လက်ငေ့ယမ်းပြသည်။

"ဟောဒါ... နင် မဆယ်နိုင်ခဲ့တဲ့ ပန်းကလေးပဲ၊ နင့်ဘဝမှာ အောင်မြင်ရမယ်လို့ နင် ရည်ရွယ်ကြိုးစားခဲ့သမျှ အရာအားလုံး နင် ရခဲ့ပြီးပြီ၊ ဒါပေမဲ့ တကယ် ပျော်လားဆိုတော့ နင် မပျော်ဘူး၊ မပျော်တာကို ပျော်အောင် ဘာလုပ်ရမှန်း မသိတော့ နင် မြန်မာပြည်က လာပြီး ရှန်းကန်နေတဲ့ လူငယ်တွေကို လိုက်ကူညီတယ်၊ အမှန်က နင် 'ဟုမ်းဆစ်' ရနေတာ၊ ကိုယ့်မြေ.. ကိုယ့်ရေကို လွမ်းနေတာ၊ ငါတို့ ငယ်ငယ်က အတူတူ မပြည့်မစုံ နေနေခဲ့ရတဲ့ ဘဝကလေးမှာ ငါတို့ ရင်ထဲမှာ နွေးနွေးထွေးထွေး လုံလုံခြုံခြုံကလေးနဲ့ ကြည်နူးနေခဲ့ရတဲ့ အရသာမျိုးကို အခုဟိုမှာ ပြည့်စုံတဲ့ဘဝမှာ နင် ရှာလို့မရခဲ့ဘူး၊ အဲဒီဘဝမျိုးကလေးမှာ နင် ပြန်နေချင်နေတာ၊ နေလို့ ဖြစ်နိုင်သလားဆိုတော့လည်း မဖြစ်နိုင်တော့ဘူး၊ မဖြစ်နိုင်မှန်း သိလေ... နင် လွမ်းလေပဲ၊ အဲဒါ နင် မဆယ်လိုက်နိုင်တဲ့ ပန်းကလေးပဲ၊ ငါတို့ ငယ်ငယ်က အတူတူ နေခဲ့ရတဲ့ ဘဝလေးမျိုးလေ... ငါ မဟုတ်ဘူး"

သိုက်ထွေး ပါးစပ်အဟောင်းသားနှင့် အတန်ကြာ စကားမပြော နိုင် ဖြစ်သွားခဲ့ပါသည်။

♦

ကွန်ပျူတာကို ပိတ်သည်။

ခရေ့ တပည့်မ ဆယ်ကျော်သက်ကလေးကို ကျေးဇူးစကား ဆိုသည်။ ပြီးတော့ ဧည့်ခန်းမှာ ထိုင်စောင့်နေသော ခရေ့ကို ခေါ်၍ တပ်ရင်းမှူးအိမ်မှ ထွက်ခဲ့သည်။ ခရေ့ တပည့်မကလေးက အိမ်က ကားနှင့် လိုက်ပို့ပေးပါရစေဟု ဆိုသေးသော်လည်း သူငယ်ချင်းနှစ်ယောက် အေးအေးဆေးဆေး စကားပြောချင်သေးသဖြင့် လမ်းပဲ လျှောက်ပြန် မည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ခရေက ထီးကို ဖွင့်တော့ သိုက်ထွေးက အလိုက်သိစွာ လှမ်းယူ ၍ နှစ်ယောက်အတူ ဆောင်းသည်။ နေက မွန်းတည့်လုပြီ။

"ဘယ်လိုလဲ… သိုက်ထွေး၊ ငါ ပြောသလို ဗလောင်ဆူနေ ပြီလား"

သိုက်ထွေးက တိုးတိုးရယ်သည်။

"ပြဿနာ သိပ်ကြီးကြီးကျယ်ကျယ် မရှိပါဘူး၊ ရှင်းလို့ရပါ တယ်၊ ပြန်တော့လည်း ပြန်ရမှာပေါ့လေ၊ ကိစ္စရှိရင် ငါ အခု ရောက်နေ တဲ့ နေရာကို ဘာနဲ့မှ ဆက်သွယ်လို့ မရဘူး ဆိုတာကို ငါ့အတွင်းရေးမှူး ဘိုမကလေးကို နားလည်အောင် ဘယ်လိုမှ ရှင်းမပြနိုင်တာသာ ခက်တာ"

သိုက်ထွေးက ရပ်၍ ခရေ့ဘက်သို့ လှည့်ကြည့်သည်။ ဆံနွယ် တို့ကို လည်ကုပ်မှာ လက်ကိုင်ပဝါနှင့် စုချည်ထားသော်လည်း ဆံစတချို့

လွတ်လျက် တောက်ပသော နေရောင်ခြည်အောက်မှာ ဝဲပျံနေကြသည်ကို သတိလက်လွတ် ငေးကြည့်နေမိသည်။

"ဘာလဲဟ"

ခရေက ရှက်ကိုးရှက်ကန်းနှင့် မေးတော့မှ သိုက်ထွေး သက်ပြင်း ချသည်။

"နင် စောစောက ပြောတာတွေ တော်တော်များများ မှန်တယ်ဟ၊ ငါ့ဘဝက အစစ တော်တော်ပြည့်စုံနေပြီ ဆိုပေမယ့် နင့်ဘဝကလေးက ပိုပျော်စရာကောင်းနေသလိုပဲ၊ ဒါက နင် စိတ်ထားတတ်လို့လည်း ဖြစ်ချင်ဖြစ်မယ်၊ ဒါပေမဲ့ ငါ လွမ်းနေတာက ဒီဘဝကလေး မဟုတ်ဘူး ခရေ··· နင်ပဲ··· နင် ဆက်ရှင်သန်ရမယ်၊ နင့်လို ဘဝကို ခံစားနိုင်ဖို့ နင် ငါ့ကို သင်ပေးစရာတွေ ကျိန်းသေပေါက် ရှိနေသေးတယ်"

ခရေက ပြုံးသည်။

"နင် ဆုံးရှုံးခဲ့ရတဲ့ ကိစ္စတွေထဲမှာ ငါက အလယ်ဗဟိုလောက်မှာ ရှိချင်တော့ ရှိနေမယ်၊ အလုံးစုံတော့ မဟုတ်ဘူးဟ၊ ပြီးတော့ နင် စိတ်မပူပါနဲ့၊ ငါ ဆက်ရှင်သန်နေဦးမှာပါ၊ ငါ ဆရာဝန် ညွှန်ကြားချက်အတိုင်း နေမယ်၊ သွေးသန့်စက်ဆီ မှန်မှန်သွားဆေးမယ်၊ ငါ့အပေါ် သိပ်ကောင်းတဲ့ သူငယ်ချင်းတစ်ယောက်ရဲ့ သူ့ဟာသူ အဆင်ပြေနေတဲ့ ဘဝကလေးကို ဘာဒုက္ခမှ မပေးဘဲ ငါ စိတ်ကြည်ကြည်လင်လင်ကလေးနဲ့ ဆက်ရှင်သန်ချင်တယ် သိုက်ထွေးရာ··· ငါ့ကို ခွင့်လွှတ်ပါ"

သိုက်ထွေး ဘာဆက်ပြောရမည် မသိတော့သဖြင့် ငြိမ်စဉ်းစားနေပြီးမှ ခြေလှမ်းတို့ကို ဆက်သည်။ ခရေကလည်း တိတ်ဆိတ်စွာ ယှဉ်တွဲ၍ လျှောက်လိုက်လာခဲ့သည်။

ခဏနေမှ သိုက်ထွေးက တိုးတိုးမေးသည်။

"ငါ ဟောင်ကောင်မှာ တွေ့ခဲ့တဲ့ နင့်တပည့် နာမည်က အောင်စိုး… တဲ့၊ နင် မှတ်မိလား"

ခရေက ခဏ စဉ်းစားနေပြီးမှ ခေါင်းညိတ်သည်။

"သူတို့ သူငယ်ချင်းတွေ စုပြီး နင့်ဖို့ သွေးသန့်စက်တစ်လုံး ဝယ်ပေးမလို့တဲ့၊ အဲဒါ ငါ ဝယ်ပေးမယ်လို့ ငါ ပြောလိုက်ပြီ၊ ဝယ်ဖို့လည်း စီစဉ်ထားခဲ့တယ်"

ခရေက ခေါင်းညိတ်သည်။

"ကောင်းတာပေါ့၊ နင် မော်လမြိုင်ဆေးရုံကို လှူလိုက်လေ၊ မော်လမြိုင်ဆေးရုံက သမားတော်ကြီးကလည်း ငါနဲ့ ခင်တယ်၊ သူ့ဆေးရုံမှာ အဲသလို စက်တစ်လုံး တပ်ချင်လို့ အလှူရှင် ရှာနေတာတဲ့၊ သူ့မှာ ရှိနေရင် ငါလည်း ရန်ကုန်မှာ နေဖို့ မလိုတော့ဘူးပေါ့"

သိုက်ထွေးက သက်ပြင်းချသည်။

"ငါတို့က နင့်အတွက် သီးခြား လုပ်ပေးချင်တာ"

ခရေက ဟက်ဟက်ပက်ပက် ရယ်သည်။

"သိုက်ထွေးရယ်… နင်က သွေးသန့်တဲ့စက်ကို ကက်ဆက်လို ငါ့အိမ်က စားပွဲပေါ် တင်ထားလို့ ရတာမျိုးများ မှတ်နေလို့လား၊ ကျွမ်းကျင်တဲ့ ဆရာဝန်၊ ဆရာမတွေနဲ့ လုပ်ရတာမျိုး၊ ပြီးတော့ ဆေးရုံမှာ ရှိတော့ တခြားလူနာတွေရဲ့ အသက်တွေကိုပါ ကယ်နိုင်တော့ နင်လည်း ကုသိုလ်ရ၊ ငါ့ကို အကြောင်းပြုပြီး လှူဖြစ်တာဆိုတော့ ငါလည်း ကုသိုလ်ရတာပေါ့"

သိုက်ထွေး လက်တစ်ဖက်သာ မြှောက်ပြလိုက်မိသည်။

“ထားပါတော့လေ၊ လောလောဆယ်ကတော့ နင် ရန်ကုန် ပြန်မှ ဖြစ်မှာပေါ့၊ ဘယ်တော့ ပြန်မှာလဲ”

“နင် ပြန်ရင် လိုက်ခဲ့မှာပေါ့ဟ”

သိုက်ထွေး လှည့်ကြည့်သည်။ ခရေ့ မျက်နှာကလေးက ပြုံးနေသော်လည်း တည်ကြည်နေသည်။

“နင် တကယ် ပြောတာလား”

“တကယ်ပေါ့ဟ၊ နင့်ကို ငါ လေဆိပ် လိုက်ပို့မှာလေ၊ ကိုယ့်အတွက် ကမ္ဘာတစ်ပတ် ပတ်ပြီး လိုက်လာရတဲ့ သူငယ်ချင်းကို ငါ လေဆိပ်တော့ လိုက်ပို့မှ ဖြစ်မှာပေါ့”

သိုက်ထွေး ဘာပြန်ပြောရမည် မသိ။

ရင်ဘတ်က လှပ်ခနဲ ခါသည်။

မျက်လုံးတစ်ဖက်မှာ မျက်ရည်စို့သည်။

♦

လရောင်ဖြာကျနေသော လှေကားထစ်မှာ သူငယ်ချင်းနှစ်ဦးသား ထိုင်၍ လကို တိတ်ဆိတ်စွာ ငေးမောကြည့်နေကြသည်။

ခရေ့ တပည့်မကလေးက ထုံးစံအတိုင်း ဧည့်ခန်းတွင် မီးပူ တိုက်နေသည်။

ခဏကြာမှ သိုက်ထွေးက တိုးတိုးမေးသည်။

“နင် စိတ်မဆိုးရင် ငါ မေးချင်တာ ရှိတယ် ခရေ”

ခရေက တိုးတိုးရယ်သည်။

"တစ်သက်လုံး နင့်ကို ငါ စိတ်ဆိုးတာ တွေ့များ တွေ့ဖူးလို့လား သိုက်ထွေးရယ်··· မေး မေး ဘာလဲ"

သိုက်ထွေး ခဏမျှ တုံ့ဆိုင်းနေပြီးမှ မေးသည်။

"နင် မျိုးဆွေကြောင့် ခံစားနေရတာတော့ မဟုတ်ပါဘူးနော်"

ခရေက ပခုံးလေး လှုပ်အောင် ရယ်သည်။

"နင် အဲသလို မေးမှပဲ မျိုးဆွေ ဆိုတာ ငါ့ရည်းစားဟောင်းမှန်း သတိရတော့တယ်၊ ကြဲကြဲဖန်ဖန်ဟာ···"

သိုက်ထွေးက အရဲကိုး၍ တစ်ဆင့်တိုး မေးမိသည်။

"ငါ ထပ်သိချင်တာ ရှိသေးတယ်"

"ငါ့ရင်ထဲမှာ နင့်ကို ချစ်တဲ့စိတ်မပေါ်ဖူးဘူးလား ဆိုတာလား"

သိုက်ထွေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

ခဏနေမှ မသိမသာ အံကြိတ်၍ "အေး" ဟု ဖြေလိုက်သည်။

ခရေက ဖြည်းညင်းစွာ ခေါင်းခါသည်။

"ငါ မသိဘူး သိုက်ထွေးရယ်၊ ငါ့ဘဝမှာ ငါ သေသေချာချာ မသိခဲ့ရတဲ့ အရာတွေ အများကြီးပဲ၊ ငါ မကြာသေးခင်ကမှ မြင်ဖူးခဲ့တဲ့ ငါ့အဖေကို ငါ ချစ်သလား၊ မချစ်သလားလည်း ငါ မသေချာခဲ့ဘူး၊ မျိုးဆွေကို ချစ်ခဲ့သလား၊ မချစ်ခဲ့သလားလည်း ငါ မသေချာခဲ့ဘူး၊ အဲသလိုပဲ··· နင့်ကို ငါ ချစ်ခဲ့သလား၊ မချစ်ခဲ့သလားလည်း ငါ မသေချာခဲ့ဘူး၊ သေချာအောင် လုပ်ဖို့လည်း ငါ့ဘဝမှာ ဘယ်တုန်းကမှ အချိန်မရခဲ့ဖူးဘူးဟာ"

သိုက်ထွေး အာစေးမိနေပါတော့၏။

❐

# နိဂုံး

သိုက်ထွေး… သီဟနှင့် ဆွေဆွေဦး မျက်နှာကို တစ်လှည့်စီ စိုက်ကြည့်သည်။ ပြီးတော့ ခပ်လှမ်းလှမ်းက ခုံတန်းကလေးမှာ ထိုင်နေသော ခရေ့ကို လှမ်း၍ တစ်ချက် ငေးကြည့်သည်။ ပြီးတော့ သီဟနှင့် ဆွေဆွေဦးကို ပြန်လှည့်ကြည့်၍ တိုးတိုးပြောသည်။

"ငါ စိတ်ချမယ်နော်… သူငယ်ချင်းတို့"

ဆွေဆွေဦးက ခေါင်းညိတ်ပြသည်။

"အေးပါဟာ… ခရေ တစ်ခုခု ဖြစ်ရင်လည်း နင် ချက်ချင်း သိချင်တယ်၊ ချက်ချင်း လိုက်လာမယ်၊ ခရေ စိတ်ပြောင်းလို့ ခွဲစိတ်မှု ခံမယ်ဆိုရင်လည်း နင် ချက်ချင်း လာခေါ်မယ်၊ ဒါပဲ မဟုတ်လား… နင် မှာတာ ဘယ်နှခေါက် ရှိနေပြီလဲ"

သိုက်ထွေးက ရှက်ရယ် ရယ်သည်။ သီဟက ဝင်ပြောသည်။

"စိတ်ချ ဟော့ကောင်၊ မင်း သွေးသန့်စက် ရောက်လာလို့ ခရေ မော်လမြိုင်မှာပဲ နေနေရင်လည်း ငါနဲ့ ဆွေဆွေဦး တစ်လှည့်စီ မှန်မှန်လိုက်ကြည့်ကြမယ်၊ မင်းဆီလည်း အီးမေးလ် မှန်မှန်ပို့မယ်၊ ဟုတ်လား… ဖုန်းကတော့ မင်းပဲ ဆက်၊ ငါတို့က မချမ်းသာဘူး"

သိုက်ထွေး ရယ်၍-

"အေးပါကွာ" ဟု ပြောသည်။

သီဟက လက်ပတ်နာရီကို ငုံ့ကြည့်သည်။

"ကဲ… ငါ့ကောင်၊ အချိန် သိပ်မရဘူး၊ ငါလည်း ခရေ့ကို ဇရိယာ 'အေ'ထဲအထိပဲ ခေါ်ပေးလို့ရတယ်၊ လူဝင်မှု ကျော်ပြီး သွင်းပေးလို့ မရဘူး၊ မင်းတို့နှစ်ယောက် အေးအေးဆေးဆေး သွားနှုတ်ဆက်ကြ၊ တို့နှစ်ယောက် ဒီက စောင့်နေမယ်"

သိုက်ထွေး နာရီကို ငုံ့ကြည့်၍ သီဟ ပခုံးကို ပုတ်၊ ဆွေဆွေဦးကို ခေါင်းဆတ်ပြ၍ နှုတ်ဆက်ပြီး ခရေ ထိုင်နေရာသို့ အပြေးတစ်ပိုင်း လျှောက်ခဲ့သည်။

ခရေက မော့ကြည့်၍ ပြုံးပြပြီး သူ့ဘေးက နေရာလွတ်ကို မေးငေါ့ပြသည်။ သိုက်ထွေးက ဝင်ထိုင်သည်။ နာရီကို ထပ်ငုံ့ကြည့်သည်။

"ခရေ… စာတော့ တစ်ခါတလေ ရေးဟာ၊ ငါ အကျိုးအကြောင်း အမြဲသိချင်တယ်"

ခရေက ပြုံး၍ ခေါင်းညိတ်ပြသည်။ သိုက်ထွေးက တိုးတိုး ဆက်ပြောသည်။

"ငါလည်း ရေးမယ်၊ ငါ ယူဆကြေမှာ ရှိနေတုန်း နင်နဲ့ ကမ္ဘာကြီး ဟိုဘက်တစ်ခြမ်းမှာ ရှိနေပေမယ့် လောကကြီးမှာ နင့်ထက် ပိုအရေးကြီးတာ ဘာမှ မရှိဘူးလို့ ခံယူထားတဲ့ လူတစ်ယောက် ကမ္ဘာကြီး တစ်နေရာ

မှာ ရှိနေတယ်ဆိုတဲ့ အသိနဲ့ နင် နေကောင်းအောင် ကြိုးစားနေပေးမယ်လို့ ငါ့ကို ကတိပေးပါလားဟာ''

ခရေက တိုးတိုးရယ်သည်။

ပိတောက်ခြောက်ရောင် ရင်ဖုံးလက်စက အင်္ကျီကလေး၊ အညိုရင့်ရောင် ပိတ်လုံချည်ကလေးတို့မှသည် ကတ္တီပါဖိနပ်ကလေးအထိ မြန်မာဆန်ဆန် ယဉ်ကျေးသိမ်မွေ့စွာ ဝတ်စားထားလျက်က အသက်သုံးဆယ်ကျော်အရွယ်တွင်ပင် နုနယ် ကျက်သရေရှိလွန်းလှသူ အချစ်ရဆုံးမိန်းကလေး၏ အပြုံးကို ငေးကြည့်နေရင်းက သိုက်ထွေး ရင်ထဲတွင် ဆွေးဆွေးမြည့်မြည့် ခံစားနေရသည်။

''ပေးပါတယ်ဟာ၊ ကဲ··· နင့်ကိုလည်း မှာလိုက်မယ်၊ ရေခြားမြေခြားမှာ နင် ဘယ်လောက်ပဲ တစ်ယောက်တည်း ဖြစ်နေနေ၊ ဟိုးအဝေးကြီးက မြန်မာပြည်ဆိုတဲ့ အရပ်မှာ နင့် မိရင်း ဖရင်းတွေလည်း ရှိတယ်၊ သူငယ်ချင်းတွေလည်း ရှိတယ်၊ နင် ချစ်တဲ့ ပတ်ဝန်းကျင်ကလေးလည်း ရှိတယ်၊ နင့်ချစ်သူ မဖြစ်ခဲ့ပေမယ့် နင့်ရဲ့ ဆွေမျိုးရင်းချာလို့ သတ်မှတ်လို့ရတဲ့ ငါလည်း ရှိနေတယ်၊ ကိုယ့်ကိုယ်ကိုယ် တစ်ယောက်တည်းလို့ ဘယ်တော့မှ မထင်လေနဲ့၊ နင် ဘယ်အချိန် ပြန်လာ ပြန်လာ တို့တစ်တွေအားလုံး ဒီမှာ ရှိနေမှာလို့ ယုံကြည်ထား''

နေမကောင်းလျက်က ကိုယ့်ကို ပြန်အားပေးနေသည့် ချစ်ရလွန်းသူကလေး၏ မျက်နှာကို ငေးကြည့်နေရင်းက သိုက်ထွေး မျက်ရည်လည်မိသည်။

သီဟက ခြေလှမ်းကျဲကြီးများနှင့် သူတို့နား ရောက်လာသည်။

''ကဲ··· သိုက်ထွေး··· ခေါ်နေပြီ၊ ဝင်တော့လေ''

http://mmteashop.com
May 24, 2013



အေးပါကွာ… ဟု အသံမထွက်ဘဲ တိုးတိုးဖြေမိသည်။ ကျောပိုးအိတ်ကို လွယ်သည်။ နေရာမှထ၍ လူဝင်မှုကြီးကြပ်ရေးကောင်တာသို့ ခြေလှမ်း စသည်။

သမင်လည်ပြန် လှည့်ကြည့်တော့ ခရေခက်က သွယ်နွဲ့သော လက်ကလေးတစ်ချောင်း မြှောက်၍ နှုတ်ဆက်နေသည်။ သီဟနှင့် ဆွေဆွေဦးတို့လည်း သူ့ဘေးမှာ ရပ်၍ လက်ဝှေ့ယမ်းပြနေသည်။ သိုက်ထွေး လက်ပြန်ပြသည်။

အံကို မသိမသာ ကြိတ်၍ အတွင်းဘက်သို့ လျှောက်ဝင်လာခဲ့သည်။

လေယာဉ်ပေါ် တက်မည့် လမ်းကြောင်းဝရှိ ခုံကလေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်သည်။

ရက်အတန်ကြာ အအိပ်ပျက်၊ အစားပျက် တရကြမ်း ခရီးဆက်ခဲ့မှုများကို ခန္ဓာကိုယ်က သိစပြုနေပြီ ဆိုတာကို သတိထားမိသည်။

လေယာဉ်ပေါ်ကျလျှင်တော့ အိပ်ပျော်ဦးမည် ထင်သည်။

အိပ်ပျော်ပြီးလျှင် မက်နေကျ အိပ်မက်က မက်ဦးမည်။

စမ်းချောင်းကလေးထဲက သူ မဆယ်လိုက်နိုင်ခဲ့သည့် ပန်းလှလှကလေး တစ်ပွင့်ကိုပေါ့… ။

□

ပြီးပါပြီ။

ဆန္ဒမွန်ဖြင့်
လက်ာရည်ကျော်
၁-၄-၂၀၁၂
ည ၁၂ နာရီ၊ ရန်ကုန်မြို့။

Scan & Pdf - ရေဘဝဲ

